

www.burmeseclassic.com
BURMESE CLASSIC
သိုက်ဖွား
အင်းရဲကြီးရှာသူ
ချောက်ချောက်ချားချား ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

သိုက်ဖွား

**ထွက်ရှိပြီး** ချောက်ချောက်ချားချားလုံးချင်းဝတ္ထုသစ်

၁။ ထိုသချိုင်းအစိမ်းစွာန်ရှင်
၂။ အခေါင်မှာခြောက်တဲ့ သရဲကြီး
၃။ တစ္ဆေပိုင် နံပါတ် ၁၃
၄။ သရဲလိုက်ဂူ
၅။ သေရွာပြန်တမလွန်ခရီး
၆။ ဒုတိယမြောက် သေရွာပြန်တမလွန်ခရီး
၇။ တစ္ဆေ ရှိ၊ မရှိ
၈။ မောရမြိုင်မှ ကြမ္မာရိုင်း
၉။ တစ္ဆေညည်းသံ
၁၀။ မကောင်းဆိုးဝါး
၁၁။ တစ္ဆေညည်းသံနှင့် မကောင်းဆိုးဝါးသုံးကောင်
၁၂။ မြေအောက်ဂူနန်း
၁၃။ ခေါင်းမြီးခြုံတစ္ဆေ
၁၄။ အင်းရဲကြီးရွာသူ

# သိုက်ဖွား

---

## အင်းရဲကြီးရွာသူ

www.burmeseclassic.com

## မာတိကာ


အခန်း(၁) အင်းရဲကြီးအင်းမှ အင်းသူကြီး

အခန်း(၂) စားဖားနဲ့ အသက်ကို လောင်းကြေးထပ်သူ

အခန်း(၃) ကျိန်စာဆိုးများကို ယူဆောင်လာသူ

အခန်း(၄) ပွဲခင်းထဲက မဒိုစာ

အခန်း(၅) တဲလျှပ်ကိုရေထင် ရွှေသမင်အလိုက်များ

အခန်း(၆) ကြမ္မာရှင်း မှန်တိုင်းဝင်ခဲ့ပြီ

အခန်း(၇) ပဒိုင်းပင်ကြားက မည်းမည်းကောင်ကြီး

အခန်း(၈) ကြမ္မာဆိုးနဲ့တိုးခဲ့သူနှစ်ဦး

အခန်း(၉) ဒရိုင်ဘာတစ်ယောက်ရဲ့ အိပ်မက်

အခန်း(၁၀) ဒုတိယအကြိမ်မြောက် မရဏခရီးသည်

အခန်း(၁၁) တတိယအကြိမ်မြောက် မရဏခရီးသည်

အခန်း(၁၂) သေရွာကပြန်ခဲ့တယ်

အခန်း(၁၃) ငါးခိုးစားတဲ့ အကောင်မည်းကြီး

အခန်း(၁၄) ပယောဂ္ဂကို အမြေဖြည့်ကြသူများ


ကျွန်တော့်နာမည် ကိုသက်နိုင်။

အင်းရဲကြီးဆိုတဲ့ရွာကို မူလတန်းကျောင်းအုပ်အဖြစ်နဲ့ ပြောင်းလာခဲ့သူပါ။ အဲဒီရွာကလေးဟာ…

အရင်တုန်းက အေးအေးချမ်းချမ်း သာသာယာယာရှိတဲ့ နယ်မြေပါ။

ကျွန်တော်ရောက်လာပြီး နောက်ပိုင်းမှာ…

ကြောက်ရွံ့စိုးထိတ်ဖွယ် ဖြစ်ရပ်များနှင့် ဆက်တိုက်ဆိုသလို ကြုံတွေ့လာခဲ့တယ်။

ဒါဟာ တိုက်ဆိုင်မှုလေလား အဖြစ်ဆိုးနဲ့ တိုးခဲ့တာလား။

အဲဒီဖြစ်ရပ်တွေထဲမှာ…

* ကျိန်စာအမျိုးမျိုးနဲ့ ကျိန်စာတိုက်နေတဲ့ ဒေါ်အိုစာ
* ပဒိုင်းပင်တွေကြားက မည်းမည်းကောင်ကြီး
* ကြမ္မာဆိုးနဲ့ တိုးခဲ့ရတဲ့ ဆိုင်ကယ်သမားနှစ်ဦး

www.burmeseclassic.com



* ဒုတိယနဲ့ တတိယအကြိမ်မြောက် မရဏာခရီးသည်များ

* သေရွာက မောကြီးပန်းကြီးနဲ့ ပြန်လာခဲ့သူတစ်ယောက်

စသဖြင့် ချောက်ချားဖွယ်ဖြစ်ရပ်များနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် စိတ်ခံစားမှုပေါင်းများစွာနဲ့ ဦးနှောက်စားခဲ့ရပါတယ်။ ဒီဖြစ်ရပ်ဟာ ထူးခြားဆန်းကြယ်လွန်းတဲ့အတွက် မှတ်တမ်းမတင်ရင် မနေနိုင်လောက်အောင်ဖြစ်ခဲ့ရတဲ့ ကျွန်တော့်ဘဝရဲ့ ဖြတ်သန်းရာ မှတ်တိုင်တစ်ခုပါပဲ။

အဲဒီအဖြစ်အပျက်တွေရဲ့ ဆန်းပြားမှုကို သေချာစွာသိလွန်းလို့ ပဟေဠိမှာ အဖြေညှိလိုက်တဲ့အခါမှာတော့…

## အခန်း (၁)
## အင်းရဲကြီးအင်းမှ အင်းသူကြီး

အင်းရဲကြီးရွာ။

ဒီရွာကြီးရဲ့ ပတ်ပတ်လည်မှာ အင်းတွေ တမျှော်တခေါ်ရှိတယ်။ အင်းရဲဆိုတဲ့အမည်ပေးထားတာကတော့ ဟိုးအရင်ပဝေသဏီက ရှေးလူကြီးတွေပေးခဲ့တဲ့ နာမည်ပါ။ အင်းတွေထဲမှာ တချို့အင်းက ငယ်တယ်။ တချို့အင်းတွေကတော့ အလယ်အလတ်လောက်ပါပဲ။ အဲဒီထဲမှာမှ အင်းကလည်း အကျယ်ဆုံး၊ အကြီးဆုံး၊ ငါးရတာလည်း အများဆုံးဆိုတဲ့ အင်းကို အင်းရဲကြီးလို့ ခေါ်ကြတယ်။

ဖိုးမောင်တို့ရွာက အဲဒီအင်းရဲကြီးရဲ့ နံဘေးမှာ တည်ရှိတာကြောင့် အင်းရဲကြီးရွာလို့ အမည်ပေးခဲ့ကြတယ်။ အင်းရဲကြီး

www.burmeseclassic.com



အင်းဆိုတဲ့အတိုင်း ငါးတွေလွှတ်ပေါ်တဲ့ အင်းကြီးပေါ့။ အဲဒီနားမှာ နေတဲ့ ရွာသူရွာသားတွေက မနက်စောစော ရောင်နီလင်းတယ် ဆိုတာနဲ့ အင်းသူကြီး ဦးရိုးကွန့်ဆီကို ရောက်နှင့်နေပြီ။

'အင်းသူကြီး... ကျုပ် ငါးအချိန်တစ်ဆယ်ယူမယ်'

'ကျုပ်ကို ငါးအချိန်နှစ်ဆယ်ပေးပါတော်'

'ကျုပ်ကို ငါးအချိန်အစိတ်ပေးပါ'

ဒီလိုအသံတွေ ဆူညံနေတယ်။ အင်းသူကြီးအဖွဲ့က ည ကတည်းက ဖမ်းထားတဲ့ငါးတွေကို လင်းအရုဏ်ကျင်းပြီဆိုတာ နဲ့ ဒီလို ဆူဆူညံညံတွေကြားမှာ မအားရအောင် ရောင်းခဲ့ကြတယ်။

'ဟဲ့... ဖိုက်မိရဲ့၊ နင့်အသံကလည်း စွာနေတာပဲ၊ ပေးမှာ ပေါ့၊ ကိုရင်သာမောင်ကို အရင်ရောက်တာဆိုတော့ သူ့ကို အရင် ပေးလိုက်ဦးမယ်'

'ရပါတယ်တော်... ကျုပ်က စောင့်ရတဲ့သူမို့ စောင့်ဆိုင်း အဖြစ်နဲ့ ငါးတွေပိုပိုသာသာ ထည့်ပေးပေါ့တော်ရေ'

'အေးပါဟာ... ငါတို့က အမြဲတမ်း ပိုပြီးသားပါပဲ'

ဒီလိုနဲ့ အင်းရဲကြီးရွာက ရွာသူရွာသားတွေဟာ အင်း သူကြီးဆီက ငါးတွေကိုယူပြီး ရွာနီးချုပ်စပ်ကို ငါးလှည့်လည်





ရောင်းချရင်း ဝမ်းစာရေးကို ဖြည့်ဆည်းခဲ့ကြတယ်။ အင်းသူကြီး ဦးရိုးကွန့်ဟာ ဒီအင်းမှာ အင်းသူကြီးအဖြစ် လုပ်ကိုင်ခဲ့တာ အနှစ် နှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိပြီ။

အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်အရွယ်ပေါ့။ တစ်သက်လုံး အင်းသူကြီးလုပ်လာတာ ဘာပြဿနာမှမရှိခဲ့ဘူး။ ဒါပေမဲ့ တစ်လောက ကစော်သမားမြမောင်နဲ့ ကတောက်ကဆ ဖြစ်ရာကအစ ပြဿနာပေါ်လာခဲ့တယ်။

ဖြစ်ပုံက ဒီလိုပါ။

အရုဏ်ကျင်းလို့ ဈေးဝယ်သူတွေနဲ့ ရှုပ်ထွေးနေတုန်း ကစော်သမားမြမောင်က အင်းရဲကြီးဆီကို ရောက်လာပြီး သူကြီး ဆီက ငါးဝယ်တယ်။

အင်းငါးရံ့ကြီးတွေဆိုတော့ အကြီးကြီးပေါ့။ တစ်ကောင် ကို အနည်းဆုံး တစ်ပိဿာကျော်ကျော်လောက် ရှိတယ်။ ငါးရံ့ သုံးကောင်ကို ချိန်ခိုင်းလိုက်တော့ လေးပိဿာရှိတယ်။

'တစ်ပိဿာကို တစ်ထောင်၊ လေးပိဿာဆိုတော့ လေး ထောင်ပေါ့'

'ဟာ... ကျုပ်မှာ ငွေနှစ်ထောင်ပဲ ပါတယ်၊ ကျန်တဲ့ငွေ နှစ်ထောင်ကို နောက်နေ့မှယူ'

www.burmeseclassic.com



'ဟော့ကောင် မြမောင်၊ ဟိုတစ်ခါယူသွားတဲ့ ကြွေး တစ်ထောင်ရှိသေးတယ်၊ မင်းက ကြွေးယူပြီးရင် ပေါ်မလာတော့ ဘူး'

'သူကြီးရာ··· ကျုပ်ကို ဒီလိုမပြောပါနဲ့၊ ငွေမလည် သေးလို့ လာမပေးတာပါ၊ မနက်ဖြန်မှာ ကျန်တဲ့ တစ်ထောင်နဲ့ ပေါင်းပြီး ငွေသုံးထောင် လာပေးမယ်ဗျာ'

'ဟော့ကောင်··· မြမောင်၊ မနက်စောစော ဈေးဦးတောင် မပေါက်သေးဘူး၊ ကြွေးတော့ လာမပေးနိုင်ဘူးကွာ၊ မင်းလိုချင် ရင် ငါးနှစ်ကောင်ယူသွား၊ နှစ်ထောင်ပေးခဲ့'

'သူကြီးရာ··· ဒီငါးသုံးကောင်ကို ပေးလိုက်ပါဗျာ၊ စောစောက ငွမ်းပုံတို့အုပ်စု ဝယ်သွားပြီးပါပြီ၊ ခင်ဗျား ဈေးဦး ပေါက်ပြီးပါပြီဗျာ၊ ဒီတော့ ပေးလိုက်ပါဗျာ'

'ဟော့ကောင်··· မရဘူး၊ မင်းကြိုက်ရင်လည်း ယူ၊ မကြိုက်ရင်လည်း ထားခဲ့'

ထိုသို့ပြောနေစဉ် ငါးဝယ်မည့် အေးဘုံတို့တစ်သိုက် ရောက်လာပြီး···

'သူကြီး··· ကျုပ်တို့ အချိန်တစ်ဆယ်ပေးပါ'





'ကျုပ်လည်း အချိန်တစ်ဆယ်ပေးပါ၊ ဟိုဘက်ရွာက အလှူအတွက် လာဝယ်တာ'

အေးဘုံက သူကြီးကို ပြောလိုက်တော့···

သူကြီးက သူ့ရဲ့အလုပ်သမား ညိုမောင်ကို···

'ညိုမောင် အေးဘုံကို ပိုပိုသာသာထည့်ပေးလိုက်'

'သူကြီးကို ကျေးဇူးတင်ပါတယ်နော်၊ နောက် အလှူ တွေရှိရင်လည်း လာဝယ်ဦးမှာပေါ့'

'ရပါတယ် အေးဘုံရယ်၊ နင့်မိဘတွေက ငါ့ရဲ့မိတ်ဆွေ တွေပဲ၊ နောက်ပြီး အလှူဆိုတော့ ပိုပြီးထည့်ပေးရတာပေါ့'

သူကြီးနဲ့ အေးဘုံတို့အုပ်စုက ရယ်ရယ်ပြုံးပြုံးနဲ့ စကား ပြောပြီး ငါးတွေကို ကျုံးထည့်နေကြတယ်။ မြမောင်ကကြည့်ပြီး မနာလိုစိတ် အပြည့်အဝနဲ့···

'သူကြီးက အသက်သာကြီးတာ၊ ကောင်မလေးတွေနဲ့ ဆိုရင် နွားပြာကြီး အောက်သွားမရှိ သွားဖြဲနေလိုက်တာ'

ဒီလိုအတွေးနဲ့ သူကြီးကို လှမ်းအကြည့်···

သူကြီးက···

'ဟော့ကောင် မြမောင်၊ မင်း မသွားသေးဘူးလား၊ ဟိုမှာ ငါးနှစ်ကောင်ယူသွား၊ ငွေနှစ်ထောင်ပေးခဲ့'

www.burmeseclassic.com



'ဟုတ်... ဟုတ်ကဲ့'

မြမောင်က မကျေနပ်ဘဲ နှစ်ထောင်ပေးကာ ငါးနှစ်ကောင်ဆွဲပြီး ထိုနေရာက ထွက်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံးမှာတော့ မကျေနပ်ချက်ပေါင်းများစွာနဲ့...

သူကြီးက နှာဘူးပဲ။ ဟိုကောင်မတွေနဲ့ကျတော့ ငါးတွေပိုသာထည့်ပြီး ပါးစပ်ကလည်း ပြုံးနေလိုက်တာ။ ငါးစင်ရှိန်းကျနေတာပဲ။ သူ့နှာမည်က ဦးရိုးကွန့်တဲ့။ ဘယ်မှာရိုးလို့လဲ။ ကွန့်တာတော့ ပြောမပြောလိုက်ချင်ဘူး။ ယောကျ်ားတွေနဲ့ဆိုရင် 'ကွန့်ချက်' က ပိုဆိုးသေးတယ်။ ဟင်း... ငါ့အပေါ် မကောင်းတဲ့သူကြီး။ ငါ့အကြောင်း ကောင်းကောင်းကြီးသိစေရမယ်။ ခင်ဗျားကြီး ချာချာလည်သွားအောင် မွှေပြလိုက်မယ်။ ဟင်း... ဟင်း...

တဟင်းဟင်းနှင့် ဒေါသဇောများကို တားမနိုင်ဆီးမနိုင်အောင် ပေါက်ကွဲကာ ချက်ကြီး၏ ကစော်တဲသို့ ရောက်ခဲ့တယ်။

'ဗုန်း...'

'အမလေးဗျ...'

'ဟော့ကောင်ရာ... လန့်လိုက်တာ'

မြမောင်က ဒေါသဖြစ်ဖြစ်နှင့် ငါးရှံ့နှစ်ကောင်ကို ချက်





ကြီး၏တဲအတွင်းရှိ ဝါးကြမ်းခင်းပေါ်သို့ အရှိန်ဖြင့်ပစ်ချလိုက်ရာ ကစော်ချက်ကြီးပင် လန့်ဖျပ်သွားခဲ့တယ်။

'မင်းကတော့ ကစော်နဲ့ငြိမ့်နေ၊ ငါ့ကို သူကြီးကပြောလိုက်တာ နှစ်ပြားတောင်မတန်ဘူး'

'ပိုက်ဆံပေးပြီး ဝယ်ခိုင်းလိုက်တာပဲ၊ ဘယ်လိုဖြစ်လာတာတုန်း'

'မပြောချင်ပါဘူးကွာ၊ သူကြီးက နှာဘူးကွ'

'ဟေ... ဟုတ်လား၊ သူကြီးက ဘယ်ကောင်မလေးနဲ့ နှာဘူးကိစ္စ ဖြစ်နေတာလဲ၊ ငါသိပ်သိချင်တယ်ကွာ'

'ဟာ... ဘာတွေလျှောက်ပြောနေတာလဲ၊ သူကြီးက နှာဘူးဆိုတာက ဟိုကောင်မ အေးဘုံတို့အုပ်စုကိုကျတော့ သွားကြီးကိုဖြဲပြီး ငါးတွေကျုံးကျုံးဖြီးထည့်လိုက်တာကွာ၊ ငါကျတော့ နှစ်ထောင်ပဲ ပါတယ်ဆိုတော့ ငါးနှစ်ကောင်ပဲယူသွားတဲ့၊ ယူချင်ယူ၊ မယူချင်နေတဲ့'

'တောက်... ဒီနှာဘူးကြီးက ကျောတာပေါ့ကွ၊ ငါတို့လည်း သူ့ဆီက ပိုက်ဆံပေးဝယ်တာပဲ၊ အေးဘုံတို့လည်း ပိုက်ဆံပေးဝယ်တာပဲ၊ ဈေးဝယ်သူချင်းအတူတူ ငါတို့ကို ဒီလိုနှိမ်ပြီး ဆက်ဆံဖို့တော့ မကောင်းပါဘူး'

www.burmeseclassic.com



'ဒါပေါ့ကွ… ငါက သူ့အကြောင်းမပြောချင်လို့နေတာ'

'ဟေ… သူကြီးက ဘာဖြစ်လို့လဲ'

'သူကြီးရဲ့ရုပ်ကို ကြည့်ပါလား၊ အရင်ကရုပ်နဲ့ တူသေးလား'

'ဘယ်လိုဖြစ်နေလို့လဲ'

'တဖြည်းဖြည်း ရုပ်ပျက်ပြီး သရဲတစ္ဆေရုပ်ပေါက်နေပြီကွ'

'မင်းဟာက မဟုတ်သေးပါဘူးနဲ့ တူတယ်ကွာ'

'မင်း မသိပါဘူးကွာ၊ တို့ရွာက အင်းရဲကြီးရွာဆိုကတည်းက ထူးခြားတဲ့ရွာကြီးတစ်ရွာပေါ့'

'အေး… ဒါလည်း ဟုတ်တာပဲ'

'ဒီမှာ ချက်ကြီး တောထဲမှာ သစ်ပင်အကြီးကြီးဆိုရင် နတ်ရဲသစ်ပင်လို့ခေါ်တယ်၊ အဓိပ္ပာယ်ကတော့ အစောင့်အရှောက်ရှိတယ်ပေါ့ကွာ၊ အင်းရဲကြီးဆိုတော့ အင်းထဲမှာ အကြီးဆုံးဖြစ်ပြီး မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်ဆိုတဲ့ သဘောပေါ့ကွာ'

'အေး… ဒါလည်း ငါကြားဖူးပါတယ်ကွာ'





'တချို့အင်းသူကြီးတွေဟာ အင်းထဲမှာနေပြီး အကုသိုလ်များတော့ ဘုရားမှာ ရွှေချဖို့သွားတာတောင် ဘုရားကို မမြင်ရတော့ဘူးတဲ့၊ ဒါနဲ့ အင်းတိုင်တွေမှာ ရွှေချထားလိုက်ရတယ်ဆိုတာတွေကြားဖူးတယ် မဟုတ်လား'

'အေး… ငါလည်း ကြားဖူးပါတယ်ကွာ'

'အခုလည်း အင်းသူကြီး ဦးရိုးကွန့်ကြီး ကြည့်ရတာ တဖြည်းဖြည်းပုံပြောင်းနေပြီကွ၊ အသားကလည်း မည်းမည်း၊ ဗိုက်ကြီးကလည်း ရွဲရွဲ၊ ခေါင်းတုံးကြီးနဲ့ဆိုတော့ ညဘက်မှာတွေ့လို့ကတော့ မသိတဲ့လူတွေက သရဲသဘက်လို့ ထင်မှာပဲ'

'ဟုတ်တော့ ဟုတ်တယ်ကွ၊ ဒီအဘိုးကြီးက နဂိုကတည်းက ခပ်ဝဝ အရုပ်ဆိုးဆိုးဆိုတော့ အသက်ကြီးလာလေလေ ပိုပြီးအရုပ်ဆိုးလာလေလေပဲ၊ နောက်ပြီး အင်းထဲမှာပဲနေရတော့ အသားကပိုမည်းပြီး သရဲသဘက်နဲ့ တူတာပေါ့ကွာ'

'အဲဒါ တဖြည်းဖြည်း ရုပ်ပြောင်းတယ်ခေါ်တယ်ကွ'

'မင်းကလည်း မင်းနဲ့မတည့်တာနဲ့ ချက်ချင်း သရဲသဘက်ဖြစ်သွားတော့တာပဲ'

'ကဲ… ငါးကိုကင်လိုက်၊ ပြီးမှ ကစော်နဲ့ အမြီးလုပ်

www.burmeseclassic.com



ရမယ်၊ ဦးရိုးကွန့်ကြီးအကြောင်း ပြောရတာနဲ့ စောစောက သောက်ထားတဲ့ ကစော်တွေတောင် ဘယ်ရောက်သွားသလဲ မသိဘူး၊ ငါ့ကို တစ်လုံးလောက်ပေးစမ်းပါကွာ'

ပြောပြောဆိုဆို ကစော်တစ်လုံး ထပ်သောက်လိုက်တယ်။ ကစော်ကို တစိမ့်စိမ့်သောက်ရင်း…

'သူကြီးက အရမ်းမောက်မာတယ်၊ ဒီအတိုင်းထားလို့တော့ မဖြစ်သေးဘူး၊ သူကြီးကို ပညာပေးရမယ်'

မြမောင်က ဒီလို တစိမ့်စိမ့်တွေးနေခဲ့တယ်။

❑ ❑ ❑



## အခန်း (၂)
## ဓားဟာနဲ့ အသက်ကိုလောင်းကြေးထပ်သူ

အင်းသူကြီးဦးရိုးကွန့်ကတော့ တကယ့်ကို ဘယ်သူနဲ့မှ မတည့်တဲ့နေရာမှာ နာမည်ကြီးတယ်။ ကစော်မြမောင်တို့အုပ်စု တင်မကဘူး။ တာတီးတို့အုပ်စုနဲ့လည်း တစောင်းစေးနဲ့ မျက်ချေး။

အင်းသူကြီး ဦးရိုးကွန့်ဟာ ကောင်မလေးတွေနဲ့ သိပ်အဆင်ပြေပြီး အမျိုးသားများနဲ့ အဆင်မပြေလို့ ကစော်မြမောင်အပါအဝင် ရွာသားတစ်သိုက်က အော့ကြောလန်ဖြစ်ခဲ့တယ်။

အမျိုးသမီးတွေက ငါးဝယ်တဲ့အခါမှာ အဆစ်များများတောင်းပေမယ့် ချွဲချွဲနွဲ့နွဲ့နဲ့ တောင်းတာဆိုတော့ ဦးရိုးကွန့်ကြီးကလည်း ရွာသားတွေပြောသလို နွားပြာကြီး အောက်သွားမရှိတဲ့ပုံစံမျိုး ပေါက်နေတယ်။

www.burmeseclassic.com



တာတီးတို့လို အရက်သမား၊ ဖဲသမားတွေကျတော့ ကောင်မလေးတွေလို အဆစ်မတောင်းပေမယ့် အကြွေးနဲ့ အားပေးတဲ့အတွက် ဦးရိုးကွန့်ကြီးရဲ့ ဟိန်းဟောက်ဆက်ဆံမှုကို ခံခဲ့ရတယ်။ သူတို့က အကြွေးယူပြီးရင်လည်း ပြန်မဆပ်ကြဘူး။ ဦးရိုးကွန့်ကြီးက အကြွေးတောင်းတဲ့အခါမှာ…

'ဟေ့ကောင်တွေ… ငါးဖိုးအကြွေးငါးထောင် ဘယ်တော့လာပေးမှာလဲ'

'အင်းသူကြီးရာ… ငါးတွေက အင်းထဲက အလကားရတာပဲ၊ ငွေငါးထောင်လောက်တော့ အလကားပေးလိုက်ပေါ့ဗျာ'

'ခွေးမသားတွေ… နောက်ကို ဘယ်တော့မှ အကြွေးမရောင်းတော့ဘူးကွ'

'အကြွေးမရောင်းရင်လည်း ရပါတယ်၊ အင်းထဲမှာဝင်ခိုးရုံပေါ့'

'ဟေ… ဒါကြောင့် ငါးအရနည်းတယ်လို့ အောက်မေ့တာ၊ လက်စသတ်တော့ သူခိုးက မင်းတို့ကိုး'

'မခိုးစေချင်ရင် အကြွေးရောင်းပေါ့ဗျာ'

'ဘာထူးလို့တုန်း ခွေးမသားတွေရဲ့၊ နောက်တစ်ခါ လာရဲလာကြည့်၊ ဓားနဲ့ကို ပိုင်းလိုက်မယ်'





သူကြီးက ပြောပြောဆိုဆို ငါးခုတ်တဲ့ဓားနဲ့လိုက်လို့ တာတီးတို့အုပ်စု ထွက်ပြေးခဲ့ကြတယ်။ တကယ်တော့ ဒေါသကြီးတဲ့ သူကြီးကို လူငယ်တွေကလည်း စကြ နောက်ကြနဲ့။ ဒါဟာလည်း ပျော်စရာတစ်မျိုးပဲပေါ့။

ဒါပေမဲ့ အင်းသူကြီး အပေါက်ဆိုးတာကြောင့် ကာလသားတွေနဲ့ ရွာသားတစ်သိုက်က အင်းသူကြီးကို မုန်းစရာကောင်းတဲ့လူကြီးလို့ သတ်မှတ်ထားခဲ့ကြတယ်။ တာတီးတို့အုပ်စုဟာ အရက်ကလေး တမြမြသောက်ရင်း စကားစမြည်ပြောဖြစ်ခဲ့ကြတယ်။

အခုလို မိုးဖွဲဖွဲရွာတဲ့ မိုးဦးကာလလေးမှာ အင်းရဲကြီးတစ်ဝိုက်မှာ ဖားဖားတွေက…

'အုံ့အင်…'

'အုံ့အင်…'

နဲ့ ဆူညံစွာ ဟစ်ကြွေးနေတယ်။

တချို့ကပြောတော့ ဖားတွေက အုံ့အင်ဆိုတဲ့ အသံပေးပြီး မိုးကိုခေါ်တာတဲ့။ ဒါပေမဲ့ ဖားရဲ့သဘာဝကတော့ ဖားဖိုကြီးတွေဟာ အုံ့အင်ဆိုတဲ့အသံပေးပြီး ဖားမကိုခေါ်တာ ဖြစ်တယ်။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ်…

စားဖားကြီးတွေအတွက်ကတော့ အသံကြောင့်ဖားသေလို့ ပြောရမှာပဲ။ သူတို့အော်သံကြားတာနဲ့ ဖားသားကို ငရုတ်သီးနဲ့ ကြွပ်ကြွပ်ကြော်စားချင်သူတွေအတွက်ကတော့ သွားရည်ယိုစရာပဲ။

'စားဖားကြီးတွေ အသံပေးနေပြီ၊ ညကျရင် ဖားရိုက်ထွက်ကြမယ်'

'ကောင်းတယ်ဟေ့… ဖားသားမစားရတာ ကြာပြီ၊ ငရုတ်သီးနဲ့ ကြွပ်ကြွပ်ကြော်စားလိုက်ဦးမယ်'

တာတီးတို့အုပ်စုက အခုလို မိုးဦးအကျမှာ ဖားရိုက်နေကျ။ ဖားရိုက်တဲ့နေရာက အင်းရဲကြီးနားမှာ…

အင်းရဲကြီးအင်းဆိုပေမယ့် အင်းတစ်ခုနဲ့ အင်းတစ်ခုကို ဘောင်လုပ်ထားတယ်။ အဲဒီအင်းဘောင်ပေါ်က တာတီးတို့အုပ်စုက ဖားရှာထွက်တယ်။ ဘောင်တစ်ခု တစ်ခုကလည်း အကျယ်ကြီးပဲ။ ဖားတွေဟာ ညအခါမှာ ရွှံ့ဘောင်ပေါ်မှာ တက်ပြီးမိတ်လိုက်ကြတယ်။ ဘောင်တွေကလည်း အများကြီး။

ဖားတွေကလည်း အများကြီးပဲ။





တာတီးတို့အုပ်စုမှာ စုစုပေါင်း သုံးယောက်ရှိတယ်။

တာတီးရယ်၊ ကောင်းသော်ရယ်၊ ဖိုးထွေးရယ်။

ဒီနေ့ညက သုံးရက်နေ့ညမို့ လကလေးက ကွေးကွေးကလေး သာနေတယ်။ အလင်းရောင်မရှိတရှိပေါ့။ တာတီးတို့အုပ်စုက မီးအုပ်ဆောင်းရယ်၊ တုတ်ရယ်၊ ပလိုင်းရယ် ကိုယ်စီလွယ်ထားခဲ့ကြတယ်။

တာရိုးဆောင်အတိုင်း ည၌ ၉ နာရီထိုးလောက်မှာ စတင်လျှောက်လှမ်းလာခဲ့ကြတယ်။

'အုံ့အင်…'

'အုံ့အင်…'

'အုံ့အင်…'

'ဟေ့ကောင်တွေ… စားဖားတွေကတော့ ငါတို့ကို အသံပေးပြီး ကြိုဆိုနေကြတယ်'

'စားဖားရိုက်တာလည်း ရိုက်တာပေါ့၊ အင်းထဲက ငါးတွေပေါ်လာရင်လည်း ဖမ်းတန် ဖမ်းပေါ့ကွာ'

'ငါးဖမ်းတာက အရေးမကြီးဘူး၊ ဦးရိုးကွန့်ရဲ့ အင်းလုပ်သားတွေနဲ့တွေ့ရင် မချောင်ဘူး၊ သူတို့လက်ထဲမှာ ငါးသူခိုးတွေကို ရိုက်ဖို့ တုတ်တွေရှိတယ်'

www.burmeseclassic.com



'တာတီးရာ… ညံ့ပါပေ့ကွာ၊ အင်းလုပ်သားတွေမမြင်အောင် ငါးနှိုက်မှာပေါ့ကွာ၊ မြင်အောင်နှိုက်လို့ကတော့ အင်းလုပ်သားတွေလက်ချက်နဲ့ ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီး ထတောင်ထနိုင်မှာ မဟုတ်ဘူး'

'အေးပါကွာ… တို့ ဖားရိုက်ဖို့ထွက်တာဆိုတော့ စကားသိပ်မပြောဘဲ တစ်ယောက်တစ်လမ်းဆီသွားမှ ဖြစ်မယ်နဲ့တူတယ်'

'မင်းပြောတဲ့အကြံ ကောင်းတယ်'

'ဒါဆို ငါက ဒီတည့်တည့် တောင်ဘက်ကိုသွားမယ်'

'အေး… တာတီးနဲ့ ဖိုးထွေးက တစ်ယောက်တစ်လမ်းသွားကြပေါ့'

အဲဒီအစီအစဉ်အတိုင်း ကောင်းသော်က အလယ်ဘောင်က၊ တာတီးနဲ့ ဖိုးထွေးက တောင်ဘက်နဲ့ မြောက်ဘက်မှာ။

တာတီးကတော့ ဖားရိုက်နေကျ။

မိုးရာသီရောက်တာနဲ့ စားဖားရိုက်ပြီး ရောင်းရငွေနဲ့ အူစိုစိုစားနိုင်ခဲ့တယ်။ မိုးရာသီဟာ သူတို့အတွက် စီးပွားရေးဖြောင့်တဲ့ရာသီပေါ့။





တာတီးတစ်ယောက် မီးအုပ်ဆောင်းကိုကိုင်ပြီး သတိဆောင်းကောင်းထားကာ ရှေ့သို့တူရူ မျက်နှာမူပြီး လျှောက်လာခဲ့တယ်။

'အုံ့အင်…'

'အုံ့အင်…'

'အုံ့အင်…'

ကံကြမ္မာဆိုးကို မသိနားမလည်တဲ့ ဖားသူငယ်တွေကတော့ သူတို့ရဲ့ သဘာဝအတိုင်း အင်းရဲကြီးတစ်ဝိုက်မှာ အုံ့အင်… အုံ့အင်နဲ့ အော်မြည်နေကြတယ်။

တာတီးဟာ မီးအုပ်ဆောင်းမီးနဲ့ ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့…

'ဟော… တွေ့ပြီ စားဖားကြီးတစ်ကောင်'

အသံမထွက်ဘဲ စိတ်ထဲကကြိတ်ပြီးရေရွတ်ရင်း အတော်ဝမ်းသာသွားခဲ့တယ်။

မီးအုပ်ဆောင်းမီးနဲ့ တည့်တည့်ထိုးလိုက်ရင်ပဲ ဖားသူငယ်ဟာ မျက်လုံးကြောင်တောင်တောင်နဲ့ မီးရောင်ကို ကြည့်နေတယ်။ ခန္ဓာကိုယ်ကလည်း လုံးဝမလှုပ်ရှားတော့ဘူး။ သူတို့ရဲ့

www.burmeseclassic.com



သဘာဝကိုက မီးရောင်မြင်ရင် ကြောင်တောင်တောင်ကြည့်တတ်တဲ့ကောင်လေ။

ဒီတော့ ဒီလိုအခွင့်အရေးမျိုးကို အလွတ်မပေးတဲ့ ဖားရိုက်သမား တာတီးက…

'ခွပ်…'

ခွပ်ခနဲ လက်ရိုက်တုတ်နဲ့ ရိုက်လိုက်တာ ဖားကလေး လွင့်စဉ်သွားတယ်။ ဆန့်ငင်ဆန့်ငင်နဲ့ အကြောဆွဲပြီး ငြိမ်သက်သွားတဲ့ ဖားကလေးကို အသာကောက်ပြီး ပုလိုင်းထဲထည့်လိုက်တယ်။

ဒီလိုနဲ့ ဖားတစ်ကောင်ပြီးတစ်ကောင် အကောင်ပေါင်း မနည်းတော့ဘူး။ ပုလိုင်းတစ်လုံးမှာ တစ်ဝက်လောက်ရပြီ။ စားဖားက ရာသီစာမို့ ဈေးကောင်းတယ်။ ဒီလောက်ဆိုရင် ပိုက်ဆံ တော်တော်ရလောက်ပြီ။

မကြာမီ ဖိုးထွေးနဲ့ ကောင်းသော်တို့ ဆုံမိကြပြီ။ စားဖားမြူးတဲ့ အင်းမို့လား မသိ။ သူတို့နှစ်ယောက်မှာလည်း ပုလိုင်းနဲ့ အပြည့်ပဲ။

'ကဲ… ဒီညတော့ တို့အတွက် သိပ်ကောင်းတယ်၊





ပုလိုင်းတစ်လုံး အပြည့်ရတယ်ဆိုတော့ ဒီစားဖားတွေရောင်းပြီး ကိုသာအေးရဲ့ အရက်ဆိုင်မှာ အရက်မင်းစည်းစိမ်ယစ်လို့ရပြီ'

'အေးကွာ… ငါလည်း ငါပိုးနေတဲ့ စာဥကို အင်္ကျီလှလှလေး ဝယ်ပေးနိုင်ပြီပေါ့ကွ'

'အေးကွာ… ဒီလိုသာ ညတိုင်းရရင် ငါတို့သုံးယောက်စလုံး သူဌေးကြီးဖြစ်နိုင်တယ်'

'ဖွီ… ဘယ်ကသူဌေးဖြစ်ရမှာလဲ၊ နေ့တိုင်းတော့ ရမလားကွ၊ တစ်ပတ်လောက်တော့ စောင့်ရဦးမှာပေါ့'

'အေးပါကွာ… သူဌေးမဖြစ်လည်း နေပါစေကွာ၊ နေ့တိုင်းမှန်မှန် ကိုသာအေးဆိုင်ကို လာနိုင်ရင် တော်ပါပြီ'

'ဒါလည်း နွေဘက်ဆို နပ်မမှန်ပါဘူးကွာ'

သူတို့သုံးဦးသား ပြောပြောဆိုဆို အင်းရဲကြီးဘောင်ကနေ ရွာဆီသို့ ပြန်လာခဲ့ကြတယ်။ ရွာထိပ်ရောက်တော့ တာတီးက…

'ဟေ့ကောင်တွေ… ငါတို့ရလာတဲ့ စားဖားတွေကို ရွှေမိတို့ကို ဖောက်သည်ပေးလိုက်ရင် မကောင်းဘူးလား'

www.burmeseclassic.com



'ကောင်းတယ်၊ ငါတို့စားဖို့ နည်းနည်းချန်ပြီး ဖောက်သည်ပေးလိုက်ရင် ကောင်းမကွဲတော့ဘူး'

'ကောင်းတယ်၊ ကောင်းတယ်'

သူတို့သုံးဦးဟာ အိမ်ကိုခဏပြန်ပြီး စားဖို့အနည်းအကျဉ်း ဖယ်လိုက်တယ်။ ပြီးတော့ ရွှေမိတို့အိမ်ဘက်ကို ထွက်လာခဲ့တယ်။ ရွှေမိဆိုတာတော့ ကြုံရာကျပန်းရောင်းတဲ့ ဈေးသည်ပဲ။ ဒါပေမဲ့ ရွှေမိတို့ညီအစ်မတစ်သိုက်က အုပ်စုတောင့်တော့ ဘာရောင်းရောင်း ခဏလေးနဲ့ ကုန်သွားတာပဲ။

တာတီးတို့အုပ်စုဟာ နံနက်စောစော ရွှေမိတို့အိမ်ရှေ့ကို ရောက်လာခဲ့တယ်။ ပုလိုင်းတွေချပြီး ရွှေမိကို အော်ခေါ်မယ် အလုပ်မှာ ကံဆိုးချင်တော့ ဒေါ်အိုစာကြီးနဲ့ တန်းတိုးတော့တာပဲ။

'ဟဲ့ကောင်တွေ… ပုလိုင်းထဲက ဘာတွေတုန်း'

'စားဖားတွေ ရိုက်လာတာဗျ၊ ဒေါ်အိုစာကြီးကရော စောစောစီးစီး ဘာလာလုပ်တာတုန်း'

တာတီးက အဲဒီလိုပြန်ပြောလိုက်တယ်။

'ရွှေမိဆီက ငါးတောင်းမလို့လာတာ၊ မင်းတို့တွေ့တာနဲ့





အတော်ပဲ၊ ငါ့ကို စားဖားငါးကောင် ခြောက်ကောင်လောက်ပေးစမ်း'

'ဟာ… ဒေါ်အိုစာကြီးကလည်း ရောင်းတောင် မရောင်းရသေးဘူး ငါးကောင် ခြောက်ကောင်တောင်းတဲ့သူနဲ့

'တောင်းရမှာပေါ့၊ နင်တို့က ဒီဖားတွေ

ရလာတာပဲ'

'အလကားရတယ်ဆိုတဲ့စကားတော့ မပြောပါနဲ့၊ ကျုပ်တို့လည်း တစ်ညလုံး အိပ်ရေးပျက်ခံပြီး ဖားရိုက်ထားရတာဗျ၊ အခုတော့ ရောင်းတောင်မရောင်းရသေးဘူး၊ လာတောင်းတဲ့သူက အရင်ရောက်နေတယ်၊ ခင်ဗျား သွားဗျာ၊ နောက်တော့မှ လာခဲ့'

'ဘာလဲ… ဒါက ငါ့ကို နှင်တာား၊ ငါဘာကောင်မဆိုတာ သိတယ်မဟုတ်လား၊ ငါကျိန်ဆဲလိုက်ရင် နင်တို့ ဘာဖြစ်သွားမယ်ထင်လဲ'

'ဒေါ်အိုစာကြီးကတော့ ငါတို့ကို ပြဿနာရှာနေပြီ၊ ကဲဗျာ… ခင်ဗျား ကျုပ်တို့ကို ကျိန်ချင်လည်း ကျိန်၊ မကျိန်ချင်လည်း နေ၊ ဘာမှမပေးနိုင်ဘူး'

'ဒေါက်…'

www.burmeseclassic.com



'ဒေါက်...'

'နင်တို့ထဲက 'တစ်ကောင်' မကြာမီ သေခြင်းဆိုးနဲ့ သေပါစေ၊ ဟား... ဟား... ဟား...'

ဒေါ်အိုစာကြီးသည် သူ၏တုတ်ကောက်ကြီးနဲ့ သစ်ပင်ကို ခေါက်ရင်း အဲဒီလို ကျိန်ဆဲလိုက်တယ်။

တာတီးတို့အုပ်စုကတော့ ဖားလာဝယ်မယ့် ရွှေမိတို့အုပ်စုကိုစောင့်နေရင်း ဒေါ်အိုစာကြီးရဲ့ ကျိန်စာဆိုးကြောင့်...

'ငါတို့တော့ ဒီကနေ့ ကံမကောင်းဘူးကွာ၊ မနက်စောစောစီးစီး ဒေါ်အိုစာကြီးနဲ့မှ လာတွေ့နေသေးတယ်'

'အေးကွာ... ဈေးရောင်းပြီးမှ လာတောင်းပေါ့ကွာ၊ ပေးမှာပေါ့၊ အခုတော့ ဈေးဦးကြီးမှာ လာတောင်းတော့ ဘယ်ပေးလို့ဖြစ်မလဲ'

'ဒါကတော့ ငါတို့အပိုင်းပဲ၊ ဒေါ်အိုစာကြီးကတော့ စိတ်ဆိုးပြီး ငါတို့ကို ကျိန်စာတိုက်သွားပြီ၊ သူ့ကျိန်စာရှူးရင် ငါတို့သုံးယောက်ထဲက တစ်ယောက်ယောက် သေလိမ့်မယ်နဲ့တူတယ်၊ သူကတော့ ငါတို့ကို စားဖားနဲ့အသက် လောင်းကြေးတပ်သွားပြီ ထင်ပါရဲ့'





'မင်းကလည်း ဒီအရူးမကြီး ကျိန်တာကို ယုံနေသေးတယ်၊ သူလည်း စောစောစီးစီး ဖားလာတောင်းတာ မရတော့ စိတ်ဆိုးပြီး ပြောချင်တာ ပြောတာပေါ့ကွ'

'မဟုတ်သေးဘူး တာတီး၊ ဒီအဘွားကြီးက နှုတ်စီးတယ်၊ သူကျိန်ရင် တစ်ခုခုဖြစ်တတ်တယ်လို့ ငါ့အမေက ပြောဖူးတယ်'

'မင်းကြောက်ရင်လည်း မင်းရိုက်ထားတဲ့ ဖားတွေကို ရွှေမိဆီမှာ ရောင်းမစားနဲ့တော့၊ ဒေါ်အိုစာကြီးကို အကုန်ပေးလိုက်ပေတော့'

'မဟုတ်ပါဘူးကွာ၊ ငါက ဒေါ်အိုစာကြီးအကြောင်း အမေ ပြောတာ ကြားဖူးလို့ပါ'

ဒီလိုပြောနေစဉ်...

'ဟော... ဟိုမှာ ရွှေမိတို့တစ်သိုက် ထွက်လာနေပြီ'

'အေး... အေး... ဟုတ်တယ်ကွ'

'ရွှေမိရေ... ရွှေမိ... ငါတို့ဆီမှာ စားဖားတွေ ပါလာတယ်ဟေ့'

'ဟေ... ဟုတ်လား၊ လာပါပြီတော်'

ရွှေမိတို့ ငွမ်းပုံတို့ ဈေးသည်အုပ်စုက အပြေးကလေး ရောက်လာခဲ့ကြတယ်။

www.burmeseclassic.com



'ကိုတာတီးတို့ ညက ဖားရိုက်ထွက်ကြတယ်ပေါ့'

'ဟာ… အများကြီးပဲ'

'အေး… အဲဒါတွေကို နင်တို့ကို ဖောက်သည်ပေးဖို့ စောင့်နေတာ'

'ဟန်ကျတာပဲတော်… ဟိုဘက်ရွာက အရက်ဆိုင်တွေက အမြည်းလုပ်ဖို့ စားဖားမှာထားတာနဲ့ အတော်ပဲ'

'အေး… ဒါဆို အချိန်ယူဟာ'

'ကဲ… ကိုတာတီးရေ၊ ရှင်တို့က အလကားရလာတာဆိုတော့ ကျုပ်တို့ကို ဈေးလည်းလျှော့ပေး၊ ပိုပိုသာသာလည်း ချိန်ပေးပေါ့'

'ဒီလောက်ဖြစ်လှတာ အလကားယူ၊ အလကားယူ'

'ဒါဆို ပိုတောင်ကောင်းသေး၊ ဒါကြောင့် ကိုတာတီးက သဘောကောင်းပါတယ်ဆိုနေမှ'

ရွှေမိက ခပ်ချွဲချွဲပြောလိုက်ရာ…

'ဟော့… ရွှေမိ၊ အပိုစကားတွေ မပြောနဲ့၊ ဒီဖားတွေကို ချိန်လိုက်တော့'

ရွှေမိတို့အုပ်စု စကားကြောမရှည်တော့ဘဲ စားဖားတွေကို ချိန်ယူပြီး အတွက်ကျ ပိုက်ဆံရှင်းပေးလိုက်တယ်။





ဒီတော့ တာတီးတို့အုပ်စုလည်း တစ်ခဏအတွင်း အိတ်ထဲမှာ ငွေတွေဖောင်းသွားခဲ့တယ်။ သူတို့အုပ်စုက သိတဲ့အတိုင်းပဲ ငွေရတာနဲ့ ကိုသာအေးရဲ့ အရက်ဆိုင်ကို အပြေးကလေးသွားခဲ့ကြတယ်။

❑ ❑ ❑

www.burmeseclassic.com

## အခန်း (၃)
## ကျိန်စာဆိုးများကို ယူဆောင်လာသူ

'တောက်… ဦးရိုးကွန့်ကြီးကို ကျော်ကိုမကျေနပ်ဘူး'

'ဟုတ်တယ်၊ ငါလည်း မကျေနပ်ဘူး'

'ရွှေမိတို့၊ ငွမ်းပုံတို့ ငါးစိမ်သည်မတွေကိုကျတော့ မျက်နှာချိုသွေးပြီး ခေါက်ပြန်ချေးနဲ့ အကြွေးပေးတယ်၊ ငါ[illegible] တစ်ထောင် နှစ်ထောင်လောက်ကျန်တာကိုကျတော့ သေမင်[illegible] ရှင်မလို ငင်ပြီး အကြွေးတောင်းနေလိုက်တာ'

'အေးကွာ… အဲဒီအဘိုးကြီးတော့ ဒေါ်အိုစာနဲ့တွေ့[illegible] ကျိန်စာတိုက်ခံရမှ အေးမယ်'

ကစော်မြမောင်တို့တစ်သိုက် အရက်ဆိုင်မှာ ဝိုင်းဖွဲ့[illegible]





[illegible]ခင်းသူကြီး ဦးရိုးကွန့်ကြီးအကြောင်း မကောင်းပြောနေတုန်း [illegible]တာတီးတို့အုပ်စုက အရက်ဆိုင်ထဲကို ရောက်လာခဲ့တယ်။

'ကိုမြမောင်ကြီး… ဒေါ်အိုစာတွေ ဘာတွေနဲ့ ဘယ်သူ့ ကို မကျေနပ်လို့လဲ'

'သြော်… သူကြီး ဦးရိုးကွန့်ကြီးအကြောင်း ပြောနေ တာပါဗျာ'

'ဆိုပါဦးဗျ… ဦးရိုးကွန့်ကြီးက ဘာဖြစ်လို့လဲ'

'ကျုပ်တို့ ငါးသွားဝယ်လို့ ပိုက်ဆံနည်းနည်းလောက် ကျန်တာနဲ့ သေခါနီးမျက်နှာနဲ့ အကြွေးကို အတင်းတောင်းတယ်၊ ရွှေမိတို့အုပ်စုကျတော့ အကြွေးက ထပ်နေပြီ၊ ဒါတောင် မျက်နှာ ချိုသွေးနေသေးတယ်'

'ဒီအဘိုးကြီးက နှာဘူးပါဗျာ'

'အဲဒီနှာဘူးကို ဒေါ်အိုစာကြီးနဲ့ ပေးတွေ့လိုက်ချင်လို့'

ကစော်မြမောင်ရဲ့စကားကြောင့် တာတီးတို့အုပ်စုဟာ [illegible]ကြောင်ကြောင်ဖြစ်သွားပြီး…

'ဒေါ်အိုစာကြီးက ဘာဖြစ်လို့လဲ'

'အဲဒီမိန်းမကြီးက အလွန်နှုတ်စီးတယ်ဆိုပဲ၊ သူမကျေနပ်

www.burmeseclassic.com



လို့ ကျိန်ဆဲလိုက်ရင် အဲဒီလူက သူကျိန်တဲ့အတိုင်း ဖြစ်တော့တာ ပဲတဲ့'

'ခုခေတ်မှာ ဒါတွေဟာ အလကားပါကွာ'

'အေး… ဒါပေမဲ့ တိုက်ဆိုင်မှုလားဆိုတာတော့ မသိ ဘူးပေါ့ကွာ'

သူတို့အုပ်စု စကားအခြေအတင်ပြောနေစဉ်…

တင်လှတို့တစ်သိုက် ဝင်လာပြီး…

'ဟေ့ကောင်တွေ… မင်းတို့ ဒေါ်အိုစာကြီးအကြောင်း ပြောနေကြတာ မဟုတ်လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ ဒီမိန်းမကြီးက ရှုတ်စီးတယ် ဆိုပြီး သူတို့က ကြောက်နေကြလို့ပေါ့'

'ဟေ… ဒါဆိုရင်တော့ မင်းတို့တစ်တွေ ပွဲကြီးပွဲ ကောင်းတစ်ခုကို ကြည့်ရဦးမယ်'

'ဘယ်လို … ဘယ်လို … ဘယ်လိုပွဲကြီးပွဲကောင်း လဲ'

'ပွဲကြီးပွဲကောင်းဆိုတာက ဒီလိုကွ'

'ပြောပါဦး'





တင်လှက လက်ဟန်ခြေဟန်ပါပါနဲ့ ဒေါ်အိုစာကြီး အကြောင်းကို ပြောပြခဲ့တယ်။

ဒီနေ့မနက်စောစော…

တာတီးတို့အုပ်စုဆီက ဖားတောင်းလို့မရတဲ့ ဒေါ်အိုစာ ကြီးဟာ အင်းသူကြီး ဦးရိုးကွန့်ကြီးဆီ သွားခဲ့တယ်။ ဦးရိုးကွန့် ကြီးကတော့ မနက်တိုင်း ထုံးစံအတိုင်း ငါးဝယ်သူတွေနဲ့ အလုပ် ရှုပ်နေခဲ့တယ်။

အဲဒီအချိန်မှာ ဒေါ်အိုစာကြီး ရောက်လာပြီး…

'အင်းသူကြီး… ကျုပ်ကို ငါးလေးကောင်လောက် ပေးပါ'

အင်းသူကြီးကို သူမက လှမ်းပြောလိုက်ပေမယ့် လူသံ တွေ ဆူညံနေလို့ သူမရဲ့အသံကို မကြားခဲ့ဘူး။

'အင်းသူကြီး… အင်းသူကြီး'

ဒီတော့ သူမက သူမရဲ့အသံကို ထပ်မြှင့်ပြီး အော်ခေါ် လိုက်တယ်။

'ဟဲ့… ငါ့ကို ဘယ်သူခေါ်နေတာတုန်း'

'ကျုပ်ပါ၊ ဒေါ်အိုစာပါ'

www.burmeseclassic.com



'ဘာကိစ္စလဲ'

'ကျုပ်ကို ဟင်းစားဖို့ ငါးလေးငါးကောင်လောက် ပေးစမ်းပါ'

'ခင်ဗျားကလည်း ဒီမှာ ဈေးရောင်းနေတုန်း'

'ဈေးရောင်းတုန်းမတောင်းလို့ ကျုပ်က ဘယ်အချိန်လာတောင်းရမှာလဲ၊ ကျုပ်ကို ငါးလေးငါးကောင်လောက် ပေးစမ်းပါ'

'ခင်ဗျားဟာ တော်တော်လောဘကြီးတဲ့သူပဲ၊ တစ်ယောက်တည်းစားဖို့ ငါးလေး ငါးကောင် လိုသလား၊ ရော့… ရော့… ငါးတစ်ကောင်ယူသွား'

အင်းသူကြီးက သူ့အနားမှာရှိတဲ့ ငါးရံ့ပေါက်သေးသေးလေးတစ်ကောင်ကို ပစ်ပေးလိုက်တယ်။ ဒေါ်အိုစာကြီးက ငါးသေးသေးလေးကိုမြင်ပြီး…

'အံမယ်… အံမယ်… ငါ့ကို သူတောင်းစားပေးသလို ပစ်ပေးပြီး ဒီငါးအသေးလေး ပေးတယ်၊ ငါ ဘယ်လိုလုပ်စားရမလဲ၊ ငါ ဘယ်လိုနတ်တင်ရမှာလဲ၊ ဒီမှာ သူကြီး၊ ပေးမယ့်ပေးရင် ငါးကြီးကြီးပေး'





'တောက်… ဈေးရောင်းလို့မအားရတဲ့အထဲ ဒီအဘွားကြီး လာရှုပ်နေတယ်၊ ညိုမောင်တို့ ထွန်းရွှေတို့ ဘာကြည့်နေတာလဲ၊ ဒီအဘွားကြီးကို ဆွဲထုတ်လိုက်ကြ'

အင်းသူကြီးကလည်း ဈေးဝယ်လှိုင်နေတဲ့အချိန်ဖြစ်လို့ လာရှုပ်နေတဲ့ အဘွားကြီးကို ဆိုင်နားက ဆွဲထုတ်ခိုင်းလိုက်တယ်။

ညိုမောင်တို့၊ ထွန်းရွှေတို့ အလုပ်သမားတစ်စုက အဘွားကြီးကို ဆွဲထုတ်တယ်ဆိုရင်ပဲ အဘွားကြီးက…

'ငါ့ကို မဆွဲနဲ့၊ နင်တို့ဟာ ကိုယ်ချင်းမစာတတ်တဲ့သူတွေပဲ၊ ငါးတွေဒီလောက်ရတာ ငါစားဖို့ နတ်တင်ဖို့တော့ ပေးဖို့ကောင်းပါတယ်၊ အခုတော့ ဒီငါးသေးသေးလေးနဲ့ ဘာလုပ်လို့ရမှာလဲ'

'အဘွားကြီး… ငါးလိုချင်ရင် နောက်တစ်ခါ ပြန်လာခဲ့၊ ဈေးရောင်းပြီး ကျန်တဲ့ငါးကို ထပ်ပေးမယ်'

'နင်တို့အင်းမှာ ငါးတွေများများရအောင် နတ်တင်ပေးမလို့ ငါးကြီးငါးကောင်းလာတောင်းတာဟဲ့၊ ဈေးရောင်းပြီးမှ ကျန်တဲ့ငါးပုပ်တွေကို ဘယ်လိုနတ်တင်မလဲ'

www.burmeseclassic.com



'ခင်ဗျားက အဲဒီလိုပြောပြီး ညာတောင်းတာပဲ၊ နောက်ပြီး နတ်တင်တယ်ဆိုပြီး ခင်ဗျားပဲ စားတာပဲ'

'ဟဲ့… အကောင်တွေ၊ နတ်က အငွေ့စားတာဟဲ့၊ နတ်တင်ပြီး နတ်စွန့်တဲ့ပစ္စည်းကို ငါမစားလို့ ဘယ်သူက စားမှာလဲ'

'ကဲ… ကဲ… ဒါဆို နောက်မှလာခဲ့၊ အခုတော့ ဈေးဝယ်တွေရှုပ်နေတယ်၊ သွားလိုက်ပါဦး'

ပြောပြောဆိုဆို သူတို့နှစ်ဦးက ဒေါ်အိုစာကြီးအား ခပ်လှမ်းလှမ်းနေရာဆီကို ဆွဲခေါ်သွားကြတယ်။

ဒေါ်အိုစာကြီးက သူလိုချင်တဲ့ ငါးအကြီးကြီး မရတာကြောင့် အလွန်မကျေမနပ်ဖြစ်ပြီး သူခြုံထားတဲ့ တဘက်အနက်ကြီးကို လက်နှစ်ဖက်နဲ့ဖြန့်လိုက်ပြီး အင်းသူကြီးနားသို့ ပြန်သွားကာ…

'ဒီမှာ အင်းသူကြီး၊ ရှင်ဟာ စေတနာမရှိတဲ့သူပဲ၊ ဒီတော့ ဒီအင်းပြင်ကြီးနဲ့ ရှင့်ကို ကျုပ် ကျိန်စာတိုက်မယ်'

'ဒေါ်အိုစာကြီး… ကျုပ် ဈေးရောင်းနေတုန်း ရှုးကြောင်ကြောင်စကားတွေနဲ့ မနှောင့်ယှက်ပါနဲ့'

'နှောင့်ယှက်တာမဟုတ်ဘူးဟေ့၊ ကျိန်စာတိုက်တာ'





'တိုက်ဗျာ… တိုက်… တိုက်… ခင်ဗျားလို အရူးမတစ်ယောက်ရဲ့ စကားကို ဘယ်သူမှမကြောက်ဘူး'

'ကောင်းပြီ'

အဲဒီလိုပြောပြီး ဒေါ်အိုစာကြီးဟာ အင်းပြင်ကျယ်ကြီးဆီကို တရွေ့ရွေ့သွားခဲ့တယ်။ အင်းပြင်ကြီးရဲ့အနီးကို ရောက်တယ်ဆိုရင်ပဲ သူမရဲ့ တဘက်မည်းကြီးကို လက်နှစ်ဖက်နဲ့ မြှောက်လိုက်တယ်။

တဘက်မည်းကြီးဟာ လေထဲမှာ တဖျပ်ဖျပ်နဲ့…

'အင်းရဲကြီးရဲ့ ပိုင်ရှင်ဖြစ်တဲ့ အင်းသူကြီး ဦးရိုးကွန့်ကို ကျိန်စာတိုက်ပါတယ်၊ သူဟာ စေတနာနည်းပါးလှသူဖြစ်ပြီး ဘုန်းတော်မျိုးမကို စော်ကားမော်ကားပြောဆိုသူဖြစ်တဲ့အတွက် ငါးအတွက်နှုန်း လျော့ပါစေ၊ ဒီအင်းပြင်ထဲမှာ လူအသေအပျောက်ရှိပါစေ၊ အားလုံးသော ကံကြမ္မာဆိုးတို့နဲ့ တိုးပါစေ၊ သူကြီးဟာ ဒီအင်းကြီးအတွက် စိတ်ဆင်းရဲမှုမှန်သမျှနှင့် ပြည့်စုံ…'

'ဟဲ့… အရူးမ၊ ငါ့ရဲ့အင်းနားမှာ ဘာတွေလာပြီး ကျိန်နေတာလဲ'

'အခုတော့ ရှင်ကြောက်နေပြီ မဟုတ်လား'

www.burmeseclassic.com



'ဘာမှမကြောက်ဘူး'

'ဒါဆိုရင် ကျုပ် ဆက်ပြီးကျိန်မယ်'

'မကျိန်နဲ့၊ ဘာမှအဓိပ္ပာယ်မရှိတဲ့ စကားတွေ လာမပြောနဲ့၊ ကျက်သရေမရှိဘူး'

'ဟား... ဟား... ဟား... အဲဒီ ကျက်သရေမရှိတဲ့ အကြောင်းတွေဟာ ရှင့်ဆီကို မကြာခင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့မှာ'

'တော်ပြီ... တော်ပြီ၊ ငါးတစ်ကောင် နှစ်ကောင်အတွက်နဲ့ ဒီလောက်စကားမပြောနဲ့၊ ခင်ဗျားလိုချင်တဲ့ ငါးယူသွား'

'အခုမှတော့ ဘာငါးမှ လာမပေးနဲ့တော့၊ ဒါပေမဲ့ ရှင့်အတွက် မကြာခင်မှာ ကြမ္မာဆိုးတွေ ရောက်လာတော့မှာ၊ အဲဒီတော့မှ ရှင့်ကို ကျုပ်က ပြုံးပြုံးကြီးလာကြည့်လိုက်ဦးမယ်'

'သွား... သွား... အဘွားကြီး၊ မြန်မြန်သွား'

'သွားပါပြီတော်... နောက်မှ ကယ်ပါဦးဆိုပြီး ငါ့ကို လာမခေါ်နဲ့'

'မခေါ်ဘူး၊ မခေါ်ဘူး၊ ဘယ်တော့မှ မခေါ်ဘူး'

❑ ❑ ❑





'အဲဒီလို သူကြီးနဲ့ ဒေါ်အိုစာကြီးတို့ ကြီးကြီးကျယ်ကျယ် ရန်ဖြစ်ခဲ့ကြတယ်'

'ဟော... ဟုတ်လား'

'ဒါကြောင့် ဒေါ်အိုစာကြီးကပဲ နတ်စီးသလားဆိုတာ ငါတို့ စောင့်ကြည့်ရမယ့် ပွဲကြီးပွဲကောင်းတစ်ခုလို့ ပြောတာပေါ့ကွ'

'ဒီမှာ တင်လှ၊ ငါတို့ကလည်း ဦးရိုးကွန့်ကြီးကို တော်တော်မုန်းနေတာကွ၊ ဒေါ်အိုစာကြီးရဲ့ ကျိန်စာဟာ အခြားသူအတွက် မှန်ရင်မှန်၊ မမှန်ရင် နေကွာ၊ သူကြီးအတွက်တော့ ကျိန်စာစူးပါစေ ဆုတောင်းပါတယ်ကွာ'

'မြမောင်ရာ... မင်းကလည်း သူများမကောင်းဖြစ်မှာကို ဆုမတောင်းကောင်းပါဘူးကွာ'

'ဟုတ်ပါတယ်ကွာ၊ သူတစ်ပါး မကောင်းဖြစ်အောင် ဆုမတောင်းသင့်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ဦးရိုးကွန့်က ဒီအင်းနဲ့ ဝင်ငွေဖြောင့်ပြီး သူဋ္ဌေးတစ်ယောက်လို ချမ်းသာနေတော့ အရမ်းဘဝင်မြင့်ပြီး သူတစ်ပါးကို နှိမ်ချဆက်ဆံတယ်၊ အပေါ်စီးက မခံချင်အောင်ပြောတယ်၊ သူ့ကိုကျတော့ ဘယ်သူက

www.burmeseclassic.com



မှ ပြန်မပြောနိုင်ဘူး၊ ဒါကြောင့် ငါကလည်း ဒေါ်အိုစာကြီး ကျိန်ဆဲသလို ကျိန်ဆဲချင်တာကွ'

'ကဲပါကွာ… တို့ဘာသာ အမြည်းနဲ့ အရက်ခွက်မော့တာ အကောင်းဆုံးပါပဲ'

'အေး… ဒါလည်း ဟုတ်တာပဲ'

❑ ❑ ❑



## အခန်း (၄)
## ပွဲခင်းထဲက မအိုစာ

ဒါနဲ့ ဒေါ်အိုစာကြီးအကြောင်း ပြောရဦးမယ်။

ဒေါ်အိုစာကြီးဆိုတာက ရွာအနောက်ပိုင်းက သုသာန်ဇရပ်မှာနေတဲ့ အဘွားကြီးတစ်ယောက်ပေါ့။ သားသမီးခံမရှိလို့ တစ်ဝမ်းတစ်ခါးအတွက် တောင်းရမ်းစားသောက်ခဲ့ရတယ်။ ဒါပေမဲ့ သူမက တောင်းတဲ့နေရာမှာ တခြားတောင်းရမ်းစားသောက်တဲ့လူတွေလို ခယယတောင်းတာမျိုး မဟုတ်ဘူး။

ခြိမ်းခြောက်ပြီး တောင်းလားတောင်းရဲ့။

နတ်တင်ချင်လို့ဆိုပြီး တောင်းလား တောင်းရဲ့။

သူ့ကိုယ်သူ နတ်ကတော်လိုလို၊ နတ်စီးတဲ့သူလိုလို မသိရင် နတ်စားမကြီးလိုလိုနဲ့ တောင်းရမ်းစားသောက်ခဲ့တယ်။

www.burmeseclassic.com



သူတောင်းတာကို ကြည်ကြည်ဖြူဖြူမပေးတဲ့သူတွေကို အာမနာပ ကျိန်စာတိုက်တော့တာပဲ။

ဒါကြောင့် တချို့ရွာသူရွာသားများက သူမကို ရှုံ့ကြောက်ကြီးအဖြစ် ခပ်ဝေးဝေးက ရှောင်ကွင်းသွားတတ်တယ်။ ဒါပေမဲ့ ဒေါ်အိုစာကြီးကတော့ ဘယ်သူ့ကိုမှ မမှုဘူး။ တုတ်ကောက်ကြီးတစ်ချောင်းနဲ့ တဒေါက်ဒေါက်လုပ်ပြီး တောင်းရမ်းစားသောက်ခဲ့တယ်။

သူမရဲ့ ပုံပန်းသဏ္ဌာန်ကိုက ကြောက်မက်ဖွယ်အသွင်ဆောင်နေတယ်။ အသက်အားဖြင့် ငါးဆယ်ကျော်လောက်ရှိပြီဖြစ်လို့ အသားအရေက ရှုံ့တွနေတယ်။ နေလောင်နေတဲ့ဒဏ်ကြောင့် အသားအရေတွေ ညစ်မည်းမည်းဖြစ်နေပြီး ဝတ်ဆင်ထားတဲ့ အဝတ်အစားက အမည်းရောင်ဆိုတော့ တစ်ကိုယ်လုံး မည်းနက်နေတယ်။ ကွမ်းစားထားတဲ့သွားတွေက နီကျင်ကျင်ဖြစ်နေပြီး ကျိုးတိုးကျဲတဲနဲ့ဆိုတော့ သူ့မျက်နှာက ကြောက်ဖွယ်ပုံပေါ်နေတယ်။

နောက်ပြီး ညစ်မွဲမွဲလွယ်အိတ်ကြီးကို လွယ်ထားသေးတယ်။





တချို့ ကလေးတစ်သိုက်က…

'စုန်းမကြီး ဒေါ်အိုစာ လာပြီဟေ့' ဆိုပြီး စနောက်ကာ အော်ဟစ်ထွက်ပြေးခဲ့ကြတယ်။

ဒေါ်အိုစာကြီးကလည်း အဲဒီကလေးတွေကို ဆဲဆိုကျိန်ဆဲရင်း တောင်ဝှေးနဲ့ လိုက်ရိုက်ခဲ့တယ်။ ဒါကြောင့် ဒေါ်အိုစာကြီးမို့လို့ ရွာထဲကိုဝင်လာရင် ကလေးတစ်သိုက်ရဲ့ ဆူညံအသံတွေရယ်၊ ဒေါ်အိုစာကြီးရဲ့ ဆဲဆိုသံတွေနဲ့ ဆူညံသွားတယ်။

အခုလည်း ဒေါ်အိုစာကြီးဟာ သူနေထိုင်တဲ့ သင်္ချိုင်းဇရပ်ထဲက ထွက်လာပြီး ရွာရိုးတစ်လျှောက် လမ်းလျှောက်လာခဲ့တယ်။ ရွာဦးက အကြော်တဲကလေးဆီကို ဝင်လိုက်တယ်။

'ဟဲ့… အေးမြ၊ ငါ့ကို အကြော်နှစ်ခုလောက် လှူစမ်း'

'ဟုတ်ကဲ့… ဟုတ်ကဲ့… ဒီမှာ အကြော်နှစ်ခု၊ ယူသွားပါ'

'ပေး… ပေး… ငါ ဗိုက်ဆာတာနဲ့ အတော်ပဲ၊ အေးမြတစ်ယောက် အကြော်တွေရောင်းကောင်းပါစေတော်'

'အသွားပေးတဲ့ဆုနဲ့ ပြည့်ပါစေ'

အေးမြကတော့ ဒေါ်အိုစာကြီးရဲ့အကြောင်းကို အတွင်းသိ

www.burmeseclassic.com



အခင်းသိဖြစ်လေတော့ အဆဲမခံရအောင် သူတောင်းတဲ့ အကြော်နှစ်ခု ပေးလိုက်တယ်။ ဒေါ်အိုစာကြီးက အကြော်တဲနားမှာထိုင်ပြီး အကြော်စားကာ ရေနွေးသောက်ပြီး ရွာရိုးတစ်လျှောက် ခရီးဆက်ခဲ့တယ်။

ရွာလယ်လောက်ရောက်တော့ ကလေးတစ်သိုက်နဲ့ ဆုံခဲ့တယ်။

'ဟော… ဟိုမှာ စုန်းမကြီးဒေါ်အိုစာ လာပြီဟေ့'

'ဟဲ့… ပေါက်လွှတ်ပဲစားကလေးတွေ၊ ဘာစုန်းမကြီးလဲ'

'ကျွန်တော်တို့ ဖတ်တဲ့ ပုံပြင်စာအုပ်ထဲမှာ ဒေါ်အိုစာဆိုတာ စုန်းမကြီးပဲ၊ တံမြက်စည်းကြီးစီးပြီး ကောင်းကင်ပျံတက်သွားတယ်'

'ဟဲ့… ကလေးတွေ၊ ဒါက ပုံပြင်ထဲမှာပဲရှိတာ၊ ငါက ဒီရွာမှာမွေးတဲ့ သူဌေးသမီးပဲ'

'ဟား… ဟား… ဟား… သူဌေးသမီးတဲ့ဟေ့၊ ဒါဆို အဘွားလွယ်အိတ်ထဲမှာ ရွှေတွေငွေတွေ ပါမှာပေါ့၊ နည်းနည်းလောက်ပေးပါ'





ဒီလိုပြောပြီး လွယ်အိတ်ကိုနှိုက်တဲ့သူက နှိုက်၊ တုတ်ကောက်ကြီးကို ကိုင်တဲ့သူက ကိုင်နဲ့။ အဘွားကြီးကို ဝိုင်းစကြတယ်။ နဂိုကမှ ဒေါသကြီးတဲ့ ဒေါ်အိုစာကြီးဟာ…

'ခွေးကောင်လေးတွေ… ငါ့ကို မစကြနဲ့၊ တုတ်ကောက်ကြီးနဲ့ ရိုက်ပစ်မယ်'

ဒီလိုပြောပြီး တုတ်ကောက်ကြီးနဲ့ လိုက်ရိုက်လို့ ကလေးတစ်သိုက် ပြေးကြလွှားကြနဲ့။ တော်တော်ဆိုးတဲ့ ကောင်လေးတွေ။

အမြင်မတော်တဲ့ ရွာသားတချို့က…

'ဟဲ့… ကလေးတွေ၊ အဘွားကြီးကို မစပါနဲ့၊ အသက်ကြီးနေပြီ၊ မောနေပါဦးမယ်၊ သွား… သွား…'

အဲဒီကလေးတစ်သိုက်ကို မောင်းထုတ်ပစ်လိုက်တယ်။

'ရော့… ရော့… ဒေါ်အိုစာကြီးစားဖို့ မုန့်တွေထည့်ပေးလိုက်တယ်'

'မောင်မင်းကြီးသား သက်တော်ရာကျော်ရှည်ပြီး သူဌေးကြီး ဖြစ်ပါစေတော်'

'ကောင်းပါပြီ ဒေါ်အိုစာကြီး'

ဒေါ်အိုစာကြီးက မုန့်တွေယူသွားပြီး လမ်းတစ်လျှောက်လုံး ဆုတောင်းပေးသွားတယ်။

www.burmeseclassic.com



ဒီလိုနဲ့ လယ်ပိုင်ရှင် ဦးစံလှရဲ့ အိမ်ရှေ့ကို ရောက်သွား တယ်။ ဦးစံလှကလည်း သူမကို ထမင်းတွေ ဟင်းတွေ ပေးလို ပြန့်တယ်။ ဦးစံလှရဲ့အိမ်မှာ ကျောင်းဆရာလေး ကိုသာက်နိုး ရောက်နေတယ်။

'ဦးလေး… ဒီအဘွားကြီးက သင်္ချိုင်းမှာနေတဲ့ ဒေါ်အို ကြီး မဟုတ်လား'

'ဟုတ်တာပေါ့ကွယ်'

'အဲဒီအဘွားကြီးကို တချို့လူတွေက ခပ်ဝေးဝေးရှောင် ကြတယ်၊ တချို့ကလေးတွေက စုန်းမကြီးတဲ့၊ အဲဒါ ဘယ်လိုဖြ တာဲ၊ သူ့အကြောင်းသိရင် ရှင်းပြပါဦး'

'အေး… ဦးလေးတို့က ဒီမှာမွေးပြီး ဒီမှာကြီးတဲ့သူ ဆိုတော့ ဒေါ်အိုစာကြီးအကြောင်း အားလုံးသိတာပေါ့ကွယ်၊ သူ မျိုးရိုးက ချ' သာပါတယ်၊ အကြောင်းကံမကောင်းလို့ အခု ဆင်းရဲသွားတာ၊ သားထောက်သမီးခံကလည်း မရှိတော့ ဒု ရောက်တာပေါ့ကွယ်'

ဦးစံလှက အဝေးသို့လှမ်းကြည့်ရင်း ဆွေးဆွေးမြည့်မြ ကလေး ပြောလိုက်တယ်။





ဩော်… ဒေါ်အိုစာ… ဒေါ်အိုစာ…

သူမဟာ လယ်ပိုင်ရှင်သူဌေးကြီးလင်မယားရဲ့ တစ်ဦး တည်းသောသမီးဖြစ်တယ်။ သူမရဲ့မိခင်ဟာ ဇာတ်ပွဲအလွန်ကြိုက် တယ်။

နွေရောက်ပြီဆိုတာနဲ့ အဲဒီရွာမှာ အငြိမ့်တွေ ဇာတ်ပွဲတွေ ဟာ တစ်ခုပြီးတစ်ခု ရောက်ရှိကပြကြတယ်။ အဲဒီရွာတစ်ရွာလုံး ကလည်း လယ်ပိုင်ရှင်သူဌေးကတော်ကြီး ဒေါ်ပိုက်မိအတိုင်းပဲ ပွဲကြည့်တဲ့နေရာမှာ စံတင်လောက်တယ်။ ဇာတ်ပွဲက ခုနစ်ညပြ ရင် ခုနစ်ညဆက်တိုက် ကြည့်ကြတယ်။ နေ့ခင်းဘက်မှာတော့ ညက အိပ်ရေးပျက်တဲ့အရှိန်နဲ့ အတိုးချအိပ်ခဲ့ကြတဲ့သူတွေပေါ့။

အဲဒီတုန်းက သူဌေးကတော်ကြီးဒေါ်ပိုက်မိဟာ ကိုယ်ဝန် အရင့်အမာကြီးနဲ့ပေါ့။ ဒီညမှ စိန်ကျိုးညိုဇာတ်ပွဲကြီး လာရောက် ကပြအသုံးတော်ခံမှာဖြစ်တဲ့အကြောင်း မောင်းတီးထားတာကြောင့် ရွာသူရွာသားတွေဟာ ပွဲကြည့်ဖို့ အာခဲထားကြတယ်။

နံ့ဂိုကမှ ပွဲကြိုက်ခင် သူဌေးကတော်ဟာ ပွဲသွားဖို့အတွက် အဝတ်အစားတွေ ရွေးချယ်နေတုန်း သူဌေးကြီးရောက်လာပြီး…

'မပိုက်… ဘာကြောင့် အဝတ်အစားတွေကို ဖွနေရတာ လဲ'

www.burmeseclassic.com



'ရှင် မသိဘူးလား၊ ဒီညမှာ စိန်ကျိုးညိုဇာတ်ပွဲကမှာရှင် အဲဒါ ကျုပ်သွားကြည့်မလို့ပေါ့တော်'

'ဖြစ်ပါ့မလား မပိုက်ရယ်၊ မင်းမှာ မပေါ့မပါး ကိုယ်ဝန်ကြီးက တော်တော်ရင့်နေပြီ၊ တော်ကြာ ဇာတ်ပွဲထဲမှာ မီးပုံးပျံကြီးပွင့်သွားလို့ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါ ဦးမယ်'

'အိုတော်… ရှင်ကလည်း မပြောကောင်း မဆိုကောင်း တော်၊ ကျုပ်ကိုယ်ကျုပ် သိပါတယ်၊ မမွေးသေးပါဘူး၊ နောက် တစ်ပတ်လောက်တော့ လိုပါသေးတယ်တော်'

'မင်းက တစ်ပတ်လောက်လိုသေးတယ် ပြောရအောင် ဝမ်းဆွဲဆရာမလား'

'ရှင်ကလည်း မိန်းမအကြောင်း ကျုပ်တို့မိန်းမတွေ အသိ ဆုံးပါတော်၊ အခု စိန်ကျိုးညိုဇာတ်က ဒီမှာ သုံးညကမှာ သုံးည စလုံး လွတ်လွတ်ကျွတ်ကျွတ်ကြည့်လို့ရပါသေးတယ်တော်'

'မင်းပြောလိုက်ရင် ဆင်ခြေချည်းပဲ'

'ဒီည ကျုပ် ဇာတ်ပွဲသွားကြည့်မှာနော်'

'ကိုယ့်အကြောင်းကိုယ်သိရင် သွားပေါ့ဗျာ'





'သွားရမှာပေါ့တော်၊ အဲဒီဇာတ်ထဲက မင်းသားက အရမ်းအကကောင်းတာ၊ တစ်နှစ်မှ တစ်ခါကြည့်ရတာဆိုတော့ ကိုက်တို့က ရေ့တန်းက ဖျာလက်မှတ်ဝယ်ပြီးပြီ'

'ကဲပါ… တားမရတော့လည်း သွားပေါ့ဗျာ'

အဲဒီညမှာတော့ ဒေါ်ပိုက်မိဟာ သူ့အိမ်ကနိုင်းတဲ့ အဖော် တစ်သိုက်နဲ့အတူ ရှေ့တန်းက ဖျာပေါ်ကို အစောကြီးရောက်ခဲ့ တယ်။

အစဦးညဆိုတော့ အပျိုတော်အရင်ထွက်လာပြီး ကန်တော့ ကိုရွက်ပြီး စတင်အသုံးတော်ခံခဲ့တယ်။

'အပျိုတော်ကလည်း လှလိုက်တာနော်'

'ဟုတ်တယ် သူ့ဒွေးကတော်ရဲ့'

အပျိုတော်ကပြီးတာနဲ့ မင်းသား မင်းသမီးတွေ မြိုင်မြိုင် ဆိုင်ဆိုင်နဲ့ ပြဇာတ်ကခဲ့တယ်။ ပြဇာတ်ကလည်း ကောင်း၊ သီချင်းတွေကလည်း ကောင်းဆိုတော့ ဒေါ်ပိုက်မိတို့အားလုံး ကြည်နူးစွာ ကြည့်ခဲ့ကြတယ်။

အဲဒီပြဇာတ်ထဲမှာ လူပြက်တွေကလည်း ကျရာအခန်းက ပြက်လုံးတွေပြက်တော့ တသောသော တဝေါဝေါနဲ့ ပွဲကျလိုက်

www.burmeseclassic.com



ပုံရှုး ပတ်တောင် ထုက်ယူ့ရတယ်။ ဒေါ်ပိုက်မိတို့တစ်သိုက်မှာ တဝါးဝါး တဟားဟားနဲ့ အူလှိုက် အသည်းလှိုက် ရယ်မောခဲ့ကြတယ်။

ဒီလိုနဲ့ ညဥ့်နက်လာတော့ နောက်ပိုင်း အလွမ်းဇာတ်ကပြကြတယ်။ အဲဒီဇာတ်ကတော့ လူစွမ်းကောင်း ဗျတ်ဝိ ဗျတ္တနဲ့ မအိုစာတို့ ဇာတ်လမ်းပေါ့။

လူစွမ်းကောင်း ဗျတ်ဝိဟာ သထုံပြည်က အလုပဂေးမြို့ဝန်မင်းရဲ့သမီး မအိုစာနဲ့ ချစ်ကြိုက်ခဲ့တယ်။ မအိုစာရဲ့ ဖခင်ကြီးက မကျေနပ်လို့ ဗျတ်ဝိအလာကို မီးနေထဘီကြိုးတန်းပြီး ဖမ်းလိုက်လို့ ဗျတ်ဝိ အဖမ်းခံခဲ့ရတယ်။

မအိုစာဟာ သူချစ်တဲ့ ကိုဗျတ်ဝိ အဖမ်းခံရတော့…

'အို… ကိုဗျတ်ဝိရဲ့၊ ရှင် ကျွန်မကိုချစ်လို့ အခုလိုအဖမ်းခံရပြီး အရိုက်အနှက်ခံရတာ၊ ကျွန်မရဲ့ရင်ထဲမှာ မချိဘူး ကိုဗျတ်ဝိရဲ့၊ အမလေး… လွမ်းလိုက်တာနော်'

မင်းသမီးက မအိုစာအဖြစ် သရုပ်ဆောင်ပြီး အငိုအပြောတွေနဲ့အတူ သီချင်းကလေးတစ်ပုဒ်ကို ဆိုလိုက်တော့ ဒေါ်ပိုက်မိဟာ တော်တော့်ကို စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားခဲ့တယ်။





အဲဒီအချိန်မှာ မင်းသားကလည်း…

'မအိုစာ… ချစ်နှမရယ်၊ မင်းကို ချစ်လွန်းလို့ မောင်ကြီးနေနိုင်ဘူး၊ မင်းရဲ့မျက်နှာကလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်သို့ အခုလို လာတွေ့တဲ့အခါ မင်းရဲ့အဖေက အကောက်ဉာဏ်ဆင်ပြီး ဖမ်းခဲ့တယ်၊ မောင်ကြီးကို ရိုက်လိုက်တာများ မောင်ကြီးရဲ့ကျောကို လာကြည့်ပါဦး ချစ်နှမရယ်၊ အို… မောင်ကြီးရဲ့ကျောမှာ ဒဏ်ရာတွေနဲ့၊ ကျောက အောင့်သလို မင်းကိုမတွေ့ရတော့ ရင်နှစ်မြွာ ဖြန်းဖြန်းကွဲတော့မလား ဆိုရအောင် နာလှပါတယ် ချစ်နှမရယ်'

မင်းသားက အပြောကလည်း ကောင်း၊ အဆိုအငိုကလည်း ကောင်း၊ သီချင်းလေးဆိုလိုက်တာများ တကယ့်ကို ကရုဏာသံကလေးကလည်း ပါတော့ ဒေါ်ပိုက်မိခမျာ ဒီပွဲကို ကြည့်ရင်း ရင်ထဲကပဲ နာသလိုလို၊ ဗိုက်ထဲကပဲ အောင့်သလိုလို။

ဝမ်းနည်းလိုက်တာများ မပြောပါနဲ့တော့။ မျက်ရည်တွေတွေတွေစီးကျရင်း ရှိုက်ရှိုက်ပြီးတောင် ငိုခဲ့မိတယ်။ ဒီတော့ အတူလိုက်လာတဲ့ အဖော်တစ်သိုက်က…

'အစ်မ… အစ်မ… ဘာဖြစ်တာလဲ'

www.burmeseclassic.com



'ဘာမှမဖြစ်ပါဘူးအေ၊ မင်းသားလေးကို သနားလို့ပါ'

'ဩော်… အစ်မကလည်း ဘာများဖြစ်သလဲလို့ လန့်သွားတာပဲ'

ဒီနောက် ကိုဗျတ်ဝိက အငိုအပြောကလေးနဲ့။

'အို… ဘိုးဘိုးတို့ ကျွန်တော်မျိုးကို သနားကြပါ ခင်ဗျာ၊ မအိုစာနဲ့ တွေ့ပါရစေ'

'မောင်မင်း အားလျှော့မယ်ဆိုရင် တွေ့ခွင့်ပေးမယ်'

'ကျွန်တော်မျိုးအားမလျှော့နိုင်ဘူး ဘိုးဘိုးတို့ရဲ့၊ ကျွန်တော့်မှာ ဗျတ္တဆိုတဲ့ညီကလေး ရှိသေးတယ်၊ မအိုစာဆိုတဲ့ ချစ်တဲ့သူကလည်း ရှိသေးတယ်၊ ကျွန်တော်မျိုး အားမလျှော့ပါရစေနဲ့ ဘိုးဘိုးတို့ရယ်၊ အားလျှော့ရင် ကျွန်တော်မျိုး သေသွားမှာပေါ့ဘုရား'

'မောင်မင်းဟာ မြို့ဝန်မင်းရဲ့အိမ်ကို ဝင်ခိုးတဲ့သူခိုးဆိုတော့ မောင်မင်းကို သေဒဏ်ပေးရမယ်ကွယ့်၊ မင်းဟာ လူစွမ်းကောင်းဖြစ်လို့ အခုလို တုတ်နဲ့ရိုက် တုတ်ကျိုး၊ ဓားနဲ့ရိုက် ဓားကျိုး၊ လှံနဲ့ထိုး လှံခွေဖြစ်နေတယ်၊ မောင်မင်း အားလျှော့ရမယ်'

'ကျွန်တော်မျိုးကတော့ အားမလျှော့နိုင်ပါ၊ ဒါပေမဲ့





အိုစာကိုယ်တိုင်က ကျွန်တော်မျိုးကို အားလျှော့စေချင်တာ၊ သူမကိုယ်တိုင် ကွမ်းတစ်ရာရေတစ်မှုတ်ကို ယူလာပြီးပေးမယ်ဆိုရင် ကျွန်တော်မျိုး အားလျှော့ပါမယ် ဘိုးဘိုးရယ်'

ဗျတ်ဝိက မအိုစာ မလုပ်မှန်းသိလို့ တမင်ပြောလိုက်တယ်။

'ကောင်းလှပြီ မောင်မင်း၊ မအိုစာကို ကွမ်းတစ်ရာရေတစ်မှုတ်နဲ့အတူ လွှတ်ပေးမယ်ကွယ့်'

ဘိုးဘိုးတို့အဖွဲ့ကလည်း ဥပါယ်တံမျဉ်နဲ့ မအိုစာကို သုပ်ခိုင်းဖို့ မအိုစာဆီ သွားခဲ့ကြတယ်။

ဒီနောက် ဘိုးဘိုးတို့အဖွဲ့ဟာ မအိုစာနဲ့တွေ့ပြီး…

'မအိုစာ… မင်းဟာ ကွမ်းတစ်ရာ ရေတစ်မှုတ်ယူပြီး ဗျတ်ဝိဆီကိုသွားပါ၊ ဒါဆိုရင် ဗျတ်ဝိကို ဘိုးဘိုးတို့ လွှတ်ပေးမယ်ကွယ့်'

'ကောင်းပါပြီ ဘိုးဘိုးရယ်'

ဘိုးဘိုးတို့အုပ်စုက မအိုစာကို ဥပါယ်တံမျဉ်ပြောပြီး ဗျတ်ဝိဆီကို အသွားခိုင်းခဲ့တယ်။

သဘောဖြူအူစင်းရိုးသားတဲ့ မအိုစာဟာ သူမသာ ကွမ်း

www.burmeseclassic.com



တစ်ရာ ရေတစ်မှုတ်သွားပေးရင် ချစ်တဲ့သူကို လွှတ်ပေးမယ်ဆိုတော့ သူမဟာ အမြန်ဆုံးသွားပေးခဲ့တယ်။

ဘိုးဘိုးတို့အုပ်စုရဲ့ လှည့်ဖြားမှုကို ကောင်းကောင်းကြီး ခံလိုက်ရတယ်။ မအိုစာကလေးဟာ ကွမ်းတစ်ရာ ရေတစ်မှုတ် ယူပြီး ကိုဗျတ်ဝိဆီကို ဝမ်းသာအားရနဲ့သွားပြီး…

'မောင်ကြီးရေ… မောင်ကြီး၊ မောင်ကြီး စားချင်တဲ့ ကွမ်းတစ်ရာနဲ့ ရေတစ်မှုတ် လာပို့ပါပြီ' လို့ ပြောတော့…

ဗျတ်ဝိက သူမရဲ့မျက်နှာကို စိန်းစိန်းကြီးကြည့်ပြီး…

'အို… မအိုစာချစ်နှမရယ်၊ မင်းကိုယ်တိုင် ကွမ်းတစ်ရာ ရေတစ်မှုတ်လာပို့မှတော့ မောင်ကြီး စားပါ့မယ်'

ပြောပြောဆိုဆို မအိုစာယူလာတဲ့ ကွမ်းတစ်ရာ ရေတစ်မှုတ်ကိုယူပြီး ကွမ်းကိုလည်းဝါး၊ ရေကိုလည်း သောက်လိုက်တယ်။ ပြီးမှ…

'အို… ချစ်နှမ မအိုစာ၊ မင်းဟာ မောင်ကြီးအပေါ်မှာ အချစ်ကြီးသလို သစ္စာလည်းရှိမယ်လို့ ထင်ခဲ့တယ်၊ အခုတော့ သစ္စာမရှိတဲ့မိန်းမ၊ အချစ်မရှိတဲ့ မိန်းမပါလားကွယ်'

'အို… မောင်ကြီးရယ်၊ ချစ်နှမလေး မအိုစာဟာ ဒီလို





မိန်းမစားမျိုး မဟုတ်ပါ၊ ဘာကြောင့် ဒီလိုစကားကို ဆိုရတာလဲ'

'ငါဟာ စိတ်လျှော့ရင် အသက်သေမယ်၊ မင်းကလေးကို ချစ်လို့ ငါဟာ စိတ်ကိုတင်းထားတာ'

'ဟုတ်ပါတယ် မောင်ကြီးရဲ့၊ မောင်ကြီးရဲ့စိတ်ကို တင်းထားပါ'

အဲဒီလို အကြိတ်အနယ်ပြောနေကြတုန်း…

ဒေါ်ပိုက်မိရဲ့ဗိုက်က ရစ်ရစ်ပြီး နာလာတယ်။

'ကျွတ်… ကျွတ်… ကျွတ်… ဗိုက်နာလိုက်တာ'

ဒေါ်ပိုက်မိက အသံမထွက်ဘဲ ကြိတ်မှိတ်ခံနေခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဇာတ်ကလည်း ဇာတ်ရှိန်မြင့်နေပြီ။ ကောင်းခန်းကို ရောက်နေပြီဆိုတော့ ထပြန်လို့မဖြစ်သေးဘူး။ ပြီးအောင်ကြည့်ချင်တာက သူမရဲ့ဆန္ဒ။ ဒါကြောင့် ဗိုက်နာပေမယ့် ကြိတ်မှိတ်ကြည့်နေခဲ့တယ်။

မင်းသား မင်းသမီးကလည်း ဆက်ပြီး ကပြနေခဲ့တယ်။

'စိတ်တင်ထားလို့ မရတော့ဘူး ချစ်နှမရယ်၊ ဘိုးဘိုးတို့ဆီမှာ မောင်ကြီး ကတိပေးပြီးပြီ နှမရဲ့'

www.burmeseclassic.com



'ဘယ်လိုကတိပေးထားတာလဲ မောင်ကြီးရဲ့'

'ချစ်နှမ မအိုစာဟာ မောင်ကြီးကို စိတ်လျှော့စေချင်တယ်ဆိုရင် ကွမ်းတစ်ရာ ရေတစ်မှုတ်နဲ့ လာပြီး တိုက်ကျွေးလှည့်ပါလို့ မောင်ကြီး ပြောလိုက်ကွယ်၊ အခုတော့ ချစ်နှမက မောင်ကြီးကို စိတ်လျှော့စေချင်လို့ ကွမ်းတစ်ရာ ရေတစ်မှုတ်ကို လာပေးခဲ့တယ်၊ မင်း စိတ်လျှော့စေချင်မှန်းသိလို့ မောင်ကြီးဟာ အဲဒီကွမ်းတစ်ရာကို စား၊ ရေတစ်မှုတ်ကိုသောက်ပြီး စိတ်လျှော့လိုက်ပါ ချစ်နှမရယ်'

'အမလေး… မှားပါပေါ့လား၊ ကွမ်းတစ်ရာ ရေတစ်မှုတ်ဟာ မောင်ကြီးရဲ့အသက်ကို ဇီဝိန်ချွေတော့မှာလား မောင်ကြီးရယ်၊ နှမလေးမှာ ဒီလိုစိတ်ထားမျိုးမရှိခဲ့တာ အမှန်ပါ'

'မှားခဲ့ပြီ… ချစ်နှမလေးရဲ့၊ မောင်ကြီး သွားရတော့မယ်'

အဲဒီအချိန်မှာ ဘိုးဘိုးတို့အုပ်စု ရောက်လာပြီး…

'ကဲ… ဗျတ်ဝိမင်းဟာ ယောကျ်ားတစ်ယောက် မဟုတ်လား၊ မင်းပေးထားတဲ့ကတိကို တည်ပါစေ၊ ကဲ… စိတ်လျှော့လိုက်ပေတော့'





'မအိုစာ လာပေးကတည်းက စိတ်လျှော့လိုက်ပါပြီ ဘိုးဘိုးရယ်၊ ဘိုးဘိုးတို့ ကြိုက်သလိုသာ စီစဉ်ပါတော့'

'အို… ဘိုးဘိုးတို့ မလုပ်ပါနဲ့'

မအိုစာက လက်ကလေးတကာကာနဲ့ ဘိုးဘိုးတို့အုပ်စုကို တောင်းပန်နေခဲ့တယ်။

'ကဲ… ဗျတ်ဝိ အားလျှော့နေတုန်း လည်မျိုကို တုတ်တိုနဲ့နှက်လိုက်ကြပေတော့'

'ဘုန်း…'

'ဘုန်း…'

'ဘုန်း…'

'မလုပ်ကြပါနဲ့ ဘိုးဘိုးတို့ရယ်'

မအိုစာမှာ ချစ်သူကို ရိုက်နှက်နေသဖြင့် သောကဗျာပါဒ အပူမီးကြောင့် သတိလစ်ကာ လဲကျသွားခဲ့တယ်။

ဗျတ်ဝိမှာလည်း လည်မျိုကို တုတ်တိုနှင့်ရိုက်နှက်သဖြင့် မချိမဆံ့ခံစားနေရသည်။

ဒေါ်ပိုက်မိမှာ ပွဲကြည့်ရင်း တကယ်ပင်ဖြစ်ပျက်နေတဲ့ အလား ထင်မြင်ကာ…

www.burmeseclassic.com



'အမလေး… သေပါပြီတော်'

အဲဒီလို လန့်ဖျပ်ပြီး အော်ဟစ်လိုက်စဉ် ဝမ်းကြာတိုက်အတွင်းမှ သန္ဓေသားလှုပ်ရှားကာ…

'ဗွမ်း…'

ဟူသော ရေမြွာပေါက်သံနှင့်အတူ ကလေး၏ ဦးခေါင်းပါ ထွက်လာရာ…

'လာကြပါဦး… လုပ်ကြပါဦး၊ ကလေးထွက်နေပြီ'

'ဟင်း… ဒေါ်ပိုက်မိ၊ ဒေါ်ပိုက်မိ၊ ကလေးထွက်နေပြီ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆို ဇာတ်ပွဲထဲတင် ကလေးမွေးနေပြီပေါ့၊ ဝိုင်းမပြီး အိမ်ကိုပို့မှဖြစ်မယ်'

'ဟုတ်တယ်… ဟုတ်တယ်၊ အိမ်ကိုပို့တဲ့သူက ပို့ပြီး ဝမ်းဆွဲကိုသွားခေါ်တဲ့သူက သွားခေါ်ဟေ့'

ဒေါ်ပိုက်မိနှင့် အတူလိုက်ပါလာတဲ့ အပွဲ့သားများလည်း ရှုတ်ရှုတ်သဲသဲဖြစ်သွားခဲ့ကြတယ်။ ဒါတင်ဘယ်ကမလဲ။ ရွှေပွဲလာပရိသတ်ကြီးကပါ ဒေါ်ပိုက်မိတို့အုပ်စု ဘာဖြစ်မှန်းမသိလို့





ထကြည့်ကြ၊ ပြေးကြည့်ကြနဲ့ အဲဒီညက လူတွေ ရှုပ်ယှက်ခတ်ပြီး ပတ်တုတ်လို့မရအောင် အုန်းအုန်းကျွက်ကျွက်ဖြစ်သွားလို့ စိန်ကျိုးညိုဇာတ်ပွဲကြီးတောင် ဆက်ကလို့မရတော့ဘဲ ဇာတ်ပွဲပျက်သွားခဲ့သတဲ့။

ဒေါ်ပိုက်မိကို အိမ်ခေါ်လာခဲ့ကြတယ်။ ဝမ်းဆွဲဆရာမလည်း ချက်ချင်းရောက်လာပြီး မွေးပေးလိုက်လို့ ကောင်းမွန်စွာမီးဖွားနိုင်ခဲ့တယ်။ ဒေါ်ပိုက်မိ မွေးတာက 'မိန်းကလေး'

နှာတံပေါ်ပေါ်၊ နှုတ်ခမ်းကလေး နီတျာတျာနဲ့ အသားအရေကလည်း ဖွေးဆွတ်နေတဲ့ ချစ်စရာကောင်းတဲ့ သမီးကလေးတစ်ယောက် မီးဖွားသန့်စင်ခဲ့လို့ ဒေါ်ပိုက်မိရဲ့ ယောကျ်ားဟာ အလွန်ပဲ ဝမ်းသာကြည်နူးခဲ့တယ်။

သူတို့လင်မယားနှစ်ယောက်စလုံး သမီးချောကလေးရလို့ ဝမ်းသာပျော်ရွှင်နေပြီး…

'ရှင်မရေ… သမီးကလေးကို ဘယ်လိုနာမည်ပေးရင်ကောင်းမလဲ'

'ကျွန်မလည်း ဒါပဲစဉ်းစားနေတာ'

အဲဒီအချိန်မှာ ရွာသူရွာသားများဟာ လက်ဆောင်ပစ္စည်းကိုယ်စီနဲ့ ရောက်ရှိလာပြီး…

www.burmeseclassic.com



'မအိုစာ ဇာတ်ပွဲပြတဲ့အချိန်မှာ မွေးဖွားလာတဲ့ အချော အလှကလေးဖြစ်လို့ မအိုစာလို့သာ နာမည်ပေးလိုက်ပါတော့'

'ကောင်းတယ်၊ ကောင်းတယ်၊ မအိုစာဆိုတာ ချောလည်း ချောတယ်၊ မြို့ဝန်သမီးလည်း ဖြစ်တယ်ဆိုတော့ ဂုဏ်သရေရှိ အချောအလှကလေးရဲ့နာမည်ပဲ၊ ဒီတော့ မအိုစာပဲ ကောင်းပါတယ်'

မအိုစာ… မအိုစာတဲ့ဟေ့။

ဒီလိုနဲ့ ရွာသူရွာသားတွေက အုန်းအုန်းကျွက်ကျွက်ပေးလိုက်တဲ့ နာမည်ဖြစ်လို့ မိန်းကလေးတွေဟာ မအိုစာတဲ့။

❑ ❑ ❑



## အခန်း (၅)
## တံလျှပ်ကိုရောင် ရွှေသမင်အလိုက်များ

မအိုစာကလေးဟာ အရွယ်ရောက်လာတော့ အချောအလှကလေးတစ်ယောက်ဖြစ်လို့ ရွာနီးချုပ်စပ်က ကာလသားတွေကပါ ဒီရွာကိုလာပြီး ပိုးကြပန်းကြတယ်။

မအိုစာကတော့ လယ်ပိုင်ရှင်သူဌေးကြီးရဲ့ သမီးကလည်း ဖြစ်ပြန်၊ ချောကလည်း ချောဆိုတော့ မာနတံခွန် လွှင့်နေတာပေါ့။ ဒီရွာသားတွေနဲ့ တူတယ် တန်တယ်လို့ မထင်ဘူး။

မိန်းမပျိုတစ်သိုက်က မအိုစာကို…

'မအိုစာ… ညည်းက သိပ်လှတော့ တို့ရွာက ကာလသားတွေ ညည်းမှ ညည်းပဲ၊ ကျုပ်တို့များကျတော့ လှည့်တောင် မကြည့်ဘူး'

www.burmeseclassic.com



'ဒါတင် ဘယ်ကမလဲ၊ ဟိုဘက်ရွာတန်းရှည်ရွာတွေက ကာလသားတွေကလည်း ဒီရွာမှာလာပြီး စတည်းချနေကြတယ် နောက်ပြီး မအိုစာ ရေခပ်သွားရင် ကြည့်လိုက်ကြတာ၊ မျက်စိ တောင် ကျွတ်ကျတော့မယ့်အတိုင်းပဲ'

'ဒါကတော့ မအိုစာက လှတာကိုးအေ့'

အားလုံးက မအိုစာကိုဝိုင်းပြီး မြှောက်ပင့်ပြောကြဆိုကြ နဲ့။ ဒီတော့ မအိုစာက···

'အလကားပါအေ··· ဒီကောင်တွေကို ကျုပ်က စိတ် မဝင်စားပါဘူး၊ အင်းရေသောက် မြက်ခြောက်စားဆိုတဲ့သူတွေ ပဲ၊ သူတို့ကိုယူလို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ငါက မြို့ကြီးသားကိုသာ ယူမှာ'

'ဟုတ်ပါတယ်အေ··· ညည်းရဲ့အလှက တောနဲ့မတန် မြို့နန်း၊ မြို့ထီးနန်းနဲ့သာ တန်တဲ့ နန်းထိုက်တဲ့ ပန်းမကိုင်ပါ တော်'

'ညည်းတို့ကလည်း ဒီလောက်တောင် မမြှောက်ပါနဲ့၊ ကျုပ် မနေတတ်တော့ဘူး'

မအိုစာက ရှက်စနိုးကလေးနဲ့ ပြောလိုက်တယ်။





အဲဒီအချိန်မှာ မအိုစာတို့ လယ်တွေရဲ့ စာရင်းငှား ကိုလူ မောင်ဟာ အလုပ်ကိစ္စနဲ့ အဲဒီနားကို ရောက်လာတယ်။

ကိုလူမောင်ဆိုတာကလည်း မအိုစာကို တိတ်တခိုးချစ် နေတဲ့သူပဲ။ မအိုစာတို့ရဲ့ အလုပ်သမားဆိုတော့ မအိုစာကတော့ ကိုလူမောင်ကို နည်းနည်းမှစိတ်မဝင်စား။

'အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ'

ဒါက မအိုစာရဲ့ လက်သုံးစကား။

သူမရဲ့ မိဘနှစ်ပါးကလည်း အရွယ်ရောက်တဲ့အထိ သူ့ သမီးလေးမှာ ရည်းစားသနာမရှိတာကိုပဲ သဘောကျနှစ်သက်ပြီး ဂုဏ်ယူလေ့ရှိတယ်။

အဲဒီရွာမှာက သီတင်းကျွတ်တိုင်း ရွာက အပျိုလေး၊ ငါးယောက် ခိုးရာလိုက်သွားတတ်ကြတယ်။

'ဟဲ့··· ကြားပြီးပြီလား ဟိုသတင်း'

'ဘယ်သတင်းတုန်း'

'သန်းရင်သမီး မြနှစ်လေ၊ ရွာထဲက ကိုချစ်ဖွယ်ရဲ့သား မိန်တိုးနဲ့ ခိုးရာလိုက်သွားသတဲ့'

'ဟင်း··· ကောင်မလေးက အသက်ဆယ့်ခြောက်နှစ်

www.burmeseclassic.com



တောင် မပြည့်သေးဘူး… ဒီအရွယ်က လင်ယူရမယ့်အရွယ် လား'

'ဟယ်… သူ့အမေ သန်းရင်မတုန်းကလည်း အဲဒီအရွယ်လောက်နဲ့ လင်နောက်လိုက်တာပဲ'

'ဒါဆို ဘာမှုံးဘိုးတုပေါ့'

'ဟုတ်ပါ့တော်… ဒါပေမဲ့ ဒေါ်ပိုက်မိသမီး မအိုစာက တော့ အသက်နှစ်ဆယ်ကျော်တာတောင် ရည်းစားသနာ မရှိသေးဘူး၊ နေတာကလည်း စိုင်းကောင်းကျောက်ဖို့တော်၊ တော်တော်ဣန္ဒြေကြီးတယ်'

'ဟုတ်ပါရဲ့တော်… အဲဒီကောင်မလေးနဲ့ အသက်အရွယ်တူတွေတောင် အိမ်ထောင်ကျပြီ၊ သူက အခုအထိ လင်မယူသေးဘူး'

'မာနကလည်း ကြီးပါအေ့၊ သူ ယောက်ျားရရင် ဘယ်လိုလူမျိုးနဲ့ရမယ် မသိဘူး'

'လင်စံရွေး လင်ခွေးနဲ့ညားရင် ညားမှာ'

သူမကို မနာလိုတဲ့သူတွေက အဲဒီလို အားမနာပဆိုခဲ့ကြတယ်။





ဒါပေမဲ့ တချို့ကတော့…

'ဒီလိုမပြောပါနဲ့အေ၊ သူက တောသားမှန်းမသိဘူး၊ မြို့ကြီးသားမှ မှန်းတယ်ဆိုတော့ အရာရှိမင်းတို့၊ ဝန်ရှင်တော်မင်းကြီးတို့ရဲ့ ကတော်လုပ်ချင်တာလားမှ မသိတာ'

သူမကို ရွာသူမတစ်သိုက်က အမျိုးမျိုးဝေဖန်ခဲ့ကြတယ်။ အဲဒီစာကလည်း မအိုစာပင်။

ငယ်စဉ်ကတည်းက တစ်ဦးတည်းသော သမီးဖြစ်လို့ မိဘများက အထိန်းတော် အချီတော်များနဲ့ထားကာ အလိုလိုက် အကြိုက်ဆောင်ခဲ့ကြတယ်။

သူမ လိုချင်တာမှန်သမျှ ဖြစ်အောင်ဖန်တီးပေးခဲ့ကြတယ်။ မိဘနှစ်ပါးက သူမကို မျက်နှာအညိုးမခံ။ သူမဖြစ်ချင်တာကို အစွမ်းကုန်ဖြည့်ဆည်းပေးခဲ့တဲ့အတွက် သူမရဲ့ဘဝဟာ အရာရာပြည့်စုံခဲ့တယ်။ တောမှာနေပေမယ့် ဝတ်ချင်တာ အကုန်ဝတ်နိုင်ခဲ့သလို စားချင်တာ အကုန်စားနိုင်ခဲ့တယ်။ ကောင်းကင်က နတ်ဘုံနတ်နန်းတစ်ခုကို ရောက်နေတဲ့အလား အရာရာပြည့်စုံခဲ့သူပါ။

သူမ တစ်ခုခုလိုချင်မှ ချက်ချင်းမရရင် အနီးအနားက

www.burmeseclassic.com



ပစ္စည်းများကို ပစ်ပေါက်ကာ အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဖျက်ဆီးခဲ့တယ်။

‘ငါနိုင်းတာကို လုပ်မပေးတဲ့သူတွေ၊ သေခြင်းဆိုးနဲ့ သေပါစေ’

‘ငါ့ကို ဘာမှတ်နေသလဲ၊ ငါ့ကို စိတ်ဆိုးအောင်ပြုတဲ့ သူတွေ အန္တရာယ်ဆိုးနဲ့ ကြုံပါစေ’

သူမဟာ ငယ်စဉ်ကတည်းက သူမ အလိုမကျတဲ့သူတွေ အပေါ် ကျိန်စာတိုက်လေ့ရှိတယ်။ အဲဒီလူတွေဟာ သူ့မိဘရဲ့ အလုပ်သမားတွေဖြစ်တော့ သူမကို ဘယ်သူကမှ အပြစ်မယူကြဘဲ အပြုံးဖြင့်သာ ခွင့်လွှတ်ခဲ့ကြတယ်။

သူမရဲ့ဖခင်ကလည်း သူ့သမီးရဲ့ အပြုအမူကြောင့်…

‘မင်းတို့ကို တောင်းပန်ပါတယ်၊ ငါ့သမီးလေးဟာ ဒီအရွယ်ရောက်တဲ့အထိ ဘယ်ကိုမှလည်း မသွားမလာရနဲ့ စိတ်ကျဉ်းကျပ်ပြီး ပြောချင်တာ ပြောနေတာပါကွာ၊ ခွင့်လွှတ်ကြပါ’

သူမရဲ့ ရိုင်းပျတဲ့အပြုအမူ၊ အပြောအဆိုတွေဟာ တစ်နေ့တခြား ပိုပြီးပြင်းထန်လာတယ်။ ဒါပေမဲ့ သူ့မိဘများကတော့





သူမကို ချစ်တဲ့စိတ်ကြောင့် အပြင်းထန်ဆုံးမတာမျိုး မလုပ်ခဲ့ကြဘူး။

ဒါကြောင့် သူမကို…

‘ရုပ်ချောသလောက် မာနကြီးပြီး အပြောဆိုး၊ အပေါက်ဆိုးတဲ့သူ’ ဆိုပြီး ဒီရွာသူရွာသားတွေက သတ်မှတ်ခဲ့ကြတယ်။ အိုစာကတော့ ဘယ်သူတွေ ဘာပဲပြောပြော မာနကလည်း ဆောင်လွှားခဲ့တယ်။

အပြောကလည်း မခံနိုင်တဲ့သူလည်း သေဆိုတာမျိုး ခိုက်မိုက်ရိုင်းရိုင်းပြောတတ်လာတယ်။

သူမရဲ့ အလှအပကြောင့် ကာလသားတွေဟာ သူမကို ချစ်ခင်မက်မောပေမယ့် မာနရှယ်၊ အပြောဆိုးတာရှယ်ကြောင့် ဘယ်သူကမှ ချစ်ခွင့်မပန်ရဲခဲ့ကြဘူး။ အမြင်မှာ လှပေမယ့် အတွင်းမှာပုပ်နေတဲ့ ကျီးအာသီးနဲ့ သဏ္ဍာန်တူတာကြောင့် သူမကို ‘ကျီးအာသီးမ’ လို့ မသိမသာ အမည်ပေးထားခဲ့ကြတယ်။

လူဆိုတာက သူ့အကြောင်းနဲ့သူပဲ။

မာနကြီးပြီး ဘယ်သူနဲ့မှ မတူမတန်ဘူးလို့ ထင်တဲ့ အိုစာအတွက် ကံကြမ္မာအလှည့်အပြောင်း ဖြစ်လာခဲ့တယ်။

www.burmeseclassic.com



အဲဒါကတော့ စပါးဈေးတွေ အဆမတန်အောင် တက်လာတဲ့အတွက် မြို့ပေါ်က ဆန်စက်ပိုင်ရှင်တွေဟာ သူတို့ရဲ့ လူယုံတော်တွေကို ရွာအထိစေလွှတ်ပြီး စပါးဝယ်နိုင်းတဲ့အထိ ဖြစ်လာခဲ့တယ်။

မအိုစာတို့ရွာကို စပါးအဝယ်တော် ကိုမြတ်ခိုင်ဆိုသူ တစ်ယောက် ရောက်လာခဲ့တယ်။ လူပုံက လူချောလူလှလို့ မခေါ်နိုင်ပေမယ့် အင်္ကျီအဝတ်အစား သစ်သစ်လွင်လွင်နဲ့ ဘန်ကောက်ပုဆိုး တရွှန်းရွှန်းဝတ်နိုင်သူဆိုလို့ ကိုမြတ်ခိုင်တစ်ယောက်သာ ရှိတယ်။

လူမှာအဝတ် တောင်းမှာအကွပ်ဆိုသလို အဝတ်အစားကလည်း အဖိုးတန်အဝတ်အစားတွေနဲ့ ဆံပင်ကို ခေါင်းလိမ်းဆီလိမ်းပြီး သေသေချာချာဖြီးထားတော့ လူသန့်လူကောင်းတစ်ယောက်ပေါ်ထွက်နေတယ်။

နောက်ပြီး မာဖလာလေး လည်ပင်းမှာစည်းပြီး စကားပြောရာမှာ ညင်သာတယ်။ စပါးဈေးကိုလည်း သူများထက်ပိုပေးတယ်။ သူ့အပြောကတော့ သူဟာ ဆန်စက်ပိုင်ရှင်ရဲ့သားလို့ ဆိုတယ်။





ကိုမြတ်ခိုင်ဟာ လယ်ပိုင်ရှင်သူဌေးကြီး ဦးစံလှရဲ့ စပါးတွေကို ဈေးကောင်းပေးပြီး ဝယ်ခဲ့တယ်။ ဦးစံလှဟာ မအိုစာရဲ့ ဖခင်ဖြစ်တယ်။ ဒါကြောင့် ကိုမြတ်ခိုင်ဟာ မအိုစာတို့အိမ်ကို အဝင်အထွက်များလာတယ်။

ရွာသူရွာသားတွေကလည်း ကိုမြတ်ခိုင်ကို သူဌေးလေး သူဌေးလေးဆိုပြီး ဝိုင်းဝန်းမြှောက်စားကြတယ်။ သူက ငွေကလည်း ပေါဆိုတော့ အရည်ကြိုက်တဲ့လူကို အရက်တိုက်တယ်။ အမြည်းကြိုက်တဲ့သူကို အမြည်းကျွေးတယ်။ ဒီတော့ အားလုံးက သူ့ကို ကိုမြတ်ခိုင်မှ ကိုမြတ်ခိုင် ဖြစ်နေခဲ့တယ်။

ကိုမြတ်ခိုင်ကလည်း မအိုစာကို မြင်ကတည်းက···

မအိုစာမှ မအိုစာပဲ။

ဒီနောက် မအိုစာရဲ့ မိဘနှစ်ပါးနဲ့ သင့်တင့်အောင်ပေါင်းပြီး အဲဒီအိမ်ပေါ်က မဆင်းတော့ဘူး။

နောက်တော့··· နောက်တော့···

သူက မအိုစာကို ချစ်ရေးဆိုတယ်။ မအိုစာက ပထမတော့ မိန်းမဈေးကွက်ပျက်မှာစိုးလို့ 'စဉ်းစားပါရစေ' တဲ့။

ဒါပေမဲ့ အညာအခေါ်ရာမှာ မြို့သားကိုမြတ်ခိုင်ကို ဘယ်သူ

www.burmeseclassic.com



မှ မမီအူး။ နောက်ပြီး သူဌေးကလေးဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးက လည်းရှိ၊ ရုပ်ရည်ကလည်း သိပ်မဆိုးတဲ့အတွက် မဆိုစာဟာ စိတ်ဝင်စားလာခဲ့တယ်။

မအိုစာဟာ နဂိုကမှ မြို့ကြီးသူဖြစ်ချင်သူ။

ပြီးတော့ မြို့ကြီးသားကို အထင်ကြီးသူ။ ဒီတော့ မကြာ ခင်မှာ မာနကြီးတဲ့ မအိုစာဟာ မြို့သားကိုမြတ်ခိုင်ရဲ့ ချစ်သူဖြစ် လာတယ်။ ကိုမြတ်ခိုင်ဟာ မြို့ကို တစ်ခေါက် နှစ်ခေါက်ပြန်ပြီး သူ့မိဘနှစ်ပါးဟာ အလွန်အလုပ်များတဲ့အတွက် မလာနိုင်ပါလို့ ဆိုပြီး မအိုစာရဲ့မိဘနှစ်ပါးကို နားဖောက်ပြီး တောင်းရမ်းလက် ထပ်ခဲ့တယ်။ သူတို့ မင်္ဂလာဆောင်ဟာ အင်းရဲကြီးရွာမှာ အစည် ကားဆုံး မင်္ဂလာဆောင်ဖြစ်ခဲ့တယ်။ ရွာသူရွာသားတွေက သူတို့ နှစ်ယောက်ကို လိုက်ဖက်ညီလွန်းလို့။

'နေနဲ့လ ရွှေနဲ့မြတဲ့'

မအိုစာကလည်း မြို့ကြီးသား ကိုမြတ်ခိုင်နဲ့ လက်ထပ် ရလို့ သူ့လောက် ကံထူးတဲ့သူ မရှိဘူးလို့တောင် ထင်ခဲ့တယ်။ သူမ လက်ထပ်တဲ့နေ့ဟာ သူမဘဝရဲ့ အပျော်ရွှင်ဆုံးနေ့ရက်ပါပဲ။

လက်ထပ်ပြီး တစ်လခန့်နေတော့ ကိုမြတ်ခိုင်ဟာ…





'မအိုစာ… စပါးတွေဝယ်ထားတဲ့ကိစ္စအတွက် အစ်ကို ဟာ မြို့ကိုပြန်ရမယ်'

'ဟင်… အစ်ကို ပြန်တော့မယ် ဟုတ်လား၊ ဒါဆိုရင် ညီမတစ်ယောက်တည်း နေခဲ့ရမှာပေါ့'

'နေခဲ့ရမှာပေါ့၊ မကြာခင် အစ်ကို ပြန်လာမှာပေါ့'

'ညီမတစ်ယောက်တည်း မနေနိုင်ဘူး၊ အစ်ကိုနဲ့အတူ လိုက်မယ်'

'ခက်တာပဲကွာ၊ အစ်ကို ဘယ်လိုပြောရမလဲ'

'အစ်ကို ဘာဆိုလိုတာလဲ'

'အစ်ကို့မိဘတွေက အရမ်းချမ်းသာတယ်၊ မအိုစာတို့ မိဘတွေကလည်း ချမ်းသာတာပဲဆိုတော့ အစ်ကို့နဲ့အတူလိုက်လာ တယ်ဆိုရင် လက်ဝတ်လက်စားတစ်ဆင်စာရယ်၊ ငွေကြေးတချို့ ရယ်ပါမှ ကောင်းမှာပေါ့၊ နို့မို့ရင် ညီမကို အစ်ကို့မိဘတွေက အထင်အမြင်သေးမှာပေါ့'

'ဩော်… ဒီလိုလား၊ ဒါဆိုရင် အဖေတို့ဆီက လက် ဝတ်လက်စားတွေနဲ့ ငွေခပ်များများ တောင်းလာခဲ့မှာပေါ့'

'အဲဒါ ကောင်းတာပေါ့'

www.burmeseclassic.com



ဒီလိုနဲ့ မအိုစာဟာ သူမရဲ့ လက်ဝတ်လက်စားတွေရယ်၊ ငွေအမြောက်အမြားတောင်းပြီး ကိုမြတ်ခိုင်ရဲ့နောက်ကို လိုက်လာခဲ့တယ်။

နောက်တစ်နေ့မှာ ရန်ကုန်မြို့ကို ရောက်လာခဲ့တယ်။ ရန်ကုန်မြို့ကို ရောက်တယ်ဆိုရင်ပဲ အင်းစိန်မှာရှိတဲ့ အိမ်တစ်အိမ်ကို ခေါ်သွားခဲ့တယ်။ အိမ်ကလည်း ခပ်စုတ်စုတ်။

မအိုစာက…

'ဒီအိမ်က ဘယ်သူ့ရဲ့အိမ်လဲ'

'ဒီအိမ်က အစ်ကို့ဦးလေးရဲ့ အိမ်ပဲ'

'အစ်ကို့ရဲ့မိဘက သူဌေးဆို၊ ဘာကြောင့် ဦးလေးအိမ်ကို ခေါ်လာခဲ့ရတာပေါ့'

'အခုမှတော့ မထူးတော့ပါဘူး၊ အစ်ကို အမှန်အတိုင်းဖွင့်ပြောမယ်'

'ပြောပါ အစ်ကို'

'အစ်ကိုဟာ သူဌေးသားတစ်ယောက်ဖြစ်လို့ မိဘတွေက သူတို့သဘောတူတဲ့ သူဌေးသမီးတစ်ယောက်နဲ့ စေ့စပ်ထားပြီးသား၊ ဒါပေမဲ့ အစ်ကိုက သူတို့သဘောတူတဲ့သူနဲ့မယူဘဲ





ညီမနဲ့ ယူလိုက်တော့ အစ်ကို့ကို စိတ်ဆိုးပြီး အိမ်ပေါ်ကနှင်ချထားတယ်'

'ဟင်… ဒါဆို စောစောစီးစီးကတည်းက ပြောပါလား အစ်ကိုရယ်'

'ဟုတ်တယ်၊ စောစောစီးစီးကတည်းက ပြောရမှာ၊ အစ်ကို့ပါးစပ်က ပြောမထွက်လို့'

'ပြောပါ အစ်ကိုရယ်'

'အစ်ကိုတို့ အခိုက်အတန့်တော့ အိမ်ငှားနေမှရမယ်၊ ဒီတော့ ညီမမှာပါလာတဲ့ ငွေထဲက အိမ်ငှားရအောင်နော်'

'အင်းပါ အစ်ကိုရယ်၊ အစ်ကို လိုသလောက်ယူသုံးပါ'

ဒီနောက်တော့…

မအိုစာမှာပါလာတဲ့ ငွေတွေနဲ့ အိမ်ငှားလိုက်တယ်။ စားကြသောက်ကြနဲ့ သုံးဖြုန်းခဲ့ကြတယ်။ အိမ်ထောင်ဦး ကြင်စဦး ဇနီးမောင်နှံအဖို့ ဒီအချိန်တွေဟာ ပျော်မဆုံးတဲ့အချိန်တွေပါပဲ။

'အစ်ကိုရယ်… အစ်ကို့ရဲ့မိဘတွေက အခုအထိ စိတ်ဆိုးမပြေသေးဘူးလား၊ ညီမတို့ မြို့ရောက်တာတောင် ခြောက်လရှိပြီ'

www.burmeseclassic.com



'စိတ်ဆိုးမပြေသေးတာပဲ ရှိတာပါ၊ အခုအထိ သူတို့ရဲ့ ဆန့်စက်မှာတော့ အလုပ်ပေးထားတာပဲ'

'ညီမက အစ်ကို့ရဲ့မျက်နှာကို တစ်ရွာထင်ပြီး လိုက်လာရတာဆိုတော့ အားငယ်တာပေါ့ အစ်ကိုရယ်'

'အားမငယ်ပါနဲ့ ညီမရယ်'

'ဒါနဲ့ အစ်ကို့ကို ပြောရဦးမယ်၊ နေရထိုင်ရတာမကောင်းလို့ ဝမ်းဆွဲဆရာမနဲ့ ပြကြည့်တော့ ညီမမှာ ကိုယ်ဝန်ရှိနေပြီတဲ့'

'ဒါဆို ဝမ်းသာစရာပေါ့၊ ကလေးရရင်တော့ အဖေတို့ အမေတို့ စိတ်ဆိုးပြေမှာပါ'

'ဟုတ်လား အစ်ကို၊ ဒါဆိုရင် ကလေးမြန်မြန်မွေးမှပဲ'

မအိုစာရော ကိုမြတ်ခိုင်ပါ ဝမ်းသာကြည်နူးခဲ့တယ်။

အချိန်တွေကြာလာတာနဲ့အမျှ ကိုမြတ်ခိုင်ရဲ့ မကောင်းတဲ့ ကျင့်တွေကို သိလာခဲ့ရတယ်။ အချိန်မှန်မှန် အိမ်မပြန်တာရယ်၊ အိမ်ပြန်လာတော့လည်း အရက်ကလေးတမြမြနဲ့။ ဒီကြားထဲမှာ ရတဲ့လစာနဲ့ မလုံလောက်လို့ ပါလာတဲ့ လက်ဝတ်လက်စားတွေကို တစ်စတစ်စထုတ်ရောင်းပြီး သုံးခဲ့ရတယ်။

ကိုယ်ဝန်အရင့်အမာနဲ့ ဖြစ်နေချိန်မှာ မအိုစာရဲ့ လက်ဝတ်





လက်စားတွေ တစ်ခုမှမကျန်တော့ဘူး။ လက်ထဲမှာလည်း ငွေမရှိတော့လို့။

'အစ်ကို . . . ညီမ မီးဖွားဖို့နီးနေပြီ၊ မွေးဖို့ဖွားဖို့လည်း ပိုက်ဆံမရှိဘူး၊ ဘယ်လိုလုပ်ရမလဲ၊ အစ်ကို့ရဲ့မိဘတွေကို ပြောကြည့်ပါလား'

'ငါက နဂိုကတည်းက မိဘတွေကို အောက်ကျခံပြီး ပြောတဲ့လူမျိုး မဟုတ်ဘူး၊ ငွေများများရချင်လို့ လောင်းကစားလုပ်ပါတယ်၊ အခုတော့ ရှုံးလိုက်တာ တက်တက်စင်လို့ကုန်ပြီ'

'ဒါဆို ကလေးမွေးမလဲ အစ်ကို'

'မင်း တောပြန်ပြီး ကလေးမွေးပါ၊ ငါ ပိုက်ဆံရှာပြီး လိုက်လာခဲ့မယ်'

အရက်သမား ဖဲသမား ကိုမြတ်နိုင်က ကြံရာမရလို့ ပြောမိပြောရာ ပြောလိုက်တယ်။ မအိုစာကတော့ သဘောရိုးလို့ ထင်ခဲ့တယ်။ မရောက်တာကြာပြီဖြစ်လို့ မိဘရပ်ထံ ပြန်ချင်တာနဲ့ အတော်ပဲ။

'အဲဒါလည်း ကောင်းတာပဲ အစ်ကိုရယ်၊ ညီမလည်း ပြန်ချင်တာနဲ့ အတော်ပဲ'

'ဒါဆိုရင် သိမ်းစရာရှိတဲ့ပစ္စည်းတွေ သိမ်းထား၊ သန်ဘက်ခါမှာ တောပြန်ကြပေါ့၊ အစ်ကို လိုက်ပို့မယ်'

ဒီလိုနဲ့ မအိုစာတို့လင်မယားဟာ အင်းရဲကြီးရွာကို ရောက်လာခဲ့တယ်။ မိဘနှစ်ပါးကတော့ သမီးနဲ့ သမက် ပြန်ရောက်လာလို့ ဝမ်းသာအားရ ကြိုဆိုခဲ့တယ်။

ကိုမြတ်ခိုင်က အလုပ်ဆင်းဖို့ကိစ္စအကြောင်းပြကာ တစ်ရက် နှစ်ရက်ခန့်နေပြီး ပြန်သွားခဲ့တယ်။ ဒီလိုနဲ့ အင်းရဲကြီးရွာက လက်သည်နဲ့ပဲ ကလေးမွေးဖွားခဲ့တယ်။

ကလေးဟာ သားယောကျ်ားလေး။

နာမည်ကို မောင်ရန်နိုင်လို့ အမည်ပေးလိုက်တယ်။

မအိုစာတို့ မိဘနှစ်ပါးက မြေးကလေးရလို့ ဝမ်းသာမဆုံး တပြုံးပြုံးပေါ့။ မအိုစာကတော့ သူ့ရဲ့ ချစ်သက်ဝေ ချစ်လင်ကို တွေ့လိုဇောနဲ့ နေ့တိုင်းမျှော်နေခဲ့တယ်။

သားကလေးသာ သုံးလတင်းတင်းပြည့်ခဲ့တယ်။ သူမရဲ့ ချစ်လင်ဟာ ပေါ်မလာခဲ့ဘူး။ တစ်နေ့တစ်နေ့ မိဘတွေမသိအောင် နေ့တိုင်းငိုနေခဲ့ရတယ်။

သူမရဲ့ မိခင်ကြီးက မအိုစာကို…





'သမီး… နင့်ယောကျ်ားလည်း လာမခေါ်သေးပါလား'

'အလုပ်မအားလို့ ဖြစ်မှာပေါ့ အမေရယ်၊ ရွာနဲ့ ရန်ကုန်က ဆိပ်မဝေးပါဘူး၊ သူလာမခေါ်လည်း သမီးက ကြီးတော်ကြီး ဒေါ်ဖွားကို ခေါ်သွားမှာပေါ့'

'အေးပါအေ… ညည်းအဆင်ပြေရင် ပြီးတာပဲ'

မအိုစာရဲ့ မိဘနှစ်ပါးဟာ တောသူတောင်သားတွေဆိုတော့ ရိုးသားကြတယ်။ မအိုစာမှာတော့ တစ်နေ့တစ်နေ့ သူ့ယောကျ်ားလာခေါ်နိုးနဲ့ စောင့်စားခဲ့တာ လေးလတင်းတင်းပြည့်ခဲ့ပြီ။ မနေနိုင်တဲ့အဆုံးမှာ သားကလေးမောင်ရန်နိုင်ကို ပိုက်ပြီး ကြီးတော်ကြီးဒေါ်ဖွားကို အကူအညီပြုကာ အင်းစိန်ကို ပြန်လာခဲ့တယ်။

အင်းစိန်ကိုရောက်တော့ ကိုမြတ်ခိုင်ကို မတွေ့ရဘူး။ အိမ်ရှင်ကိုမေးကြည့်တော့…

'ညည်းယောကျ်ားဟာ ညည်းနဲ့အတူ ရွာပြန်သွားကတည်းက ဒီအိမ်ကို ပြန်မလာဘူး၊ အဒေါ်တို့က ညည်းတို့လင်မယား ရွာမှာအတူတူရှိနေတယ်လို့ပဲ ထင်တာ'

'ဒါဆို ကိုမြတ်ခိုင် ဘယ်သွားနေပါလိမ့်'

www.burmeseclassic.com



'သူက မနသိဒ္ဓိဆန်စက်မှာ လုပ်တာဆို၊ အဲဒီဆန်စက်မှာ သွားမေးကြည့်ပေါ့အေ'

'ဟုတ်တယ်၊ ဒါဆို ကျွန်မ လိုက်သွားမှဖြစ်မယ်'

❑ ❑ ❑



## အခန်း (၆)
## ကြမ္မာရိုင်း မုန်တိုင်းဝင်ခဲ့ပြီ

မနသိဒ္ဓိဆန်စက်။

မနသိဒ္ဓိဆန်စက်လို့ ရေးထားတဲ့ ဆန်စက်ထဲကို ဝင်လာခဲ့တယ်။ သူမဟာ တစ်ခါမှမရောက်ဖူးလို့ ကြောက်ဒူးတုန်နေတယ်။

ဒါဟာ ငါ့ရဲ့ယောက္ခမ ဆန်စက်ပဲ။ ဘာကြောင့် စိတ်ဆိုး စိတ်ဆိုး ငါဟာ သူတို့ရဲ့ချွေးမပဲ။ အကြောင်းစုံကို ပြောပြပြီး အသနားခံရမှာပဲ။

အဲဒီအတွေးနဲ့ ဆန်စက်ပိုင်ရှင် သူဌေးကြီးရဲ့အခန်းထဲကို မရဲတရဲနဲ့ ဝင်လာခဲ့တယ်။

www.burmeseclassic.com



'ကလေးမ… ဘာကိစ္စရှိလို့လဲ'

'အဖေ… ကျွန်မဟာ ကိုမြတ်ခိုင်ရဲ့ မိန်းမပါ၊ နာမည်က မအိစာလို့ ခေါ်ပါတယ်'

'ဩော်… မောင်မြတ်ခိုင်ရဲ့ ဇနီးကို၊ ဦးက ဘာလုပ်ပေးရမလဲ'

'အဖေတို့က သူ့ရဲ့အဖေလို့ ပြောပါတယ်၊ အဖေတို့ စေ့စပ်ထားတဲ့ သူဌေးသမီးရှိရက်နဲ့ သမီးကိုယူလို့ အဖေတို့က စိတ်ဆိုးပြီး သမီးကို မခေါ်မပြောဘူးလို့ ပြောပါတယ်၊ ကလေးမွေးရင်တော့ အဖေတို့ စိတ်ပြေတန်ကောင်းပါတယ်တဲ့၊ အခု သမီးဟာ သားကလေးမွေးပါတယ်၊ လေးလသားရှိပါပြီ၊ သမီးကို ခွင့်လွှတ်ပါ၊ စိတ်ဆိုးပြေပါလို့ တောင်းပန်ပါတယ်'

မအိစာက အဲဒီလိုပြောပြီး ယောကျ်ာ်းမလုပ်သူကို ထိုင်ပြီးကန်တော့လိုက်တော့ သူဌေးကြီးက ပြုံးတုံးပျာတာနဲ့…

'ဟေ… မြတ်ခိုင်က အဲဒီလိုပြောသလား'

'ဟုတ်ပါတယ် အဖေ၊ သမီးကလည်း တောသူဆိုပေမယ့် မိဘများဟာ တောသူဌေးတွေပါ'

'ဒုက္ခပါပဲ၊ အားလုံးတော့ မှားကုန်ပြီ'





'ဘယ်လိုမှားတာလဲ အဖေ'

'မြတ်ခိုင်ဟာ ဦးရဲ့သား မဟုတ်ပါဘူး၊ ဒီဆန်စက်အတွက် ခန့်ထားတဲ့ အဝယ်တော်ပါ'

'ရှင်…'

'ဟုတ်ပါတယ်၊ သူဟာ ဦးရဲ့သားမဟုတ်တဲ့အတွက် သူယူလာတဲ့ မိန်းမအပေါ်မှာလည်း စိတ်ဆိုးစရာမရှိပါဘူး'

'ဒါဆိုရင် အခု သူဘယ်မှာရှိပါသလဲ ဦးရယ်၊ သမီးကို ပြောပြပါ'

'ဒီဆန်စက်ထဲမှာ လိုင်းခန်းရှိတယ်၊ အဲဒီလိုင်းခန်းမှာ သူနေဖို့ အခန်းတစ်ခုပေးထားတယ်ကွယ့်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦးရယ်၊ သမီး အဲဒီလိုင်းခန်းကို လိုက်သွားပါရစေ'

မအိစာဟာ ကိုမြတ်ခိုင်ကို ယုံကြည်လွန်းလို့ လင့်တစ်မျက်နှာ တစ်ရွာထင်ကာ လိုက်လာခဲ့သူ။

အခုတော့ သူဌေးဟု အယောင်ဆောင်ထားသည့် အလိမ်အညာလည်း ပေါ်ခဲ့ပြီ။ နဂိုကမှ စိတ်ဆတ်သော မအိစာအဖို့ ဒေါသများဆူဝေနေခဲ့တယ်။ ဒေါသဦးဆောင်သော ခြေလှမ်းများ

www.burmeseclassic.com



နဲ့ လိုင်းခန်းများဆီသို့ သွားခဲ့တယ်။ မကြာခင်မှာ ကိုမြတ်ခိုင်ရဲ့ လိုင်းခန်းရှေ့ကို ရောက်သွားခဲ့တယ်။

'ကိုမြတ်ခိုင် ရှိလား၊ ကိုမြတ်ခိုင်'

အသံခပ်ဆတ်ဆတ်နဲ့ အော်ခေါ်လိုက်တော့ နောက်ဖေးက မိန်းမတစ်ယောက် ထွက်လာပြီး...

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ အစ်မ'

'ငါ ကိုမြတ်ခိုင်နဲ့ တွေ့ချင်လို့'

'ကိုမြတ်ခိုင် မရှိဘူး၊ အပြင်သွားတယ်'

'ဒါနဲ့ ညည်းက ကိုမြတ်ခိုင်နဲ့ ဘာတော်လဲ'

'ကျွန်မက သူ့မိန်းမပါ အစ်မ'

'ဟင်... ညည်းက သူ့မိန်းမ ဟုတ်လား'

မအိစာမှာ နဂိုကပင် ဒေါသထွက်လာတဲ့အထဲ သူ့မိန်းမဆိုသူ အမျိုးသမီးတစ်ဦးကို တွေ့ရသဖြင့် ဒေါသအထွတ်အထိပ်သို့ ရောက်သွားပြီး...

'ဒါနဲ့ ညည်းက ကိုမြတ်ခိုင်နဲ့ ဘယ်တုန်းကယူလိုက်တာလဲ'

'လေးလလောက်ရှိပြီ အစ်မ'





'ဟင်... ဒါဆို ငါ တောမှာ ကလေးသွားမွေးတုန်း ညည်းကို ယူလိုက်တာပေါ့'

'ရှင်... ဒါဆို အစ်မက ဘယ်သူလဲ'

'ငါက ကိုမြတ်ခိုင်ရဲ့ မယားကြီးပဲ'

'ရှင်...'

'ရှင်လုပ်မနေနဲ့၊ ဒီကောင် ဘယ်သွားသလဲ ပြောစမ်း'

'ကျွန်မမှ မသိတာ'

'မသိဦး၊ မသိဦး'

'ဖျန်း...'

'ဖျန်း...'

'ဖျန်း...'

မအိစာက ဒေါသထွက်ထွက်နဲ့ ထိုအမျိုးသမီးငယ်ရဲ့ ပါးကို ဘယ်ပြန်ညာပြန် တဖျန်းဖျန်းမြည်အောင် ရိုက်လိုက်တယ်။

အဲဒီအချိန်မှာ ကိုမြတ်ခိုင် ရောက်လာပြီး...

'မအိစာ... လွှန်မယ်၊ လွှန်မယ်'

ပြောပြောဆိုဆို ဝင်ပြီးဖျန်ဖြေကာ ဝင်အဆွဲ...

'ကာလိမ်ကကျစ်ကောင်... လာခဲ့'

www.burmeseclassic.com



'ဘုန်း…'

'ဘုန်း…'

'ဘုန်း…'

ကျောကုန်းကို တဘုန်းဘုန်းထုပြီး ပွဲကြမ်းခဲ့တယ်။

လိုင်းထဲမှာနေတဲ့ အလုပ်သမားတွေ ရောက်လာပြီး ဝိုင်းဆွဲတော့မှ အဲဒီရန်ပွဲ ရပ်သွားခဲ့တယ်။

'လူလိမ်လူညာ မြတ်ခိုင်၊ နင် ငါ့ကို ဘာမှတ်နေလဲ၊ နင့်လို ယောကျ်ားမျိုးနဲ့ တစ်သက်မပေါင်းဘူး'

သူမဟာ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောဆိုပြီး ပြန်လာခဲ့တယ်။

အိမ်ရောက်တော့…

'ကြီးတော်ကြီးရေ… အဝတ်အစားတွေ အဆင်သင့်ထုတ်ထားတော့'

'ဘာဖြစ်လို့လဲ မအိုစာ'

'ကျွန်မတို့ ရွာပြန်ကြမယ်'

'ဒါနဲ့ မောင်မြတ်ခိုင်ရော'

'အမလေး… သူ့အကြောင်းကတော့ မပြောချင်ပါဘူး ကြီးတော်ကြီးရယ်၊ ကျွန်မ အခု သူနဲ့ကွဲခဲ့ပြီ'





'ဘယ်လိုဖြစ်ရတာတုန်း မအိုစာရယ်'

မအိုစာက ဖြစ်သမျှအလုံးစုံကို ငိုသံနှောပြီး ကြီးတော်ကြီးကို ပြောပြခဲ့တယ်။ ဒီတော့ အိမ်ရှင်အဒေါ်ကြီး ရောက်လာပြီး…

'မအိုစာရယ်… အဒေါ်က မောင်မြတ်ခိုင်အကြောင်း သိတာ ကြာပြီကွယ့်၊ သူက မိန်းမရှုပ်တယ်၊ အရက်လည်းသောက်တယ်၊ လောင်းကစားလည်း မကျန်ဘူး၊ ဒါပေမဲ့ မင်းတို့လင်မယား အဒေါ့်ကြောင့် ရန်ဖြစ်မှာစိုးလို့ မပြောတာကွယ့်'

'အဒေါ်ရယ်… ကျွန်မကိုယ်က ကံဆိုးတာပါ၊ ကောင်းကောင်းမွန်မွန် ယောကျ်ားတွေ အများကြီးရှိတဲ့ကြားထဲမှာ မြို့သားကိုမှ လင်တော်ချင်တော့ အခုလို ဒုက္ခမျိုးနဲ့ တွေ့ကြုံရတာပေါ့ အဒေါ်ရယ်၊ သူလို ယောကျ်ားကို မပေါင်းနိုင်လို့ ကွဲခဲ့ပြီ အဒေါ်ရယ်'

'စဉ်းစားပါဦး မအိုစာရယ်'

'စဉ်းစားဖို့ အချိန်မရှိတော့ဘူး၊ အဒေါ့်ရဲ့အိမ်ကို အဒေါ့်ကို ပြန်အပ်ပါတယ်၊ ကျွန်မတို့ ဒီနေ့ပဲ တောပြန်တော့မယ်'

'စိတ်မကောင်းပါဘူး မအိုစာရယ်'

www.burmeseclassic.com



မအိစာဟာ သားငယ်ကလေးကိုပိုက်ပြီး ရွာကိုပြန်သွားခဲ့တယ်။ ရွာရောက်တယ်ဆိုရင်ပဲ ချက်ချင်းပြန်လာလို့ အဖေအမေတွေက ဝိုင်းပြီး မေးမြန်းခဲ့ကြတယ်။

မအိစာက အဖြစ်မှန်ကို ငိုကြီးချက်မနဲ့ ပြောပြခဲ့တယ်။

'အဖေ… သမီး အလိမ်ခံခဲ့ရပြီ အဖေရဲ့'

'ဟဲ့… ဘယ်လို… ဘယ်လို…'

'အဖြစ်ကတော့ ဒီလိုပါ အဖေရယ်'

အဲဒီလို အစချီပြီး လူလိမ်တစ်ယောက်ရဲ့ ဇနီးဖြစ်ခဲ့ကြောင်း ပြောလိုက်တော့…

'တောက်… ဖြစ်မှဖြစ်ရလေတယ် သမီးရယ်'

ဖခင်ကြီးဟာ သမီးအတွက် ရှက်ဒေါသဖြစ်ပြီး အကြီးအကျယ် စိတ်မကောင်းဖြစ်သွားခဲ့တယ်။ ဒေါ်ပိုက်မိကလည်း နဂိုကမှ ဒေါသကြီးတဲ့သူမို့ အော်ကြီးဟစ်ကြီးနဲ့ ပြောတဲ့အတွက် ဒီကိစ္စကို တစ်ရွာလုံးသိသွားခဲ့တယ်။

'ဟဲ့ … ဟိုကောင်မ… အိစာသတင်း ကြားပြီးပြီလား'

'ကြားပြီးပါပြီတော်၊ လူလိမ်က သူ့ကိုယ်သူ သူဌေးသား





ဆိုပြီး လိမ်ပြီး မင်္ဂလာဆောင်တာတဲ့၊ အခုတော့ ကလေးတစ်ယောက်နဲ့ ပြန်လာဆိုပါလား'

'ဒါပေါ့အေ… သိပ်မာနကြီးတဲ့ ကောင်မ၊ ရွာနားက ရွာမြက်မစားဘူးတဲ့၊ မြို့သားယူတော့ ကလေးတစ်ယောက်နဲ့ ဘိုးလိုးတွဲလောင်းဖြစ်ပြီပေါ့'

'ဒါကြောင့် အေးမောင်တို့ ကာလသားအုပ်စုက လင်စံရွေးတဲ့မိန်းမ လင်ခွေးနဲ့ရတာလို့ ပြောကြတာ'

အင်းရဲကြီးရွာက ကျဉ်းကျဉ်းလေးဆိုတော့ မအိစာရဲ့သတင်းဟာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပြီး အားမနာပအတင်းအဖျင်းစကားတွေဟာ နားမဆံ့အောင် ကြားခဲ့ရတယ်။

မအိစာရဲ့ ဖခင်ကြီးဟာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီး မကြာခင်မှာ သမီးရဲ့စိတ်ကြောင့် သေဆုံးသွားခဲ့တယ်။ ဒေါ်ပိုက်မိကလည်း ရောဂါဖြစ်ပြီး တရှောင်ရှောင်ဖြစ်လာခဲ့တယ်။

မအိစာကတော့ သူ့ရဲ့အဖြစ်ဆိုးကြောင့် ခေါင်းမဖော်ဝံ့အောင်ဖြစ်ပြီး အိမ်ထဲက အိမ်ပြင်တောင် မထွက်တော့ဘဲ ရွာသူရွာသားတွေနဲ့ အဆက်ဖြတ်နေခဲ့တယ်။ သူမဟာ အထီးကျန်ဆန်စွာနေထိုင်ရင်း ဘယ်သူ့ကိုမှ မကျေနပ်တဲ့ စိတ်ရိုင်းတွေ ဝင်လာခဲ့တယ်။

www.burmeseclassic.com



တစ်ခါတစ်ရံမှာ မကောင်းတဲ့ အကုသိုလ်ကံတရားဟာ အပေါင်းအဖော်နဲ့ ဆိုက်ရောက်လာတတ်တယ်။ ဖြစ်ပုံက အင်းရဲကြီးရွာမှာ နွေဦးရာသီရောက်စမှာ တစ်ရွာလုံးမီးလောင်ခဲ့တယ်။ မအိုစာတို့ရဲ့ စပါးကျီတွေလည်း မီးလောင်ပြီး စပါးတွေအားလုံး ဆုံးရှုံးကုန်တယ်။

နောက်နှစ်တွေမှာ မိုးခေါင်ပြီး စပါးသိပ်မထွက်ပြန်ဘူး။ ဒါနဲ့ လယ်ကွက်တွေကို ရောင်းစားရင်းနဲ့ လယ်တွေ တဖြည်းဖြည်းကုန်သွားတယ်။ ဒေါ်ပိုက်မိကြီးကလည်း မကျန်းမာတော့ ဆေးကုရတာနဲ့ မအိုစာဟာ တော်တော်ဆင်းရဲသွားခဲ့တယ်။ ဒေါ်ပိုက်မိကြီးရဲ့ ရောဂါကလည်း မသက်သာပါဘူး။ ငွေကုန် လူပန်းနဲ့ ရှိတာကုန်မှပဲ ကွယ်လွန်သွားခဲ့တယ်။ သားအမိနှစ်ဦးဟာ ချို့ချို့တဲ့တဲ့နဲ့ ဘဝကို ရုန်းကန်ခဲ့ကြတယ်။ သားကလေး တစ်ဆယ့်ငါးနှစ်သားအရွယ်ရောက်လာတော့ . . .

သူ့အမေကို စာရင်းငှားလုပ်ပြီး ကျွေးမွေးခဲ့တယ်။

မအိုစာအတွက် ကံဆိုးတဲ့နေ့ရက်များလို့တောင် ပြောရမလား မသိပါ။ အဲဒီနေ့က မအိုစာရဲ့ သားကလေး မောင်ရန်နိုင်ဟာ လယ်တောကိုအသွား မြွေကိုက်ပြီး သေဆုံးခဲ့ပြန်တယ်။





မအိုစာဟာ သူ့သားလေးအတွက် ဝမ်းနည်းကြေကွဲလွန်းလို့ သတိလစ်ပြီး လဲကျသွားခဲ့တယ်။ ရွာသူရွာသားတွေက ဝိုင်းပြီးပြုစုပေးမှ သတိပြန်ရလာတယ်။

သူမဟာ သတိပြန်ရလာပေမယ့် စိတ်က ကယောက်ကယက်နဲ့ သိပ်ပြီးမှုမမှန်တော့ဘူး။ အစားလည်း မမှန်။ အအိပ်လည်း မမှန်တော့ သူမရဲ့ရောဂါဟာ ပိုဆိုးလာခဲ့တယ်။

အဲဒီအချိန်မှာ သူမရဲ့ မိဘများလက်ထက်က ကျေးဇူးရှိခဲ့ဖူးတဲ့ စာရင်းငှားကို လူမောင်က သူ့ကို ကျွေးမွေးစောင့်ရှောက်ပြီး ဆေးကုသပေးလို့ တော်တော်ပြန်ကောင်းလာခဲ့တယ်။ ဒါပေမဲ့ သူမဟာ လောကဓံတရားရဲ့ ထိုးနှက်မှုကို ရက်ရက်စက်စက် ခံခဲ့ရတဲ့သူမို့ စိတ်သိပ်ပြီးမမှန် ဖြစ်ခဲ့တယ်။

ကိုလူမောင်က စောင့်ရှောက်ထားရင်းနဲ့ သူမ အသက်ငါးဆယ်အရွယ်မှာ ကိုလူမောင် ဆုံးပါးသွားပြန်တယ်။ အဲဒီအချိန်ကစပြီး သူမဟာ ရွာထဲမှာမနေတော့ဘဲ ရွာရဲ့သုသာန်မှာ သူ့မိဘများ ဆောက်ထားတဲ့ ဇရပ်မှာသွားနေရင်း တောင်းရမ်းစားသောက်ခဲ့တယ်။

တောင်းရမ်းစားသောက်တယ်ဆိုပေမယ့် သူမက သနား

www.burmeseclassic.com



အောင်ပြောပြီးတောင်းတာမျိုး မဟုတ်ဘူး။ နဂိုကမှ မာနကြီးကြီး ချမ်းသာတဲ့ဘဝက မာန်မာနတွေ အရှိန်ကျန်သေးတော့ တောင်းတာတောင် လေသံက ခပ်မာမာပဲ။

တချို့က သူမရဲ့အကြောင်းကို သိနေတော့ ပေးလိုက်ကြတယ်။ တချို့ကလည်း သူတောင်းတိုင်း မပေးဘူး။

သူတောင်းတိုင်းမပေးတဲ့သူတွေကို သူမက ကျိန်စာတိုက်တော့တာပဲ။ သူ့ကိုယ်သူလည်း နတ်စီးတဲ့လူလိုလို ပြောလားပြောရဲ့။

ဒါနဲ့ သူမ သင်္ချိုင်းမှာနေတဲ့အကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ သူမဟာ ဘာကြောင့် ရွာထဲမှာမနေတာလဲ။

သူမကို မေးပေမယ့် သူမက ဖြေချင်မှဖြေတာ။

ဒါကြောင့် သူမကို ဘယ်သူကမှ မမေးရဲကြဘူး။

သူမရဲ့ မိဘများက သင်္ချိုင်းကလာတဲ့လူတွေ တရားနာဖို့ ဇရပ်တစ်ဆောင် ဆောက်ထားခဲ့ကြတယ်။ အခုတော့ သူမအတွက်ရည်ရွယ်ပြီး တမင်ဆောက်ထားသလို ဖြစ်နေတယ်။

အဲဒီသင်္ချိုင်းကလည်း အများနဲ့မတူတဲ့ သင်္ချိုင်းပဲ။ သင်္ချိုင်းဟာ ရွာနှစ်ရွာရဲ့အကြားမှာရှိပြီး တော်တော်လေးကျယ်ဝန်းတယ်။





ပြောရရင်တော့ သင်္ချိုင်းက နှစ်ခု။

အင်းရဲကြီးရွာသင်္ချိုင်းနဲ့ ရွာတန်းရှည်ရွာက သင်္ချိုင်းနှစ်ခုပေါ့။ အဲဒီသင်္ချိုင်းနှစ်ခုကြားမှာ ပဒိုင်းပင်တွေ ကုက္ကိုပင်တွေနဲ့ သရက်ပင်တွေ ပေါက်နေတယ်။ ပဒိုင်းပင်က သင်္ချိုင်းနှစ်ခုရဲ့ ခြံစည်းရိုးလို့တောင် ပြောရမလိုပဲ။

အင်းရဲကြီးရွာက အသုဘချရင် ပဒိုင်းပင်တွေရဲ့ အရှေ့ဘက်က ကွက်လပ်မှာချတယ်။ ရွာတန်းရှည်ရွာက အသုဘချရင် ပဒိုင်းပင်တွေရဲ့ အနောက်ဘက်မှာ ချတယ်။ အဲဒီရဲ့အကြားမှာတော့ ကုက္ကိုပင်တွေနဲ့ သရက်ပင်တွေ ရှိတယ်။ အဲဒီအပင်တွေမှာ ညဘက်ဆိုရင် လင်းနို့တွေ အုပ်စုလိုက်နေထိုင်ခဲ့တယ်။

ပဒိုင်းပင်မှာလည်း ပဒိုင်းသီးတွေ အများကြီးသီးနေတယ်။ ပဒိုင်းသီးဆိုတာကတော့ 'ဆုပ်လည်း စူး၊ စားရင်လည်း ရူးတတ်တယ်' လို့ စာဆိုရှိတယ်။ တစ်ခါတလေ ပဒိုင်းသီးတွေခြောက်ပြီး အထဲက အမှုန့်တွေ လေထဲလွင့်လာရင်တောင် အဲဒီလေကို ရှူမိတဲ့သူတွေဟာ မူးမော်စေတယ်။

ဟိုးအရင်ကတည်းက အင်းရဲကြီးသင်္ချိုင်းဟာ အေးဆေးငြိမ်သက်နေခဲ့တယ်။ ဒါပေမဲ့ မကြာသေးခင်ကမှ အဲဒီသင်္ချိုင်းနဲ့

www.burmeseclassic.com



ပတ်သက်ပြီး လှုပ်လှုပ်ရှရှဇာတ်လမ်းတွေ ပေါ်ပေါက်လာခဲ့တယ်။ အဲဒါကတော့ ကိုပြားကြီးနဲ့ ကိုပြားလေး စတဲ့ ဇာတ်လမ်းပဲ။

ရွာတန်းရှည်ရွာကို ကိစ္စတစ်ခုနဲ့ သွားခဲ့ကြတယ်။ အလုပ်ကိစ္စပြီးတဲ့အချိန် ညနေစောင်းလောက်မှာ အရက်ဝိုင်းဖွဲ့ပြီး သောက်လိုက်ကြတာ ညကိုးနာရီကျော်၊ ဆယ်နာရီနီးပါးဖြစ်သွားခဲ့တယ်။

ဒီတော့မှ ကိုရင်ပြားတို့ညီအစ်ကို အိမ်ပြန်ဖို့ သတိရခဲ့တယ်။

'ကဲ… အစ်ကိုရေ… ကျွန်တော်တို့ ပြန်တော့မယ်'

အရက်မူးနေလို့ လျှာလေးအာလေးနဲ့ နှုတ်ဆက်လိုက်တယ်။

'အေး… အေး… မင်းတို့ပြန်ရင် သင်္ချိုင်းနှစ်ခုကို ဖြတ်ကျော်ပြီး ပြန်ရမှာဆိုတော့ သတိထားပြီးပြန်ပါ ငါ့ညီတို့ရာ'

မှန်ပါတယ်။ ရွာတန်းရှည်ရွာနဲ့ အင်းရဲကြီးရွာ နှစ်ရွာကြားမှာ သင်္ချိုင်းနှစ်ခုရှိတယ်။ ကိုပြားတို့အိမ်က ရွာအနောက်ပိုင်းမှာဆိုတော့ အနီးဆုံးလမ်းက အဲဒီကဖြတ်သွားရမှာပဲဖြစ်တယ်။ ကိုပြားတို့ညီအစ်ကိုကလည်း သတ္တိခေသူမဟုတ်။ အရက်သောက်ထားတော့ ပိုပြီးသွေးဆူနေတယ်။





'အစ်ကိုတို့ရာ… ကျွန်တော်တို့ကို မစိုးရိမ်ပါနဲ့၊ ဒီနေရာက ကျွန်တော်တို့ ဖြတ်သွားနေကျလမ်းပဲ၊ ဘာကြောက်စရာရှိလို့လဲ'

'မင်းတို့ပြောတာလည်း ဟုတ်ပါရဲ့ကွာ၊ ဒါပေမဲ့ ညရေးညတာဆိုတော့ သတိထားဖို့ ပြောတာပါ'

'အစ်ကိုတို့ရာ… ကျွန်တော်တို့ညီအစ်ကိုက ကြောက်တဲ့အမွေး တစ်မွေးတောင်မပါပါဘူး'

ကိုပြားကြီးက လျှာလေးကြီးနဲ့ ပြောလိုက်ရာ…

'ဟုတ်ပါတယ် အစ်ကိုတို့ရာ၊ ကြောက်မွေးပါရင်တောင် ဓာဂနာနဲ့ ဆွဲနုတ်ပစ်လိုက်မှာပေါ့ဗျာ'

ကိုပြားလေးက ဒီလိုပြန်ပြောလိုက်တယ်။

'အေးပါကွာ… မင်းတို့နှစ်ယောက်က မူးနေတော့ သတိထားဖို့ပြောတာပါ'

'ရပါတယ် အစ်ကိုတို့ရာ၊ ဒီသင်္ချိုင်းက ကျွန်တော်တို့ ငယ်ငယ်လေးကတည်းက သရက်သီးသီးချိန်ဆိုရင် သွားပြီးခူးစားနေကျပါဗျ'

'အေး… အေး… ဒါဆို သွားကြပေတော့'

www.burmeseclassic.com



'သွားပြီ အစ်ကိုတို့ရေ၊ သွားပြီဗျို့'

ကိုရင်ပြားတို့ ညီအစ်ကိုနှစ်ယောက် ရွာတန်းရှည်ရွာက ကိုချစ်မောင်တို့အိမ်က ဒယိမ်းဒယိုင်နဲ့ ထွက်သွားခဲ့တယ်။ ကိုချစ်မောင်က သူတို့နှစ်ယောက်ကို မျက်စိတဆုံးကြည့်ပြီး ကျန်ရစ်ခဲ့တယ်။

□ □ □



## အခန်း (၇)
## ပဒိုင်းပင်ကြားက ညည်းညည်းကောင်ကြီး

ကိုပြားကြီးနဲ့ ကိုပြားလေးတို့ ညီအစ်ကိုနှစ်ဦးဟာ ရွာတန်းရှည်ရွာကြီးရဲ့ အနောက်ဘက်ကို လျှောက်လာခဲ့ကြတယ်။ လူခြေတိတ်အချိန်ဖြစ်လို့ ရွာရဲ့လမ်းမပေါ်မှာ လူသွားလူလာမရှိ။ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ရွာထဲက တဲအိမ်ကလေးတွေတောင် မီးခွက်မှုတ်ပြီး အိပ်နေကြပြီ။

တဖြည်းဖြည်းနဲ့ ရွာရဲ့အစွန်ဆုံးကို ရောက်လာခဲ့ပြီ။ အိမ်ခြေဆိုလို့ တစ်လုံးမှမရှိတော့ဘူး။ ကွင်းပြင်ကြီးကို ရောက်နေပြီ။ ခပ်လှမ်းလှမ်းကို လှမ်းကြည့်လိုက်ရင် သင်္ချိုင်းက သစ်ပင်ကြီးတွေ မြင်နေရပြီ။

www.burmeseclassic.com



အဲဒီအချိန်မှာ သချိုင်းဘက်က…

'အူး… အူး… အူး…'

'အူး… အူး… အူး…'

ဆိုတဲ့ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးအူသံများ ပေါ်လာခဲ့တယ်။

'အစ်ကိုပြား… သချိုင်းထဲက ခွေးအူသံတွေ ကြားတယ် မဟုတ်လား'

'အူမှာပေါ့ကွာ၊ မင်းကလည်း'

ကိုပြားလေးရဲ့ စိတ်ထဲမှာ ခွေးအူသံကြောင့် နည်းနည်း ကြောက်စိတ်ဝင်လာသလိုပဲ။ ဒါပေမဲ့ သူတို့ဟာ ဒီကွင်းပြင်ကြီးက ဖြတ်ပြီး သချိုင်းဆီကို သွားနေခဲ့ကြတယ်။

'အူး… အူး… အူး…'

'အူး… အူး… အူး…'

ဒီအချိန်မှာ သချိုင်းက ခွေးအူသံတွေကြားလို့ ရွာထဲက ခွေးတွေကလည်း ဆွဲဆွဲငင်ငင် အူလိုက်တယ်။

'အစ်ကိုပြား… ရွာထဲက ခွေးတွေကလည်း အူပြန်ပြီ ဘာကြောင့် ဒီလောက်တောင်အူနေမှန်း မသိပါဘူး အစ်ကိုရယ်'





'မင်းကလည်း ငယ်ငယ်ကအကျင့်ကို မဖျောက်ဘူး၊ ခွေးအူသံကြားတာနဲ့ ကြောက်နေပြီမဟုတ်လား'

'ကြောက်တော့ မကြောက်ပါဘူး အစ်ကိုပြားရာ၊ အဘွား ပြောတဲ့စကားကို သတိရလို့'

'ဘာများလဲကွာ'

'ဩော်… အဘွားက ကျွန်တော်တို့ ငယ်ငယ်တုန်းက အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပြတယ်လေ'

'အေး… ငါမေ့နေလို့ ပြောစမ်းပါကွာ'

'အခုလို ညဘက်ဆိုရင် သချိုင်းထဲက သရဲတစ္ဆေတွေက ရွာထဲဝင်ပြီး အစာရှာတယ်ဆိုပဲ'

'ဟေ့ကောင်… မင်း ဖောက်မလာနဲ့နော်'

'ဩော်… အဲဒီ သရဲတစ္ဆေတွေဟာ သချိုင်းကထွက်လာရင် အဲဒီထဲမှာရှိတဲ့ ခွေးတွေက ဆွဲဆွဲငင်ငင်အူသတဲ့၊ နောက်ပြီး အဲဒီအကောင်တွေ ရွာထဲကိုဝင်လာရင် ရွာထဲက ခွေးတွေက ဆွဲဆွဲငင်ငင်အူပြန်ရောတဲ့'

'မင်းကလည်း တောက်တီးတောက်တဲ့ကွာ'

'အဲဒါကို ကျွန်တော် စဉ်းစားမိလို့ပါ၊ အဲဒီလို ခွေးတွေ

www.burmeseclassic.com



ဘာကြောင့်အူသလဲဆိုတော့ ခွေးတွေက မကောင်းဆိုးဝါးတွေကို မြင်ရသတဲ့၊ ဒါကြောင့် အူတာတဲ့’

‘မင်းကလည်းကွာ၊ ဒါတွေက အိပ်ရာဝင်ပုံပြင်တွေပါကွာ’

‘အစ်ကိုပြားရာ… စောစောက ခွေးအူသံတွေက သင်္ချိုင်းဘက်က လာတာဆိုတော့ အကောင်းဆိုးဝါးတွေ အစာရှာဖို့ စပြီး ထွက်လာကြပြီနဲ့တူတယ်’

‘မင်းကလည်း ပေါက်တီးပေါက်ရာ’

‘ရွာထဲက ခွေးအူသံတွေကြားရပြန်တော့ ဒီကောင်တွေ ရွာထဲများရောက်သွားပြီလား မသိဘူး’

‘မင်းကလည်း ပိုသာဆိုးဖြစ်လာပြီ’

ထိုစဉ်…

လေခပ်ပြင်းပြင်းတိုက်ခတ်လာရာ သစ်ရွက်ခြောက်များ၊ သဲဖုန်များ လွင့်လာသလို ဘေးတစ်ဖက်တစ်ချက်ရှိ သစ်ကိုင်းများက မကောင်းဆိုးဝါးများ ကခုန်နေတဲ့အလား ယိမ်းနွဲ့နေတယ်။

တဖြည်းဖြည်းနဲ့ ရွာတန်းရှည်ရွာရဲ့ သင်္ချိုင်းနံဘေးနားကို ရောက်လာခဲ့တယ်။





‘ဟူး… ဟူး… ဟူး…’

‘ဟူး… ဟူး… ဟူး…’

‘ဖျစ်… ဖျစ်… ဖျစ်…’

‘အစ်ကိုပြား… ဘာသံတွေလဲ’

‘လေသံခပ်ပြင်းပြင်းတိုက်လို့ သစ်ကိုင်းချင်းပွတ်မိတဲ့ အသံတွေပါကွာ’

‘ဟုတ်ရဲ့လား အစ်ကိုရာ’

သည့်တွင်…

‘ဖျောက်… ဖျောက်… ဖျောက်…’

‘ဖျပ်… ဖျပ်… ဖျပ်…’

ခြေသံလိုလို အသံများ ထပ်မံကြားလိုက်ရာ…

‘အစ်ကိုပြားရေ… သင်္ချိုင်းထဲက အသံတွေကြားနေရတယ်။ ကျွန်တော်တို့ ပြေးကြစို့’

‘ဘာလို့ပြေးရမှာလဲကွာ၊ အရက်သမားသိက္ခာကျတယ်’

‘သိက္ခာကျရင်ကျ၊ မကျရင် နေဗျာ၊ ကျွန်တော်တို့ပြေးတာ ဘယ်သူသိတာမှတ်လို့’

‘အရင်က တော်တော်မူးနေပြီကွ၊ ပြေးတော့ သိပ်မပြေး

www.burmeseclassic.com



နိုင်ဘူး၊ ဒါပေမဲ့လည်း သိပ်အကြောက်မလွန်ပါနဲ့ကွာ၊ ညဘက်ဆိုတာ သွေးလေချောက်ချားတတ်တယ်ကွ၊ ညက မာယာများတယ်’

‘မာယာတွေ ဘာတွေ ကျွန်တော် နားမလည်ဘူး အစ်ကို၊ ဒီညကတော့ ဒီပြင်ညတွေနဲ့ မတူဘူး၊ တော်တော်ချောက်ချားစရာပဲ’

‘ချောက်ချားတယ်ဆိုတာ လူပျော့လူညံ့ရဲ့ အလုပ်ပါ ညီလေးရာ၊ နောက်ပြီး ဝိညာဉ်ဆိုတာ ခြောက်လှန့်ရုံလောက်ရှိတာ၊ လက်တွေ့ ဘာမှမလုပ်နိုင်ပါဘူးကွာ’

‘အစ်ကိုပြားပဲ အပြောကောင်းတယ်၊ ဒီလိုညမျိုးမှာ ကြောက်စရာသတ္တဝါကြီး၊ သင်္ချိုင်းကုန်းထဲက ထွက်လာကြည့်ပါလား’

‘ဒါကတော့ ပုထုဇဉ်ဆိုတာ ကြောက်စရာနဲ့တွေ့ရင် ကြောက်တတ်တယ်ကွ’

စကားတပြောပြော ဒယိမ်းဒယိုင်နဲ့ ညီအစ်ကိုနှစ်ဦး သိုင်းကွက်နင်းကာ လျှောက်လှမ်းလာခဲ့ကြသည်။ မလင်းတလင်း ညအမှောင်အောက်တွင် သင်္ချိုင်းကိုဖြတ်ကျော်လာသူ ညီအစ်ကို





နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ဖေးမရင်း ကြောက်စိတ်ကို ဖြေဖျောက်နေခဲ့တယ်။

အဲဒီအချိန်မှာ သင်္ချိုင်းထဲက…

‘ဖျပ်… ဖျပ်… ဖျပ်…’

အသံနဲ့အတူ မည်းမည်းသတ္တဝါတစ်ကောင်ဟာ အစ်ကိုပြားရဲ့ မျက်နှာကို ရိုက်လိုက်တယ်။

‘အား… လုပ်ကြပါဦး၊ ငါ့မျက်နှာကို ရိုက်တာ ဘာကောင်လဲ’

‘ဖျပ်… ဖျပ်… ဖျပ်…’

‘ဟဲ့… ဟဲ့… လုပ်ကြပါဦး’

‘အစ်ကိုပြားရေ… ပြေးဗျို့၊ ဘာကောင်မှန်း မသိဘူး’

အစ်ကိုပြားလည်း နဂိုကပင် ကြောက်ရတဲ့အထဲ မည်းမည်းသတ္တဝါတစ်ကောင်ရဲ့ ရိုက်ချက်ကြောင့် ပြေးမိပြေးရာ လွတ်ပြေးရာ ကိုရင်ပြားတို့ညီအစ်ကိုမှာ ရွာတန်းရှည်ရွာသင်္ချိုင်းမှ လွန်လာပြီး သူတို့ရွာဖြစ်တဲ့ အင်းရဲရွာကြီးရဲ့ သင်္ချိုင်းဇရပ်နားကို ရောက်လာခဲ့တယ်။

‘ညီလေးရေ… အစ်ကိုတော့ ပြေးရလွန်းလို့ အမောဆို့နေပြီ၊ ဟောဟိုက ဇရပ်မှာ ခဏနားမှဖြစ်မယ်’

www.burmeseclassic.com



'ကောင်းတယ် အစ်ကို၊ ဒီနေရာက ကျွန်တော်တို့ရဲ့ ရွာသင်္ချိုင်းက ဇရပ်ပဲ၊ အဲဒီမှာ နားမယ်'

ပြောပြောဆိုဆို အင်းရဲကြီးရွာက ဇရပ်ကြီးပေါ်မှာထိုင်ပြီး အမောဖြေလိုက်တယ်။

'ဟူး… မောလိုက်တာ'

အစ်ကိုပြားက အစဦးပြောလိုက်တယ်။

'ဟုတ်ပါရဲ့ အစ်ကိုပြားရယ်၊ ပြေးရလွှားရနဲ့ မောလိုက်တာ၊ စောစောက သောက်ထားတဲ့ အရက်တွေတောင် ဘယ်ရောက်ကုန်ပြီလဲ မသိဘူး'

'အေးကွာ… ဒါကြောင့် ကိုချစ်မောင်တို့က ငါတို့ကို သတိထားပြီးသွားပါလို့ ပြောတာ'

'အစ်ကိုပြားတို့ အဲဒီလိုပြောတုန်းကတော့ အစ်ကိုပဲ ရပါတယ်ဆို၊ သရဲတစ္ဆေက ခြောက်ရုံလှန့်ရုံဆို'

'အေးကွ… ငါကြားဖူးတာတော့ သရဲတစ္ဆေဆိုတာ ကြောက်ရုံလှန့်ရုံ ခြောက်တတ်တယ်တဲ့၊ အခုတော့ မည်းမည်းကောင်ကြီးက သင်္ချိုင်းထဲကထွက်လာပြီး ငါ့မျက်နှာကို လက်ဝါးနဲ့ရိုက်လိုက်တာများ တဖျန်းဖျန်းနဲ့'





'အစ်ကိုပြား… အဲဒီကောင်ကြီးကို ကျွန်တော် တွေ့လိုက်တယ်၊ ခေါင်းတွေ ခြေထောက်တွေ မပါဘူး၊ လက်ချည်းပဲ ထွက်လာပြီး ရိုက်တာ'

'ငါကတော့ ဘာမှမမြင်ရဘူး၊ ငါ့ရဲ့မျက်နှာကို ရိုက်လိုက်မှ သိတာ'

'အစ်ကိုက ဘယ်သိပါ့မလဲ၊ လမ်းဘက်ကနေ ကြည့်နေတာကိုး'

သူတို့နှစ်ဦး အမောဖြေရင်း ထိုင်ပြောနေစဉ်…

သင်္ချိုင်းဂူများ၏ အနောက်ဘက်တွင် ပေါက်နေသော ဒိုင်းပင်များသည် တဖြည်းဖြည်း လှုပ်ယမ်းနေသည်ကို တွေ့လိုက်ရတယ်။

'အစ်ကိုပြား'

'ဘာတုန်းကွ'

'ဟောဟို ဂူတွေရဲ့ အနောက်ဘက်နားက ပဒိုင်းပင်တွေ လှုပ်နေသလားလို့'

'မင်းကလည်းကွာ… အမောတောင် မပြေသေးဘူး၊ ဒိုင်းပင်က သရဲက ခြောက်လှန့်နေပြီလား'

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ပဒိုင်းတွေကို သေသေချာချာကြည့်စမ်းပါ၊ တစ်ပင်နဲ့တစ်ပင် ယိမ်းထိုးနေတယ်'

'မင်းပြောလို့ ငါကြည့်စမ်းမယ်၊ မှန်း...'

လပြည့်နေ့ည လရောင်ရဲ့အလင်းဟာ ညဥ့်နက်လေလေ မိုးလင်းလေလေပါပဲ။ ဒါကြောင့် သစ်ပင်တွေကို လှမ်းကြည့်လိုက်တဲ့အခါမှာ ပဒိုင်းတွေဟာ တကယ်ပဲ ယိမ်းထိုးနေတယ်။

အစ်ကိုပြားကြီးက သူ့မျက်စိကို လက်နှစ်ဖက်နဲ့ ပွတ်သပ်ကြည့်လိုက်တယ်။

'အေး... ဟုတ်တယ် ညီလေးရဲ့၊ ပဒိုင်းပင်တွေ လေမတိုက်ဘဲ လှုပ်နေတယ်ကွ'

'ဒီညတော့ ဘယ်လိုဖြစ်နေသလဲ မသိဘူး၊ တွေ့လိုက်ရင် အထူးအဆန်းချည်းပဲ'

'ညီလေး... ညီလေး... ပဒိုင်းပင်တွေကို ကြည့်လိုက်စမ်း'

'ဘာတွေ့လို့လဲ အစ်ကို'

'ဘာတွေ့ရမှာလဲ၊ အဲဒီအပင်တွေရဲ့ကြားမှာ မည်းမည်းကောင်ကြီးတစ်ကောင် လှုပ်ရှားနေတာ တွေ့ရတယ်'





'ဟင်... ဟုတ်လား အစ်ကို၊ ဒါဆိုရင် မကောင်းဆိုးဝါးတွေနေမှာ'

'မင်း သေသေချာချာကြည့်လိုက်ပါဦး၊ တကယ့်မည်းမည်းကောင်ကြီးတစ်ကောင်ကွ'

အစ်ကိုပြားရဲ့ အပြောကြောင့် ညီလေးမှာ ထိုနေရာသို့ လှမ်းကြည့်လိုက်တယ်။

ပဒိုင်းပင်တွေရဲ့ကြားမှာ မည်းမည်းအရိပ်လိုလို မသဲကွဲတဲ့ သတ္တဝါတစ်ကောင်ဟာ လှုပ်ရှားသွားတာ မြင်လိုက်တယ်။

'ဟုတ်တယ် အစ်ကိုပြားရေ၊ မည်းမည်းအရိပ်လိုလို လှုပ်နေတယ်'

'အေးကွ... နည်းနည်းလည်း ဝေးတယ်၊ လရောင်ကလည်း သိပ်မလင်းဆိုတော့ သိပ်မသဲကွဲဘူးပေါ့ကွာ'

'အဲဒါ ဘာကောင်ဖြစ်နိုင်မလဲ အစ်ကိုပြား'

'ညအချိန်မတော်မှာ တွေ့တာဆိုတော့ လူတော့မဖြစ်နိုင်ဘူး၊ မဟုတ်မလွဲရော၊ မကောင်းဆိုးဝါးများလား'

'မကောင်းဆိုးဝါးဖြစ်လည်း အခုလိုဝေးဝေးနေရင် မကြောက်ဘူး၊ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့နား ရောက်လာရင်တော့ ပြေးမှာပဲ'

www.burmeseclassic.com



သည်လိုပြောနေစဉ်မှာ ပဒိုင်းပင်ဘက်က ခပ်မည်းမည်း သတ္တဝါတစ်ကောင် ပျံသန်းလာခဲ့တယ်။ အဲဒီသတ္တဝါဟာ လျှင်မြန်စွာ ညီလေးကိုပြားလေးဆီကို ပျံသန်းလာပြီး…

'ဖျန်း… ဖျန်း… ဖျန်း…'

'အမလေး… ကြောက်ပါပြီဗျ'

ကိုပြားလေးက ကြောက်အားလန့်အားနဲ့ အော်ပြီး တပြေးလိုက်တယ်။

'ဟော့ကောင်… မပြေးနဲ့'

ကိုပြားကြီးက အဲဒီလိုအော်ပြီး သူ့နောက်က အပြေးလိုက်ခဲ့တယ်။

'မဲပြေးလို့ မဖြစ်ဘူး၊ လက်မည်းကြီးနဲ့ ရိုက်တယ် ရိုက်တယ်'

'ညီလေး… နေပါဦး'

ပုဆိုးမနိုင်အောင်ပြေးနေတဲ့ ညီလေးနောက်ကို အပြေးလိုက်ပြီး လှမ်းဆွဲလိုက်ပြီး…

'ဟော့ကောင်… မပြေးနဲ့၊ မည်းမည်းကောင်ကို ငါသိပြီ'





'ကျွန်တော်လည်း သိပါတယ်၊ အဲဒါ သရဲရဲ့လက်မည်းကြီး'

ညီလေးပြားကို ကြောက်ရွံ့စွာနဲ့ ပြန်ပြောလိုက်တယ်။

'ဟော့ကောင်… မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒါ လင်းနို့တွေကွ'

'ဟုတ်ကဲ့ အစ်ကိုရ'

'ဟုတ်မှဟုတ်၊ တကယ့်လင်းနို့တွေပဲ'

'ဟင်… ဟုတ်လား'

'ငါတို့ မျှာတန်းရှည်ရဲ့ သင်္ချိုင်းကို ဖြတ်တုန်းက ငါ့ မျက်နှာကို လာရိုက်တာလဲ၊ လင်းနို့တွေပဲဖြစ်မယ်၊ ငါက အဲဒီဘက်ကို ကြည့်မနေတော့ မသိလိုက်ဘူး၊ မျက်နှာကိုရိုက်မှ သိတာ'

'အဲဒီတုန်းက ကျွန်တော်လည်း ကြောက်ကြောက်နဲ့ ကြည့်လိုက်တော့ သရဲရဲ့လက်မည်းကြီးလို့ ထင်တာပဲ'

'မင်းကတော့ သောက်တာနည်းနည်း၊ ကြောက်တာများများဖြစ်နေပြီ'

အစ်ကိုပြားက ညီလေးကို အပြစ်တင်လိုက်တယ်။

www.burmeseclassic.com



'ကျွန်တော်လည်း သောက်ထားတော့ မူးမူးနဲ့ မြင်ချင်တာမြင်တာပေါ့၊ ဒါနဲ့ အစ်ကိုပြားက လင်းနို့မှန်းသိရင် ဘာကြောင့်ပြေးတာလဲ'

'ငါလည်း မသိလို့ပြေးတာပေါ့ကွ၊ မင်းရဲ့မျက်နှာကို လင်းနို့က အတောင်နဲ့လာရိုက်မှတော့ ငါ့ရဲ့မျက်နှာကို လာရိုက်တာ လင်းနို့ဖြစ်မှန်း သိလိုက်တယ်'

'လင်းနို့တွေက ဘာကြောင့် ကျွန်တော်တို့ဆီ ပြေးလာတာလဲ'

'လင်းနို့က ညဘက်မှ အစာရှာတာ၊ နောက်ပြီး သူ့မှာ အမြင်အာရုံမကောင်းဘူး၊ အကြားအာရုံကတော့ အလွန်ကောင်းတာပေါ့ကွာ၊ သူတို့စားမယ့် ပိုးကောင်လေးတွေရဲ့ လှုပ်ရှားမှုကို သူတို့ရဲ့နားက သိပ်သိတယ်၊ ငါတို့နှစ်ယောက်က ညဘက်မှာ လှုပ်ရှားနေတော့ သူတို့ရဲ့ အကြားအာရုံမှာလာပြီးအသိပေးတာပေါ့၊ ဒါကြောင့် ငါတို့ရဲ့မျက်နှာကို လာရိုက်တာပေါ့'

'တော်သေးတာပေါ့၊ အစ်ကိုပြား ရှင်းပြမှ သရဲလက်မည်းနဲ့ရိုက်တဲ့ကိစ္စ ရှင်းသွားတော့တယ်၊ ဒါပေမဲ့ ပဒိုင်းပင်တွေကြားမှာ မည်းမည်းသဏ္ဍာန် လှုပ်နေတာ အစ်ကိုပြား တွေ့တယ်နော်'





'အေး… တွေ့တယ်'

'ဒါဆို အဲဒီမည်းမည်းကြီးကရော ဘာဖြစ်နိုင်မလဲ'

'အေး… အဲဒါတော့ အစ်ကိုပြားလည်း မရှင်းတတ်ဘူး'

'ကဲ… အစ်ကိုပြားရေ၊ ဒီညတော့ တစ်ခါမှ ဒီလိုမဖြစ်ဖူး အမှတ်တရတွေကတော့ ချောက်ချောက်ချားချားပဲ'

'အေးကွာ… အမူးလည်း အတော်ပြေသွားပြီ၊ ပြေးရတာနဲ့ တော်တော်လည်းမောပြီ၊ မပြေးနိုင်တော့ဘူး၊ ဖြည်းဖြည်းပဲ သွားတော့တယ်'

'ဟုတ်တယ် အစ်ကိုပြား၊ ကျွန်တော်လည်း မပြေးနိုင်တော့ဘူး'

အရက်သမားညီအစ်ကိုနှစ်ယောက်ဖြစ်တဲ့ ကိုရင်ပြားတို့ညီအစ်ကိုဟာ မကြာမီ အိမ်ပြန်ရောက်လာခဲ့တယ်။

အိမ်ရောက်တာနဲ့တစ်ပြိုင်နက် စောင်ကိုခေါင်းမြီးခြုံပြီးအိပ်လိုက်တာ တခေါခေါနဲ့။

❑ ❑ ❑

www.burmeseclassic.com

## အခန်း (၈)
## ကြမ္မာဆိုးနဲ့ တိုးခဲ့သူနှစ်ဦး

နောက်တစ်နေ့ညနေခင်း ကိုသာအေးရဲ့ အရက်ဆိုင်မှာ ကိုရင်ပြားတို့ညီအစ်ကို အရက်လာသောက်ခဲ့တယ်။

သူတို့ရဲ့ မိတ်ဆွေတွေဖြစ်တဲ့ ကံကောင်းတို့ သံချောင်းတို့အုပ်စုနဲ့ တွေ့ရာလေးပါး စကားပြောဖြစ်ခဲ့ကြတယ်။

'ဟေ့ကောင်… ကိုပြားလေး၊ မင်းတို့ မနေ့က ရွာတန်းရှည်ရွာမှာ အရက်သွားသောက်ကြတယ်ဆို'

'ကံကောင်းရာ တကယ်တော့ အရက်သွားသောက်တာ မဟုတ်ပါဘူး၊ အလုပ်တစ်ခု သွားလုပ်တာပါ၊ သူတို့က အရက်နဲ့ဧည့်ခံလို့ အရက်သောက်ဖြစ်သွားတာ'





'မင်းတို့ ဘယ်အချိန်မှ ဟိုဘက်ရွာက ပြန်လာတာလဲ'

'မနေ့ညက ညဉ့်နက်တယ်၊ ဆယ်နာရီလောက်မှ ပြန်တာ'

'မင်းတို့ သချိုင်းနှစ်ခုကိုဖြတ်ပြီး ပြန်လာကြတာပေါ့၊ တ်လား'

'ဟုတ်တယ်ကွ'

'မင်းတို့ မကြောက်ဘူးလား'

'အစကတော့ မကြောက်ပါဘူးကွာ၊ နောက်တော့ တန်းရှည်သချိုင်းထဲက လင်းနို့တွေ ထွက်လာပြီး မျက်နှာမှာ ရိုက်တာကွာ၊ တို့ညီအစ်ကိုနှစ်ယောက် လန့်သွားတာပဲ'

'အေးပေါ့ကွာ… ညဘက်ကြီးဆိုတော့ လန့်စရာပဲပေါ့'

'ဒါနဲ့ တစ်ခုပြောရဦးမယ်'

'အေး… ဘာလဲ၊ ပြောစမ်းပါ'

'အဖြစ်က ဒီလိုဟေ့၊ ငါတို့ညီအစ်ကိုနှစ်ယောက် ရွာတန်းရှည်သချိုင်းကအပြန် လင်းဆွဲတွေ မျက်နှာလာရိုက်လို့ လန့်ပြီး ပြေးခဲ့တာ၊ တို့ရွာက ဇရပ်ကိုရောက်ရော အဲဒီမှာ မောတာနဲ့ ထောထိုင်ခဲ့ကြတယ်'

www.burmeseclassic.com



'အေးပေါ့ကွာ… ကိုယ့်ရွာက ဇရပ်ကို ရောက်လာတော့ စတ်ခတ်တက်လာပေါ့၊ ဟုတ်လား'

'အေးပေါ့ကွာ… ဒါပေမဲ့ အဲဒီဇရပ်မှာ ထိုင်နေတုန်း ထူးထူးဆန်းဆန်း တွေ့တယ်ကွ'

'ဟေ… ဘာကိုတွေ့တာလဲ'

'တို့ရွာသင်္ချိုင်းဂူတွေ အလွန်က ပဒိုင်းပင်တွေကြားမှာ မည်းမည်းကြီးကွာ၊ ဟိုပင် ဒီပင်ကြားမှာ ကူးနေတာ တွေ့ရတယ်'

'ဟေ… ဟုတ်လား'

'ဟုတ်တယ်ကွ'

'မင်းပြောလို့ ငါလည်း ပြောရဦးမယ်၊ ငါနဲ့ သံချောင်းတို့ လွန်ခဲ့တဲ့ ခြောက်လလောက်က ညဘက်ကြီး အဲဒီသင်္ချိုင်းနားက ဖြတ်သွားတာ၊ ငါတို့လည်း ပဒိုင်းပင်တွေကြားထဲမှာ မည်းမည်းကောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်၊ ဒါပေမဲ့ ကြည့်ရင်း ကြည့်ရင်းနဲ့ အဲဒီမည်းမည်းကောင်ကြီးက ပျောက်သွားရော၊ ဒါနဲ့ ငါနဲ့ သံချောင်းနဲ့ ကြောက်ပြီး ထွက်ပြေးလာတာ'

'အေး… အဲဒါဆိုရင် အဲဒီအကောင်ကြီးက ဘာကောင်လဲ၊ လူလား ဝိညာဉ်လား မသိဘူး'





'ငါကတော့ အဲဒီကိစ္စကို သေသေချာချာစုံစမ်းချင်တာ'

'ကဲပါကွာ… နောက်မှ စုံစမ်းပေတော့၊ အခုတော့ တစ်ခွက်တစ်ဖလား ချလိုက်ပါတော့ကွာ'

'အေးကွာ'

ထိုစဉ် ကိုသာအေး ရောက်လာပြီး…

'ကိုဖြားလေးတို့ အမြည်းယူဦးမလား'

'ဘာအမြည်းရှိလဲ'

'လယ်ကြွက်ကင်လည်း ရှိတယ်၊ စားဖားကြော်လည်း ရှိတယ်'

'ဒါဆိုရင် စားဖားကြော်တစ်ပွဲပေးဗျာ'

'စားဖားကြော်က ရှားရှားပါးပါးရထားတာကွ၊ တာတီးတို့အုပ်စုက ဖားရိုက်တယ်၊ ရွှေမိတို့ညီအစ်မက သူတို့ဆီက ဖောက်သည်ယူပြီး ငါ့ဆီကို လာရောင်းတာ'

'ဒါနဲ့ ဘယ်လိုရှားရှားဖါးပါးဖြစ်တာတုန်းဗျာ'

'ဩော်… ဒီလိုကွ၊ တာတီးတို့ ဖားရိုက်ပြီးအပြန် ရွှေမိတို့ညီအစ်မကို ဖောက်သည်ပေးဖို့ စောင့်နေတုန်း ဒေါ်အိုစာကြီး ရောက်လာပြီး ဖားတွေတောင်းတယ်၊ အဲဒီ အဘွားကြီးက

www.burmeseclassic.com



အတောင်းခံရတယ်၊ တစ်ကောင် နှစ်ကောင်လည်းပေးလို့ မကျေနပ်ဘူး၊ အများကြီးပေးမှ ကျေနပ်တာ၊ တာတီးတို့ကလည်း မပေးတော့ တာတီးတို့အုပ်စုကို ကျိန်ဆဲသွားတယ်တဲ့၊ ဒါကြောင့် တာတီးတို့က ဖားရိုက်ထွက်ဖို့ ခပ်ကြောက်ကြောက်ဖြစ်နေလို့ ရှားရှားပါးပါးဖြစ်နေတယ်လို့ ပြောတာ'

'ဟုတ်ပါ့ဗျာ၊ ကျွန်တော်တို့ရွာမှာ လုပ်ကိုင်စားရတာ ပင်ပန်းကျပ်တည်းရတဲ့ကြားထဲ ဒီအဘွားကြီးက တစ်မျှောင့် အရေးထဲ သူက စိတ်မထင်ရင် ကျိန်စာတိုက်လိုက်သေးတယ်'

'အဲဒီအဘွားကြီးက ရှူးနေတာကွ၊ သူ ကျိန်စာတိုက်တော့လည်း ဘာဖြစ်လဲ၊ ပြောချင်တာ ပြောတာပါကွာ၊ ဒါလေးများ တာတီးတို့အုပ်စုက ဘာကြောင့် ကြောက်နေရတာလဲ'

ကိုသာအေးက ဒေါ်အိုစာကြီးအကြောင်း သူသိသမျှ ပြောပြခဲ့တယ်။

'ကိုသာအေးကြီး… ဒေါ်အိုစာကို တာတီးတို့အုပ်စုက ကြောက်မယ်ဆိုရင်လည်း ကြောက်လောက်တယ်'

တစ်ချိန်လုံး အရက်သောက်နေတဲ့ သံချောင်းက ဝင်ပြောလိုက်တယ်။





'ဘာကြောင့်လဲ သံချောင်း၊ ပြောပါဦး'

'အဘွားကြီးက သူကျိန်လိုက်ရင် ဖြစ်တတ်တယ်တဲ့၊ နှုတ်စီးတဲ့သဘောပေါ့ဗျာ၊ ဒါကြောင့် သူမကို ကြောက်လန့်တာလည်း ဖြစ်နိုင်တယ်'

'မင်းတို့ကလည်းကွာ… မျိုးဆက်သစ်တို့ တိုးတက်မရစ်ဘဲ ခေတ်နောက်ပြန်ဆွဲနေပြန်ပြီ'

'ခေတ်နောက်ပြန်ဆွဲတာ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက်တုန်းက ဒေါ်သဲမကြီးဆီမှာ ကြက်တစ်ကောင် သွားတောင်းတယ်၊ ဒေါ်သဲမကြီးက ကြက်ခြံထဲမှာ ကြက်အကောင်များများ မွေးထားတာကွ၊ အဲဒီအဘွားကြီးက နတ်တင်ဖို့ဆိုပြီး သွားတောင်းတာ၊ ဒေါ်သဲမကြီးရဲ့ ယောကျ်ားက နတ်မယုံကြည်တဲ့သူဖြစ်လို့ ကြက်မပေးတဲ့အပြင် ကြိမ်းမောင်းပြီး လွှတ်လိုက်တယ်'

'အေး… အဲဒါ ငါကြားလိုက်တယ်၊ နောက်တော့ ဘာဖြစ်သွားသေးလဲ'

ကိုပြားလေးက သံချောင်းကို လှမ်းမေးလိုက်တယ်။

'ဘာဖြစ်ရမလဲကွာ၊ ဒေါ်အိုစာက သူ့ကို ကြိမ်းမောင်း

www.burmeseclassic.com



လွှတ်လိုက်လို့ မကျေမနပ်ဖြစ်ပြီး ကြက်ခြံထဲက ကြက်တွေ ကြက်နာမိပြီး သေပါရောလား'

'ဟာ… ဟုတ်လား'

'ဒါနဲ့ ဒေါ်သဲမေကြီးက ကျန်တဲ့ ကြက်တစ်ကောင် ယူသွားပြီးတော့ ဒေါ်အိုစာကြီးဆီမှာ သွားပြီး တောင်းပန်တယ် ဆိုပဲ'

'ဟုတ်တော့ ဟုတ်နေပြီ၊ ဒေါ်သဲမေကြီးက နတ်ကတ မျိုးရိုးဆိုတော့ နတ်ဆိုတာနဲ့ ကြောက်တော့တာပဲ'

'ကောင်းပါတယ်ကွာ၊ ဒေါ်အိုစာကြီးကလည်း ခပ်ရှုး ဒေါ်သဲမေကြီးကလည်း နတ်ရှူးဆိုတော့ ဟုတ်တော့ ဟုတ်နေပြီ'

'အေးကွာ… အဲဒါနဲ့ ဒေါ်အိုစာကြီးကလည်း သူကိုး လို့ဖြစ်တာဆိုပြီး သူကလည်း ဘဝင်မြင့်သွားတာပေါ့ကွာ'

'အေးကွာ… ဘာတွေမှန်း မသိပါဘူးကွာ'

'ဒါတင်ဘယ်ကမလဲ၊ ဒေါ်အိုစာကြီးအတွက် ဘဝင်မြင့် ဖို့ နောက်တစ်မျိုးရှိသေးတယ်'

'အဲဒါက ဘယ်လိုဖြစ်တာလဲ'

'ဩော်… ဒေါ်အိုစာကြီးအကြောင်းကလည်း ပြောမဆုံး ပေါင် တောသုံးထောင်ဖြစ်နေပြီ၊ ကဲ… ပြောပြမယ်'





'ကဲ… ပြောစမ်းပါဦး'

'မနှစ်က သင်္ကြန်တုန်းက ဟိုဘက်ရွာက ကာလသား ရွာနှစ်ယောက် ဆိုင်ကယ်စီးပြီး လာကြတယ်'

အဲဒီအဖြစ်အပျက်က ဖြစ်ပွားခဲ့တာ အမှန်ပါ။

သင်္ကြန်တွင်းဆိုတော့ ပျော်ကြ ပါးကြ၊ တစ်ဦးကိုတစ်ဦး နောက်ပြောင်ကျီစယ်ကြတယ်။

ဖြစ်ချင်တော့ ကုက္ကိုစုရွာက ရွာသားနှစ်ယောက်ဟာ ဒီရွာက ကွမ်းတောင်ကိုင်မဝတ်မှုံကို ရေလာလောင်းတာ။

ကုက္ကိုစုရွာက ကာလသားတွေဆိုပေမယ့် သူတို့မိဘများ ဟာ အင်းရဲကြီးရွာဇာတိဖြစ်ပြီး ဟိုရွာမှာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်နေလို့ ကုက္ကိုစုရွာက ကာလသားတွေလို့ ခေါ်လိုက်တာ ပဲ။ အဲဒီကောင်လေးနှစ်ယောက်ရဲ့ နာမည်က 'တင်ဝင်းနဲ့ ဘုန်းမြင့်'တဲ့။ သူ့မိဘတွေက ပိုက်ဆံရှိလို့ ဆိုင်ကယ်တစ်စီးဝယ် ပေးလိုက်တယ်။ သူတို့အမျိုးတွေဟာ အင်းရဲကြီးရွာမှာရှိတဲ့အတွက် ဒီရွာကို မကြာခဏလာလေ့ရှိကြတယ်။ ဒီရွာသူ အချောအလှ ဝတ်မှုံကို တင်ဝင်းက အသေအလဲချစ်ကြိုက်နေတယ်။

သင်္ကြန်တွင်းမှာ မော်တော်ဆိုင်ကယ်အသစ်နဲ့ ရှိုးထုတ်

www.burmeseclassic.com



ချင်ချင်တာနဲ့ သူ့ရဲ့သူငယ်ချင်း ဖုန်းမြင့်ကို တင်စီးပြီး အင်းရဲကြီး ရှာဘက်ကို စီးလာခဲ့တယ်။

ရှာဦးမဏ္ဍပ်ရောက်တော့…

မုန့်လုံးရေပေါ်လုံးနေတဲ့ ဝတ်မှုံတို့ အပျိုအုပ်စုကို တွေ့ လိုက်ရတယ်။ နဂိုကတည်းက ရင်းနှီးပြီးသားဖြစ်နေတော့ အပျို ခေါင်းဆောင် ရွှေမိက…

'ကုက္ကိုစုရှာက လူတွေလာတယ်၊ မုန့်လုံးရေပေါ် စား အောင် မဏ္ဍပ်ထဲဝင်ထိုင်ပါဦး'

'ဟုတ်ကဲ့ ဒေါ်ရွှေမိ'

'ကဲ… ရော့ စားပါ၊ ဒီမှာ မုန့်လုံးရေပေါ်တွေ'

ရွှေမိက တင်ဝင်းတို့အတွက် မုန့်လုံးရေပေါ်ပန်းကန် လာချပေးလိုက်တယ်။

'ကျေးဇူးပဲ ဒေါ်ရွှေမိ၊ ကျွန်တော်တို့က အဝစားမှာနော်'

'စားပါ… စားပါ၊ နောက်လိုချင်ရင်လည်း ထပ်ပေးဦး မယ်'

ပြောပြောဆိုဆိုနဲ့ မောင်တင်ဝင်းတို့နှစ်ယောက် မုန့်လုံး ရေပေါ်တွေကို စားလိုက်ကြတယ်။ အုန်းသီးကလည်း နိုင်နိုင် ထန်းလျက်ကလည်း မွှေးမွှေးဆိုတော့ စားလို့ကောင်းလိုက်တာ။





'ဒီမုန့်လုံးရေပေါ်ကလေးကို စားရတာ ချိုစိမ့်နေတာပဲ'

ဘုန်းမြင့်က ဒီလိုအပြော တင်ဝင်းက…

'စားလို့ကောင်းသလား မပြောနဲ့ ကိုယ့်လူ၊ ဝတ်မှုံရဲ့ လက်ရာလေးဆိုတော့ ဘယ်လိုကောင်း… အား…'

'ဘာဖြစ်တာတုန်း တင်ဝင်းရဲ'

'ငရုတ်သီးစိမ်း ကိုက်မိလို့ဟ'

'ဒါဆိုရင် ဒေါ်ရွှေမိကြီး၊ အကျင့်ယုတ်နေတာ'

'အေးကွာ… ဒါကြောင့် လွှတ်သဘောကောင်းနေတာ'

'အေးကွာ… သူတို့တောင် ငါတို့ကို လုပ်သေးတာ၊ သူတို့အုပ်စုကို ပညာပြရမယ်ကွ'

'ဘယ်လိုပညာပြမှာလဲ'

'ကြည့်နေ… ကြည့်နေ၊ ငါလုပ်ပြမယ်၊ မင်းက ဆိုင်ကယ်ကို စက်နှိုးပြီးစောင့်နေ၊ ငါလာတာနဲ့ တစ်ချိုတည်း မောင်းပြေးရမယ်'

'မင်း ဘာလုပ်မလို့လဲ'

'မေးမနေနဲ့၊ ငါပြောသလိုလုပ်'

'အေးပါ'

www.burmeseclassic.com



ဘုန်းမြင့်က တင်ဝင်းပြောတဲ့အတိုင်း ဆိုင်ကယ်ကို စက်နှိုးပြီး အသင့်စောင့်နေတယ်။ တင်ဝင်းက ဒေါ်ရွှေတို့အုပ်စုနား သွားပြီး…

'ဒေါ်ရွှေမိတို့အဖွဲ့က မုန့်လုံးရေပေါ်ကျွေးတာ ကျေးဇူး တင်ပါတယ်၊ ကျေးဇူးတင်လွန်းလို့'

ပြောပြောဆိုဆို အနီးမှာရှိတဲ့ ရေဆိပ်ပိုင်းထဲက ရေတွေ နဲ့ ဝတ်မှုံတို့အုပ်စုကို တစ်ခွက်ပြီးတစ်ခွက် လှမ်းပက်ပြီး…

'အဲဒါ ငရုတ်သီးစိမ်းကျွေးလို့ မေတ္တာရေစင်ပက်တာ'

'တင်ဝင်း… ခွေးကောင် ကြည့်စမ်း၊ ငါတို့ကို ရေနဲ့ ပက်တယ်၊ ဒီလောက်တောင်ဖြစ်လှတာ၊ နင်တို့ကို အိုးမည်းနဲ့ သုတ်မယ် ခင်ကြီးရေ၊ အဲဒီကောင်ကို ဖမ်းထား၊ ငါအိုးမည်းသွား သုတ်လိုက်ဦးမယ်'

'အမလေး… မလုပ်ပါနဲ့ဗျ၊ ပြေးပြီဗျို့'

တင်ဝင်းက ရွှေမိ ဒီလိုလုပ်မယ်မှန်းသိလို့ ဆိုင်ကယ်ကို စက်နှိုးပြီး အဆင်သင့်လုပ်ထားတာ။ ဒီတော့ တင်ဝင်းက ဘုန်းမြင့်ရဲ့ဆိုင်ကယ်ဆီ အပြေးသွားပြီး သူ့နောက်က ခွတက် ပြီး…





'ဘုန်းမြင့်ရေ… အမြန်ဆုံးမောင်းဟေ့'

'ဟဲ့… တင်ဝင်း၊ နေဦးလေ… ဒီမှာ အိုးမည်းတွေလား'

'ကြောက်ပါပြီ အစ်မရယ်၊ နောက်နှစ်မှ ထပ်လာမယ်၊ သွားပြီဗျို့'

'ဒီလိုသွားလို့ ဘယ်ဖြစ်မလဲ၊ လိုက်… လိုက်…'

'ရူး… ရူး… ရူး…'

ဘုန်းမြင့်က ဒီအပျိုကြီးတစ်သိုက်ရဲ့ စရိုက်ကို သိသူ ဖြစ်လို့ အဲဒီနေရာက အမြန်ဆုံးစက်ကုန်ဖွင့်ပြီး မောင်းလိုက်တယ်။ သူ့နောက်မှာတော့ ကင်ဝင်းက ခွလျက်တန်းလန်း ကိုးရိုးကားရား ပါလာခဲ့တယ်။

တော်တော်ကလေးလှမ်းမှ အပျိုကြီးတစ်သိုက်လည်း မောပြီးကျန်ခဲ့တယ်။ ဒါပေမဲ့ စက်ရှိန်တော့ မလျှော့ရဲသေး။

ရွာလမ်းဆိုတာကတော့ သိတဲ့အတိုင်းပဲ။ ခပ်ကျဉ်းကျဉ်း ကွေ့ကွေ့ကောက်ကောက်။ တစ်ဆစ်ချိုးကွေ့ကို ချိုးလိုက်တယ် ဆိုရင်ပဲ…

'ဟာ…'

'ဟယ်…'

www.burmeseclassic.com



'ဘုန်း…'

'အဘွားကြီးကို တိုက်မိသွားပြီ'

မှန်ပေသည်။ အမြန်မောင်းလာတဲ့ ဆိုင်ကယ်ဟာ တစ်ဆစ်ချိုးအကွေ့မှာ ဒေါ်အိုစာကြီးကို တိုက်မိသွားပြီး ဒေါ်အိုစာကြီးဟာ လမ်းဘေးကို လဲကျသွားခဲ့တယ်။

'ဟဲ့ကောင်တွေ… နင်တို့ မျက်စိမပါဘူးလား'

ဒေါ်အိုစာက ကုန်းထပြီး အော်ဟစ်ပြောဆိုလိုက်တယ်။

'ဟာ… အရှူးမ ဒေါ်အိုစာကြီးကို တိုက်မိသွားပြီ၊ ဘယ်လိုလုပ်မလဲ'

'ဟာ… အရူးမကြီးက ဒေါ်ရွှေမိတို့ထက်တောင် နှုတ်ကြမ်းသေးတယ်၊ သူ့ကို သွားပြောမှ ဆဲလွှတ်နေဦးမယ်၊ ဆက်မောင်း'

တင်ဝင်းက ဒေါ်အိုစာ နှုတ်ကြမ်းမှန်း သိလို့ ဆက်မောင်းဖို့ ဘုန်းမြင့်ကို ပြောလိုက်တယ်။ ဒါကြောင့် ဘုန်းမြင့်က အရှိန်တင်ပြီး ဆက်မောင်းလိုက်တယ်။ ဒေါ်အိုစာကြီးက သူ့ကိုလည်း တိုက်သေးတယ်၊ တောင်းပန်ခြင်းလည်း မရှိတော့ အရမ်းစိတ်ဆိုးပြီး…





'မိမဆုံးမ ဖမဆုံးမ ပေါက်လွှတ်ပဲစားကောင်တွေ၊ ဒူကြီးကို ဆိုင်ကယ်နဲ့တိုက်ပြီး မတောင်းပန်တဲ့အကောင်တွေ၊ သေခြင်းဆိုးနဲ့ သေပါစေ၊ ဆိုင်ကယ်မှောက်ပြီး သေပါစေ'

'ဟေ့ကောင်… တင်ဝင်း၊ အဘွားကြီးက ကျိန်နေပြီကွ၊ ငါကြောက်တယ်'

'ဘကြောက်စရာရှိလဲကွာ၊ အရူးဆိုတာ ပြောချင်တာပြောတာပေါ့၊ ဒါများ အရေးလုပ်မနေနဲ့'

'ငါကြားဖူးတယ်၊ အဲဒီအဘွားကြီးကျိန်ရင် ကျိန်စာရူးတတ်တယ်တဲ့၊ ငါကြောက်တယ်ကွာ၊ အခုတောင် လက်တွေတုန်လာပြီ'

'ဟေ့ကောင်… မင်း ယောကျ်ားမဟုတ်ဘူးလား၊ ဘာလို့ကြောက်ရမှာလဲ'

ထိုစဉ် နံ့ဂိုကမှ ကြောက်တတ်တဲ့ဘုန်းမြင့်ဟာ အယောင်ယောင်အမှားမှားနဲ့ စက်ရှိန်ကိုမြှင့်ပြီးမောင်းလာရာ ညောင်တုန်း-ပုသိမ် အဝေးပြေးလမ်းမကြီးပေါ်ကို ရောက်လာခဲ့တယ်။ သူတို့ရွာက အဲဒီအကြားမှာရှိတဲ့ ရွာတစ်ရွာဖြစ်တယ်။

ဘုန်းမြင့်ဟာ ဒေါ်ရွှေမိတို့နဲ့ စကားများကတည်းက

www.burmeseclassic.com



ကြောက်ရွံ့တဲ့စိတ် ဖြစ်ပေါ်ခဲ့တယ်။ နောက်ထပ် ဒေါ်အိုစာကြီး
ကို တိုက်မိပြန်တော့ သူ့ရဲ့ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေတယ်။

လက်တုန်တုန်နဲ့ မောင်းလာလိုက်တာ လမ်းကွေ့အရောက်
မှာ အရှေ့ကသွားနေတဲ့ ကုန်တင်လော်လီကားကြီးကိုအကျော်
မျက်နှာတူရူကလာတဲ့ ကုန်ကားကြီးနဲ့တွေ့ပြီး မရှောင်နိုင်တော့
ဘဲ…

'ဝုန်း…'

'ဒိုင်း…'

'အမလေး…'

'သေပါပြီဗျ'

ကားကြီးနဲ့တိုက်မိပြီး ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး
ကျောက်လမ်းနဲ့ ဦးခေါင်းနဲ့ဆောင့်မိပြီး ခွေခွေကလေး လဲကျ
သွားခဲ့တယ်။ သူတို့နှစ်ယောက်ဟာ ခရီးတိုလေးဆိုပြီး ဆိုင်ကယ်
ဦးထုပ် ဆောင်းမထားတဲ့အတွက် အရမ်းကံဆိုးသွားခဲ့တယ်။

ဆိုင်ကယ်နဲ့ ကားနဲ့တိုက်သံတွေကြားလို့ ရွာထဲကလူတွေ
က ကားလမ်းဆီကို လာကြည့်ခဲ့ကြတယ်။

တင်ဝင်းရော ဘုန်းမြင့်ပါ ဦးခေါင်းပွင့်ပြီး သေနေပြီ





ရွှေမိတို့အုပ်စုလည်း ဒီသတင်းကြားလို့ အပြေးအလွှား
ကြည့်ခဲ့ကြတယ်။ သူတို့နှစ်ယောက်ရဲ့အဖြစ်ဆိုးကို တွေ့ရ
တော့…

'တင်ဝင်းတို့ ဘုန်းမြင့်တို့ရယ်၊ ငါတို့ စိတ်မကောင်း
ဘူးဟယ်'

ရွှေမိက မျက်ရည်စမ်းစမ်း၊ စမ်းစမ်းနဲ့ ပြောလိုက်တယ်။

ဒီတော့ ခင်ကြီးက…

'ငါတို့ သူတို့ကို အိုးမည်းသုတ်မယ်ဆိုပြီး လိုက်လို့
ရုန်းမောင်းပြေးရင်း ကုန်တင်ကားနဲ့တိုက်မိတာလား မသိဘူး'

'ဟုတ်ပါရဲ့ဟယ်… ငါတို့ပယောဂမကင်းသလို ခံစား
တယ်'

ခင်ကြီးကလည်း သူထင်ရာပြောလိုက်ရာ ဘယ်အချိန်
ရောကလာမှန်းမသိတဲ့ ဒေါ်အိုစာကြီးက…

'နင်တို့ပြောတာ အားလုံးမှားတယ်၊ ဒီကောင်တွေ ငါ့ကို
တိုက်သွားတာ၊ ငါ့မှာ လမ်းဘေးမှာလဲပြီး ဒူးတွေ လက်တွေ
ကုန်ပြီ၊ ဒီမှာကြည့်စမ်း ဒဏ်ရာတွေ'

မှန်ပါသည်။ ဒေါ်အိုစာရဲ့ ဒူးနဲ့ လက်တွေမှာ သွေးစတွေ

www.burmeseclassic.com



'ငါ့ကို သွေးထွက်သံယိုဖြစ်အောင်လုပ်ပြီး တောင်းပန် စကားတောင် မပြောဘူး၊ မိုက်ရိုင်းတဲ့အကောင်တွေ မောင်းပြေး တော့ ငါက ကျိန်ဆဲလိုက်တာပေါ့၊ ဒါကြောင့် အသေဆိုးနဲ့ သေတာ'

'ဟား... ဟား... ဟား... သေကြစမ်း'

ကားတိုက်လို့ သေမှုသေခင်းဖြစ်နေရတဲ့အထဲ ဒေါ်အိုစာ က တစ်မျောင့်။ ဒါကြောင့် ရွာသူရွာသားတွေက ဒေါ်အိုစာကြီး ကို ရွာထဲပြန်ခေါ်သွားပြီး...

'ဒေါ်အိုစာကြီး... ဒီအမှုက လူသေမှု၊ ဒေါ်အိုစာကြောင့် လူသေတယ်ဆိုရင် ရဲတွေက ဒေါ်အိုစာကြီးကို လာဖမ်းလိမ့်မယ်'

ထိုသို့ ပြောလိုက်ရာ ဒေါ်အိုစာကြီးက ကြောက်သွား ပြီး...

'ဟေ... ဟုတ်လား၊ ဒါဆိုရင် ငါ့ကြောင့်သေတာ မဟုတ်ဘူး၊ သူတို့ဘာသာ သေချင်လို့သေတာ'

'ကဲ... ကဲ... ပြန်တော့'

'အေး... အေး...'

ဒေါ်အိုစာကြီးလည်း သူ့ရဲ့သင်္ချိုင်းဇရပ်ကို ပြန်သွားခဲ့ တယ်။ ဒါပေမဲ့ ရွာသူတစ်သိုက်နဲ့ ရွှေမိတို့တစ်သိုက်ကတော့...





'ဒေါ်အိုစာကြီးကို သွားမလုပ်နဲ့၊ သူက နှုတ်စီးတယ်' အဲဒီလို ကိုသာအေးက ပြောပြခဲ့တယ်။

တချို့ရွာသူရွာသားတွေကလည်း ဒေါ်အိုစာကို အရူးမ ကြီးတဲ့။ ပါးစပ်ထဲ တွေ့ရာလျှောက်ကျိန်နေတာလို့ ပြောကြတယ်။

တချို့ မိန်းမတစ်သိုက်ကတော့ ယုံလွယ်သူမို့လား မသိ။ ဒေါ်အိုစာကြီးကို နှုတ်စီးသူအဖြစ် ကြောက်နေကြတယ်။

အဲဒီ ဆိုင်ကယ်သမားနှစ်ယောက်ဟာ ဒေါ်အိုစာကြီးရဲ့ ကျိန်စာကြောင့် ဘဝတစ်ပါးကို ကူးပြောင်းသွားတဲ့ ပထမဦးဆုံး ကြိမ် မရဏခရီးသည်လို့ ဆိုရမလားပဲ။

❑ ❑ ❑

www.burmeseclassic.com

## အခန်း (၉)
## ခရိုင်ဘာတစ်ယောက်ရဲ့အိပ်မက်

ဆိုင်ကယ်သမားနှစ်ယောက်ရဲ့ ဒီမှာတင် အဆုံးသတ် မသွားဘူး။ ညဘက်မှာ အဲဒီနားကို ဖြတ်သွားတဲ့လူတွေက ခြောက်တယ်လို့ သတင်းထွက်တယ်။

အဲဒီနားမှာ သစ်ပင်ကြီးတွေရှိတော့ ညဘက်မှာ အရိုး လိုလိုတွေ့ရတယ်လို့ ပြောလိုပြော။ တချို့ကလည်း ဆိုင်ကယ် အရှိန်ပြင်းပြင်းနဲ့ စီးသွားတဲ့အသံတွေ ကြားရတယ်လို့ ဆိုသူ ဆို။ ရွာဆိုတော့ သိတဲ့အတိုင်းပဲ။

ခလုတ်တိုက်တာက ဖားပြုတ်ကိုက်တယ်လို့ ဖြစ်တယ်။

ဖားပြုတ်ကိုက်တာက တရုတ်ကိုက်တယ်ဖြစ်လိုဖြစ်နဲ့ စကားတွေဟာ တဖြည်းဖြည်းကားလာတယ်။





အဲဒီတော့ ကျောင်းဆရာလေးကို ကိုသက်နိုင်က သူကြီး ကို မေးခဲ့တယ်။

'သူကြီး… ဟိုတစ်လောက ဆိုင်ကယ်မှောက်ပြီး သေ သွားတဲ့ တင်ဝင်းတို့သတင်း ဘာကြားသလဲ'

'လူတွေကတော့ အမျိုးမျိုးပြောနေကြတာပဲကွာ'

'ဆိုင်ကယ်မှောက်သေတဲ့ နှစ်ယောက်က မကျွတ်မလွတ် တဲ့ဘဝနဲ့ ခြောက်လှန့်နေတယ်လို့ ပြောကြတာပဲ၊ ညဘက် ညဘက်မှာ သူတို့သေတဲ့အနားက ကုက္ကိုပင်ကြီးနောက်က အရိပ် ညိုးကြီး ထွက်လာသလိုလို ဆိုင်ကယ်တရကြမ်းမောင်းပြေးတဲ့ သံတွေ ကြားရသလိုလိုနေပြောတာပဲ ဆရာလေးရဲ့'

'ဒါကတော့ လူတွေက အမျိုးမျိုးပြောနေကြတာပေါ့၊ အဲဒီ ကုက္ကိုပင်ရဲ့နံဘေးမှာ ချုံပုတ်တွေရှိနေတာပဲ၊ ညဘက်ညရောင်နဲ့ လေခပ်ပြင်းပြင်းတိုက်တဲ့အခါမှာ ချုံပုတ်တွေလှုပ်တော့ အရိပ် တွေကလည်း လှုပ်မှာပေါ့ သူကြီးရဲ့၊ နောက်ပြီး ဒီလမ်းမကြီးက ကားတွေ ဆိုင်ကယ်တွေသွားနေတော့ ဆိုင်ကယ်သံကြားရတာ ဆန်းသလား သူကြီးရဲ့'

'ရွာသားတွေကိုကလည်း ခက်ပါတယ်ကွာ၊ အရက်

www.burmeseclassic.com



သမားတွေကလည်း အရက်မူးမူးနဲ့ ထင်ရာတွေပြော၊ ရွှေမိတို့တစ်သိုက်ကလည်း နတ်ဆိုလည်း ယုံလိုက်တာပဲ၊ သရဲဆိုလည်း ယုံလိုက်တယ်'

'သူတို့ယုံတာက အရေးမကြီးဘူး၊ ကျွန်တော်နဲ့ ဝတ်မှုန် ဒုက္ခရောက်နေပြီ သူကြီးရဲ့'

'ဘာကြောင့်တုန်း ပြောစမ်းပါဦး ဆရာလေးရယ်၊ ဆရာလေးနဲ့ ဝတ်မှုန်က ယူကြတော့မှာမဟုတ်လား'

'ဟုတ်ပါတယ် သူကြီးရယ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ ဒီနွေကျောင်းပိတ်ရင် မင်္ဂလာဆောင်ဖို့ သူကြီးကိုတောင် မိဘအရာထားမယ်လို့ ပြောပြီးပြီပဲ'

'ဒါဆို ဘယ်လိုဖြစ်လို့တုန်း'

'အဖြစ်ကတော့ တင်ဝင်းတို့ ဆိုင်ကယ်မှောက်တဲ့ကိစ္စပေါ့ သူကြီးရာ'

'ကျုပ်နားလည်အောင် ရှင်းပြပါဦး'

'တင်ဝင်းရဲ့မိဘတွေက သင်္ကြန်မှာ သူ့သားဟာ ဝတ်မှုန်ကိုချစ်ကြိုက်လို့ ရေလာလောင်းတာ၊ သူတို့က ဝိုင်းလိုက်လို့ ကြောက်ကြောက်နဲ့ ဆိုင်ကယ်မောင်းပြေးလို့ သေရတာပါဆိုပြီး





ဝတ်မှုန်ကိုရော ဒေါ်ရွှေမိကိုပါ မကျေနပ်ကြဘူး၊ အခု ဒီနှစ်နွေမှာ ဝတ်မှုန်နဲ့ ကျွန်တော်နဲ့ ယူမယ့်ကိစ္စကို ကြားသွားတော့ ကျွန်တော့်ကိုပါ မကျေနပ်ဘူးဖြစ်နေတယ်၊ ဒါကြောင့် ဝတ်မှုန်ရဲ့ မိဘများက ကျွန်တော်တို့မင်္ဂလာပွဲလုပ်ရင် နှောင့်ယှက်မယ်ဆိုတဲ့ သတင်းတွေ ထွက်လာတယ်'

'ဆရာလေးက ဘယ်လိုစီစဉ်ထားသလဲ'

'ကျွန်တော်ကတော့ ဝတ်မှုန်နဲ့ မြန်မြန်လက်ထပ်ချင်တာပေါ့ သူကြီးရယ်'

'အေးဗျာ... သူတို့မိဘတွေကလည်း အယူသည်းပါတယ် ဆရာလေးရယ်၊ သူတို့သားက သရဲဖြစ်တာတောင် ဆရာတို့နှစ်ယောက်ကို မကျေနပ်လို့ အခုလိုခြောက်လှန့်နေတာလို့တောင် ပြောနေကြတယ်'

'လူသားစင်စစ်နှစ်ယောက် မင်္ဂလာဆောင်မှာကို သရဲက မကျေနပ်ဘူးတဲ့၊ ကြားမကြားဖူးပေါင် သူကြီးရယ်'

'ဟုတ်ပါတယ် ဆရာလေးရယ်၊ ကျုပ်လည်း သူကြီးလုပ်သက်အနှစ်သုံးဆယ်ကျော်ပါပြီ၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး'

www.burmeseclassic.com



အဲဒီနေ့ညမှာ ထူးထူးခြားခြားဖြစ်စဉ်ကလေးတစ်ခု ဖြစ်ပွားသွားခဲ့တယ်။ ဖြစ်ပုံက…

ဘုန်းတော်ကြီး ဦးပညာနန္ဒဟာ ကပ္ပိယတစ်ယောက် ရယ်။ ကားဒရိုင်ဘာတစ်ယောက်နဲ့အတူ ရန်ကုန်က အထူးကု ဆေးခန်းကြီးတစ်ခုမှာ ရောဂါလာပြခဲ့တယ်။ အဲဒီက အထူးကု ဆရာဝန်ကြီးဆွေ စစ်ဆေးပြီးတော့ ရန်ကုန်ကနေ ပြန်လာခဲ့တယ်။

ဟိုင်းဝေးလမ်းမကြီးအတိုင်း ဒရိုင်ဘာဟာ ကားကို မောင်းနှင်လာခဲ့တယ်။ ညဦးကလည်းနက်နက်၊ သန်းခေါင်ယံ အချိန်။ လေကလေးကလည်း တဖြူးဖြူးတိုက်နေတယ်။ ကား လမ်းမကြီးမှာလည်း ကားတွေအတော်ရှင်းနေလို့ ဒရိုင်ဘာကိုစိန် မောင်ဟာ မောင်းကောင်းကောင်းနဲ့ မောင်းလာခဲ့တယ်။

ကားပေါ်မှာပါလာတဲ့ ဆရာတော်ရော ကပ္ပိယပါ အိပ် ငိုက်ပြီး လိုက်ပါလာခဲ့တယ်။ အဲဒီကားဟာ တဖြည်းဖြည်းနဲ့ ဆိုင်ကယ်သမားနှစ်ယောက် ပွဲချင်းပြီးသေတဲ့နေရာလောက် ရောက်ခါနီးမှာ ဒရိုင်ဘာကိုစိန်မောင်ဟာ ရုတ်တရက် အိပ်ငိုက် သွားပြီး အဝတ်ဖြူဖွားဖားကြီးကို တစ်ကိုယ်လုံးခြုံထားတဲ့ လူနှစ် ယောက်ဟာ သူ့ရဲ့ကားရှေ့မှာ လက်ပြပြီး တားလိုက်တယ်။





'ဟော့… ကားရှေ့မှာ ဘာကြောင့်တားတာလဲ'

'ကျုပ်တို့ဟာ မကျွတ်မလွတ်တဲ့သူတွေပါ'

'မကျွတ်မလွတ်တာနဲ့ ငါတို့နဲ့ ဘာဆိုင်သတုန်း'

'ဆိုင်ပါတယ်၊ ကျုပ်တို့ တရားနာပြီး အမျှအတန်းယူ ချင်လို့ပါ၊ အခု ကားပေါ်မှာ ဘုန်းကြီးတစ်ပါးပါလာတော့ တရားပေးပြီး အမျှအတန်ပေးဝေပါ'

'ဟင်…'

ဒရိုင်ဘာကိုစိန်မောင်ဟာ ရုတ်တရက် ငိုက်ရာက နိုးလာ ခဲ့တယ်။ သူငိုက်တဲ့အချိန်ကလည်း စက္ကန့်ပိုင်းကလေး။

သူလည်း လန့်လန့်ဖျပ်ဖျပ်နဲ့ ဘရိတ်ကိုဆောင့်ပြီး အုပ် လိုက်တယ်။

'ဒိုင်း' ဆိုတဲ့ မြည်သံနဲ့အတူ ဘရိတ်ပေါက်သွားခဲ့တယ်။

ကားကလည်း တုံ့ခနဲရပ်သွားခဲ့တယ်။

အဲဒီအခါမှာ ဆရာတော်က…

'ဒကာစိန်မောင်… ဘာဖြစ်တာလဲ'

'ဘရိတ်ပေါက်သွားလို့ပါ ဘုရား၊ နောက်ပြီး စက်က လည်း ဘာဖြစ်မှန်းမသိဘူး၊ စက်ရပ်သွားပြီ ဘုရား'

www.burmeseclassic.com



‘ဟော…’

‘နောက်ပြီး ဆရာတော်ဘုရားကို လျှောက်တင်စရာရှိပါ သေးတယ် ဘုရား’

‘အိမ်… လျှောက်ပါ’

‘တပည့်တော်လည်း မောင်းလာရင်းနဲ့ ဒီနားရောက်ခါနီးမှာ ဖျတ်ခနဲ အိပ်ငိုက်သွားတယ် ဘုရား၊ အိပ်မက်ထဲမှာ အဝတ်ဖြူကြီးကိုခြုံထားတဲ့ လူနှစ်ယောက်က တပည့်တော်ရဲ့ကားရှေ့က တားလို့ ကားရပ်လိုက်တယ် ဘုရား၊ အဲဒီလူဖြူဖြူကြီးက…

‘သူဟာ မကျွတ်မလွတ်လို့ ဆရာတော်က တရားပေးပြီး အမျှအတန်းပေးဝေပါလို့ ပြောပါတယ် ဘုရား’

‘အိမ်း…’

‘အဲဒီလိုလည်း ပြောပြီးရော တပည့်တော်လည်း လန့်နိုးလာပြီး ကားကိုဘရိတ်အုပ်လိုက်တာ ဘရိတ်ပေါက်သွားပါတယ် ဘုရား’

‘အိမ်း… အိပ်မက်ဆိုတော့လည်း ပြောရအခက်သားပဲ ဒီနေရာမှာ ဟိုတစ်လောက ဆိုင်ကယ်မှောက်ပြီး လူသေသွားတဲ့ နေရာဆိုပြီး ဂျာနယ်တွေ စာစောင်တွေမှာပါတာကို ဒကာကြီး စိတ်စွဲပြီး အိပ်မက်မက်သလား မဆိုနိုင်ဘူး’





‘မသိပါဘူး ဘုရား၊ ဒီနေရာက ဆိုင်ကယ်မှောက်သေတဲ့နေရာမှန်း သိလို့ စိတ်ထဲကတော့ ခပ်ကြောက်ကြောက်ပါပဲ ဘုရား၊ ကြောက်စိတ်ကြောင့်များ အိပ်မက်မက်တာလားတော့ မသိဘူး ဘုရား’

‘အင်း… ညကြီးမင်းကြီး ဘရိတ်ကလည်း ပေါက်၊ ကားကလည်း စက်နိုးမရတဲ့အထဲ မကျွတ်မလွတ်တဲ့သူကို အိပ်မက်မက်ပြန်သတဲ့၊ ဒီတော့ ဒကာကြီး ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ရွာထဲသွားပြီး လူကြီးတစ်ယောက်ယောက်ကို သွားခေါ်ချေ၊ ကားပြင်တတ်တဲ့သူရှိရင်လည်း ခေါ်လာခဲ့’

‘မှန်ပါ ဘုရား’

ဒရိုင်ဘာကိုစိန်မောင်က အင်းရဲကြီးရွာထဲသွားပြီး သူကြီးကို အကျိုးအကြောင်းပြောပြခဲ့တယ်။ ဒါနဲ့ သူကြီးအပါအဝင် ရွာထဲက လူလေး၊ ငါးဦးရယ်၊ ဆရာကိုသက်နိုင်ရယ်၊ ကားပြင်ဆရာရယ်ခေါ်ပြီး အဲဒီနားကို သွားခဲ့ကြတယ်။

‘ကဲ… အဖြစ်ကတော့ ကားဒရိုင်ဘာက ကားမောင်းရင်း ဖျတ်ခနဲ အိပ်မက်မက်လို့ အိပ်မက်သာရှည်ရှည်မက်ရင် ဘုန်းကြီးတို့အားလုံး မရဏရောက်နိုင်တယ်’

www.burmeseclassic.com



အဲဒီလိုအစချီပြီးတော့ ဘုန်းတော်ကြီးက ဒရိုင်ဘာကြီး အိမ်မက်အကြောင်း ပြောပြခဲ့တယ်။

'ဒီတော့ ကျုပ်ကလည်း တရားပေးနိုင်အောင် ပရိတ်ကြီးက ဩကာသကန်တော့ချိုးနဲ့ ကန်တော့ပါ'

'မှန်ပါဘုရား'

သည်တွင် ဘုန်းတော်ကြီးက ငါးပါးသီလပေးပြီး တရားဟောတယ်။ နောက်ပြီးတော့ ပရိတ်တရားတော်တွေလည်း ချီးမြှင့်ပေးဃဲ့တယ်။

'ကိုင်း… ယနေ့ယခု ပြုပြုသမျှ ကုသိုလ်အဖို့ကို အမျှအတန်းပေးဝေပါ့မယ်၊ မကျွတ်မလွတ်သော ပုဂ္ဂိုလ်များနဲ့တကွ အားလုံးကြားကြားသမျှ… အမျှ… အမျှ… အမျှ…'

'သာဓု… သာဓု… သာဓု…'

'အမျှ… အမျှ… အမျှ…'

'သာဓု… သာဓု… သာဓု…'

'အမျှ… အမျှ… အမျှ…'

'သာဓု… သာဓု… သာဓု…'

သူကြီးနှင့်အဖွဲ့သားများသည် တရားနာပြီးနောက် အမျှသုံးကြိမ်ဝေကာ သာဓုသုံးကြိမ်ခေါ်ခဲ့ကြသည်။





ထို့နောက် ဘုန်းတော်ကြီးက…

'အမျှရကြ၍ မကျွတ်မလွတ်သောပုဂ္ဂိုလ်များသည် ကောင်းရာသုဂတိဘုံသို့ ရောက်ကြပါစေကုန်သတည်း'

ထိုသို့ ဆုတောင်းပေးခဲ့တယ်။ ဒီနောက်မှာတော့…

'ကားစက်ပြင်ဆရာကြီး… ဘုန်းကြီးရဲ့ကားကို ကြည့်ပေးပါဦး'

'တင်ပါ့ဘုရား'

ကားစက်ပြင်ဆရာကြီးက ကားပေါ်တက်ပြီး ကားစက်ကိုနှိုးလိုက်တယ်။

'ဂရတ်… ဂရတ်… ဂရတ်…'

ကားစက်နှိုး၍ မရပါ။

'အင်း… ကားစက်နိုးတာကတော့ မနိုးဘူး၊ ဘောနပ်ကို ဖွင့်ကြည့်မှပဲ'

ဒရိုင်ဘာက ကားဘောနပ်ဖုံးကိုဖွင့်ပြီး လက်နှိပ်ဓာတ်မီးနဲ့ စက်ခန်းကို ထိုးကြည့်လိုက်တယ်။

ဒီနောက်မှာတော့ စက်ဆရာက ကားရဲ့ စက်ပိုင်းချို့ယွင်းချက်ကိုရှာပြီး ပြင်ပေးလိုက်တယ်။

www.burmeseclassic.com



အားလုံးပြီးစီးလို့ ကားကိုစက်နှိုးကြည့်လိုက်တော့…

'ဒေါက်…'

'ဝှီး…' ပါပဲ။

'အရှင်ဘုရား… ကားစက်နိုးသွားပါပြီ၊ ဖြည်းဖြည်းမောင်းခိုင်းပါ ဘုရား၊ မနက်မိုးလင်းရင်တော့ မြို့ကိုရောက်သွားပါမယ် ဘုရား၊ အဲဒီကျမှ ဘရိတ်ပေါက်တာပြင်ပါ ဘုရား'

'အေးကွယ်… ဒကာကြီးတို့ အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်၊ အသက်ရှည်လို့ ဘုန်းကြီးပါစေကွယ်'

'ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ ဘုရား'

ဆရာတော်နဲ့ ဒရိုင်ဘာအဖွဲ့ဟာ ဒီရွာကနေ ထွက်ခွာသွားခဲ့တယ်။ မနက်ရောက်တော့ ဒီသတင်းဟာ တစ်ရွာလုံးပျံ့နှံ့သွားခဲ့တယ်။

'ညက ဘုန်းကြီးရဲ့ဒရိုင်ဘာကို မကျွတ်မလွတ်သူတွေက အိပ်မက်ပေးပြီး တားသတဲ့'

'ဟုတ်ပါ့တော်၊ အဲဒီမကျွတ်မလွတ်တဲ့သူတွေက အဝတ်ဖြူကြီးကို ခြုံလို့တဲ့'

'ဒရိုင်ဘာကလည်း ကားမောင်းတုန်း အိပ်ငိုက်ရတယ်လို့'





'အေးတော်… အိပ်ငိုက်ပြီးမောင်းတော့ ခတ်တိုင်[…]င်တိုက်ရင် အားလုံးသေကုန်တော့မှာပဲ'

'အဲဒီဒရိုင်ဘာပြောတော့ ဖျတ်ခနဲ အိပ်မက်သွားတာတဲ့၊ […]ဒီတုန်းမှာ တွေ့တာတဲ့၊ နောက်ပြီး ချက်ချင်းစက်ရပ်သွားတယ်[…]ိုပဲ'

'ဒါဆိုရင် အဲဒီမကောင်းဆိုးဝါးတွေက တားသလားမှ[…]သိတာ'

'ဒါနဲ့ အဲဒီမကောင်းဆိုးဝါးတွေက ဒေါ်အိုစာကြီးကို[…]င်တိုက်သွားတဲ့ ကောင်လေးနှစ်ယောက်ဖြစ်မှာပေါ့'

'ဟုတ်တယ်၊ အဲဒီကောင်လေးနှစ်ယောက် သေပြီး[…]တည်းက ခြောက်လိုက်တာ မပြောပါနဲ့အေ'

ရွှေမိက လူတတ်ကြီးလုပ်ပြီး ပြောလိုက်ရာ ဒေါ်ဘုမ[…] ခပ်ချဉ်ချဉ်ရှိတာကြောင့်…

'ဟဲ့… ရွှေမိရဲ့၊ အဲဒီကောင်လေးတွေခြောက်တာ နင်က[…]ိုယ်တွေ့အခြောက်ခံရလို့လား'

'ဩော်… ခက်ပါဘိ ဒေါ်ဘုမရယ်၊ ကျွန်မက ဘယ်[…]အခြောက်ခံရပါ့မလဲ၊ ဘုရားနဲ့ တရားနဲ့နေတာလေ၊ ဒါပေမဲ့

www.burmeseclassic.com



ဒီကောင်လေးနှစ်ယောက် မကျွတ်မလွတ်ဖြစ်ပြီး ခြောက်တယ်လို့ ကိုသံချောင်းတို့အုပ်စုက ပြောတာပဲ'

'အေးလေ… ဘာပဲဖြစ်ဖြစ် ငြင်းမနေကြပါနဲ့၊ တကယ်လို့ မကျွတ်မလွတ်ဖြစ်လို့ အိပ်မက်တယ်ဆိုရင်လည်း အခုလို ပရိတ်ရွတ်လိုက်တော့ ကျွတ်လွတ်သွားမှာပေါ့ကွယ်'

ရွှေမိနဲ့ ဒေါ်ဘုမကြီးတို့ စကားများမှာစိုးလို့ ဦးသာခင်က ဝင်ပြီး ဖျန်ဖြေပြောလိုက်တယ်။

ဒီမှာတင် လူအုပ်နောက်က အသံတစ်သံ ပေါ်ထွက်လာတယ်။

'ဟား… ဟား… ဟား… အခုတော့ နင်တို့ယုံပြီမဟုတ်လား'

ဒါနဲ့ ရွှေမိတို့အုပ်စုက နောက်ကိုလှည့်ကြည့်လိုက်တော့…

'ဟာ… ဒေါ်အိုစာကြီးပါလား'

'ဟုတ်တယ်၊ နင်တို့ရဲ့ အချစ်တော်ကြီး ဒေါ်အိုစာပဲ၊ ညက ဘုန်းကြီးပရိတ်ရွတ်တုန်းက ငါကိုယ်တိုင် တရားသွားနာခဲ့တယ်'





ဒေါ်အိုစာကြီးက တဘက်မည်းကြီးကိုခြုံပြီး ဟန်ပန်အမူအရာနဲ့ ပြောလိုက်တယ်'

'ဒေါ်အိုစာကြီးက ဘုန်းကြီးနဲ့တွေ့လိုက်တယ်၊ ဟုတ်သား'

'ဟုတ်တယ်၊ ဘုန်းကြီးနဲ့တွေ့ရုံတင် ဘယ်ကမလဲ၊ အဲဒီကောင်းဆိုးဝါးတွေကိုတောင် ညတိုင်းတွေ့နေတာပဲ'

'ဘယ်လိုတွေ့တာလဲ ဒေါ်အိုစာကြီး'

'အဲဒီမော်တော်ဆိုင်ကယ်ကောင်နှစ်ကောင်ဟာ ငါ့ကိုတိုက်ပြီး ထွက်ပြေးသွားတဲ့ အကောင်နှစ်ကောင်ပေါ့၊ ငါ့ကိုဆိုင်ကယ်နဲ့လည်း တိုက်သေးတယ်၊ တောင်းလည်း မတောင်းပန်လို့ ငါ့ပညာနဲ့လုပ်လိုက်တာ ဆိုင်ကယ်မှောက်ပြီး ပွဲချင်းပြီးသွားတာပဲ'

'ဒေါ်အိုစာကြီးရယ်၊ အဲဒီကောင်တွေက ဟိုဘက်ရွာက ကောင်လေးတွေပဲ၊ ပွဲချင်းပြီးသွားတယ်ဆိုတော့ ဘယ်ကောင်းပါ့မလဲ၊ ခင်ဗျားပညာနဲ့လုပ်လို့ သူတို့ သေသွားတယ်ဆိုရင် သူတို့မိဘတွေက ဒေါ်အိုစာကြီးကို ရန်လုပ်ကြမှာ မကြောက်ဘူးလား'

'လာလေ… ရန်လုပ်လို့ကတော့ သူတို့လည်း ပွဲချင်းပြီး

www.burmeseclassic.com



မကောင်းဆိုးဝါးဖြစ်သွားမှာပေါ့၊ နောက်ပြီးတော့ ငါ့ကို ဖားမပေးတဲ့ကောင်တွေ ရှိသေးတယ်၊ အဲဒီကောင်တွေလည်း သိပ်မကြာဘူး၊ အန္တရာယ်ဆိုးက လာဦးမှာ၊ စောင့်သာကြည့်နေကြ'

'ဖားရိုက်တဲ့အုပ်စုက တာတီးတို့အုပ်စု မဟုတ်လား'

'ဟုတ်တယ်၊ သင်းတို့အုပ်စုပေါ့၊ ငါ့ကို ဖားလေး၊ ငါးကောင်တောင် မသဒ္ဒါဘူး'

'ဒေါ်အိုစာကြီးတောင်းတာကလည်း လွန်ပါတယ်၊ ဖားတစ်ကောင် နှစ်ကောင်ဆိုရင် တော်ရောပေါ့၊ အခုတော့ လေးငါးကောင်ဆိုတော့ သူတို့က ဘယ်ပေးတော့မလဲ'

'ဟဲ့ကောင်တွေ… နင်တို့က ဘာသိလို့လဲ၊ ဖားက ငါတစ်ယောက်တည်းစားဖို့မှ မဟုတ်တာကြီး'

'ဒေါ်အိုစာကြီးက တစ်ယောက်တည်းမစားလို့ ဘယ်သူကို ကျွေးရဦးမှာလဲ'

'ဟဲ့… နတ်တင်ရတယ်၊ နတ်မြှောက်ရတယ်ဟဲ့'

'နတ်က ဖားသားစားလို့လား ဒေါ်အိုစာကြီးရာ'

'တယ်… နင်တို့က နတ်ကို မခန့်လေးစားပြောနေကြတယ်၊ ငါက ဘာစားစား စားဦးစားဖျား နတ်တင်တာဟဲ့'





'ဒါဆိုရင် နတ်စွန့်ရင် ကျွန်တော်တို့ကို ပြောပါလား၊ စွန့်တာ စားချင်လို့ပါ'

'တယ်… ခွေးမသားလေးတွေ၊ ငါကျိန်ဆဲလိုက်လို့ရာမှာတင် ပွဲချင်းပြီးသွားမယ်၊ ဘာမှတ်သလဲ'

'မလုပ်ပါနဲ့… ဒေါ်အိုစာကြီးရယ်၊ ကျွန်တော်တို့က အိုစာကြီးကို စချင်လို့ စတာပါ'

'အလကား… ခွေးမသားလေးတွေ'

'ဒေါက်…'

'ဒေါက်…'

'ဒေါက်…'

ဒေါ်အိုစာကြီးက သူ့ရဲ့ ကောက်ကောက်ကွေးကွေးဖြစ်တဲ့ ချယ်ရီသားတုတ်ချောင်းကြီးကို တဒေါက်ဒေါက်ခေါက် သူနေထိုင်ရာ သချိုင်းဇရပ်ဘက်ကို ရှေးရှုထွက်ခွာသွားခဲ့သည်။

❑ ❑ ❑

www.burmeseclassic.com

# အခန်း (၁၀)
## ဒုတိယအကြိမ်မြောက် မရဏခရီးသည်

'တာတီးတစ်ယောက် ညက ဖားရိုက်ရင်း ပိုးထိလို့ဆုံး သွားပြီတဲ့'

'ဘာ…'

အဲဒီသတင်းဟာ ဒီနံနက်ခင်းမှာပဲ အင်းရဲကြီးရွာတစ်ရွာ လုံး ပျံ့နှံ့သွားခဲ့တယ်။

'ဘယ်က ဘယ်လိုဖြစ်သွားတာလဲ၊ ပြောကြပါဦး'

'အဲဒါ သူကြီးမှ သိမှာ၊ သူကြီးကို သွားမေးကြစို့'

ရွှေမိတို့အုပ်စုဟာ တစ်ရွာတည်းသားဖြစ်တဲ့ တာတီး ပိုးထိပြီးဆုံးသွားကြောင်း သိတဲ့အတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ပြီး သူကြီးရဲ့အိမ်ဆီသို့ အပြေးအလွှားလာခဲ့ကြတယ်။





သူကြီးရဲ့အိမ်ရှေ့မှာ ရွာသူရွာသားတွေ အများကြီးရောက် ပြီး ဝိုင်းအုံနေကြတယ်။ လူအုပ်ကြီးကို ခွဲပြီးဝင်ကြည့်လိုက် တော့…

'အမလေး… တာတီးပါလား'

တစ်ကိုယ်လုံး ပိုးထိထားလို့ မည်းပြီးသေနေတယ်။ သူကြီးက မြို့ပေါ်က ရဲတပ်ဖွဲ့ကို အကြောင်းကြားထားလို့ အဲဒီ အလောင်းကောင်ကြီးကို ကပ်ပေါ်တင်ပြီး သူကြီးရဲ့အိမ်ရှေ့မှာ ထားခဲ့ကြတယ်။

မကြာမီ ဒုရဲအုပ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာခဲ့ကြ တယ်။

'ဟော… ရဲတွေလာပြီ၊ ဘေးဖယ်… ဘေးဖယ်ကြ'

လူအုပ်ကြီးဟာ ဘေးဘက်ကို ရှဲသွားခဲ့တယ်။

သူကြီးရဲ့ အိမ်ပေါ်မှာတော့ ညက တာတီးနဲ့အတူ ဖားရိုက် ကြတဲ့ ကောင်းသော်နဲ့ ဖိုးထွေးတို့နှစ်ယောက်ကို တွေ့လိုက် တယ်။ တာတီးကို မြွေကိုက်တဲ့အကြောင်း သူကြီးက မေးမြန်း တယ်။

ရဲတွေရောက်မှ သူတို့ကို ဆက်ပြီးမေးမြန်းခဲ့တယ်။ သူတို့

www.burmeseclassic.com



နှစ်ယောက်ဟာ ညက တာတီးနဲ့အတူ ဖားရိုက်ခဲ့ကြတဲ့ အပေါ်
အဖော်တွေဖြစ်ပြီး တာတီးသေဆုံးမှုရဲ့ မျက်မြင်သက်သေတွေ
ဖြစ်တယ်။

ဒီအမှုဟာ လူသတ်မှုလား၊ လူသေမှုလားဆိုတာသိအော
လို့ သူတို့နှစ်ဦးကို ရဲတွေက စုံစမ်းမေးမြန်းခဲ့တယ်။

အမှုဖြစ်စဉ်က ဒီလိုပါ။

မနေ့ညကိုးနာရီလောက်မှာ ဖားရိုက်ဖို့ စပြီးထွက်ခဲ့ကြ
တယ်။ သူတို့သွားတဲ့နေရာက အင်းရဲကြီးအင်းရဲ့ ကန်သင်းပေ
မှာ။ အဲဒီအင်းကြီးက အကျယ်ကြီးဆိုတော့ ဖားတွေအများကြီး
ပျော်မြူးရာ နေရာကြီးဖြစ်တယ်။ စားဖားကြီးတွေ အများ
ကျက်စားရာဖြစ်တယ်။

အဲဒီအချိန်က မိုးတဖွဲဖွဲရွာနေတယ်။

ဖားဖိုကြီးတွေဟာ ဖားမတွေနဲ့ မိတ်လိုက်ဖို့။

'အုံ့အင်...'

'အုံ့အင်...'

'အုံ့အင်...'

ဆိုတဲ့အသံတွေကို ဆူညံအောင် အော်ဟစ်နေခဲ့တယ်





ဖားမတွေကလည်း အဲဒီအသံကို နားစွင့်နေကြတယ်။

အဲဒီအသံကိုကြားရင် ပုန်းနေတဲ့နေရာက အဲဒီနား
အရောက်ထွက်လာပြီး ပိတ်လိုက်ကြတယ်။ ဒါက ဖားဖို ဖားမရဲ့
သဘာဝပဲ။

ဒါကြောင့် ရှေးလူကြီးတွေက...

'မျက်နှာမည်းကြီးလည်း ငိုရော ပုန်းတဲ့သူတွေလည်း
ပေါ်ရော'

လို့ ပြောဆိုကြတယ်။ မျက်နှာမည်းကြီးဆိုတာက
ကောင်းကင်ညှို့မှိုင်း မည်းနက်လာပြီး မိုးအုံ့တာကိုပြောတာ။
ငိုတာက မိုးရွာချတာ။ ပုန်းတဲ့သူတွေလည်း ပေါ်ရောဆိုတာက
ဖားဖို ဖားမတွေ ပေါ်ထွက်လာတာကို ပြောတာ။

အဲဒီညမှာ...

တာတီး၊ ကောင်းသော်၊ ဖိုးထွေးတို့သုံးဦးသားဟာ ထုံးစံ
အတိုင်း ပုလိုင်းကိုယ်စီလွယ်ပြီး လက်တစ်ဖက်မှာ ဖားရိုက်တုတ်
ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်မှာတော့ မီးအုပ်ဆောင်းကို
ကိုင်ထားတယ်။

သူတို့သုံးယောက်ဟာ လူခွဲပြီး တစ်ယောက်တစ်လမ်း

www.burmeseclassic.com



စီ အင်းရဲကြီးကန်ဘောင် (သို့မဟုတ်) ကန်သင်းပေါ်ကို ခြေသံလုံလုံနဲ့ လျှောက်သွားခဲ့ကြတယ်။

ဖားရိုက်တဲ့နေရာမှာ ခြေသံလုံဖို့ကလည်း အဓိကပေါ့။ ခြေသံဆတ်ဆတ်ကြားရင် ဖားတွေဟာ အင်းရေပြင်ကြီးထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းသွားတတ်လို့ ခြေသံလုံမှဖြစ်တယ်။

'အုံ့အင်...'

'အုံ့အင်...'

တာတီးက ကန်ဘောင်ပေါ်မှာ အော်နေတဲ့ဖားတွေကို တွေ့လိုက်တယ်။ သူဟာ ခြေသံလုံလုံနဲ့ အဲဒီဖားတွေနားသွားပြီး မီးအုပ်ဆောင်းနဲ့ထိုးလိုက်ရင်ပဲ ဖားတွေဟာ မီးရောင်ကိုကြည့်ပြီး မျက်လုံးကြောင်တောင်တောင်နဲ့ ဘယ်မှမပြေးနိုင် မသွားနိုင်နဲ့ မီးရောင်ကို ကြောင်ကြည့်နေခဲ့တယ်။

အဲဒီအချိန်မှာ တာတီးအတွက် အကောင်းဆုံးခွင်ပေါ့။

'ဟာ... နိပ်ပြီကွ၊ ဖားတွေ မပြေးနိုင်ဘဲ မီးအုပ်ဆောင်းကို ငေးစိုက်ကြည့်နေတုန်း ငါရိုက်မှပဲ'

အဲဒီအတွေးနဲ့ မျက်လုံးရှယ် ကြောင်တောင်တောင်နဲ့ ဖားတွေကို...





'ခွပ်...'

'ခွပ်...'

'ခွပ်...'

ဆိုပြီး လက်မြန်မြန်နဲ့ ရိုက်တုတ်နဲ့ရိုက်လိုက်တာ ကန်ဘောင်ရိုးမှာ စားဖားတွေ အတုံးအရုံးပဲ။ မသေမရှင်ဖြစ်တဲ့ဖား။ သေနေတဲ့ဖားတွေကို ပုလိုင်းထဲ ခပ်မြန်မြန်ကောက်ထည့်လိုက်တယ်။

'အင်း... ဒီညမှာ အနည်းဆုံး အကောင်နှစ်ဆယ်ကျော်လောက်ရရင် ကောင်းမယ်'

တစ်ကိုယ်တည်း သူ့ရဲ့စိတ်မှာ ကြံစည်တွေးတောရင်း ကန်ဘောင်ရိုးပေါ် ဆက်လျှောက်သွားခဲ့တယ်။ ဒီလိုနဲ့ ဖားဆယ်ကောင်လောက် ရိုက်ပြီးသွားချိန်မှာတော့ အင်းရဲကြီးအင်းစပ်က မြှုံးထောင်ထားတဲ့နေရာကို ရောက်သွားခဲ့တယ်။

မြှုံးထောင်ထားတဲ့နေရာနားက အသံတစ်သံ ကြားလိုက်ရတယ်။

'ဖလပ်...'

'ဖလပ်...'

www.burmeseclassic.com



'ဖလပ်...'

ဒါနဲ့ သူလှမ်းလိုက်တော့ ရေပြင်လှုပ်ရှားနေပြီး မသ မကွဲသဏ္ဍာန်ကို လှမ်းတွေ့လိုက်ရတယ်။ ဒါနဲ့ မြှုံးနားကိုသွားပြီ မီးအုပ်ဆောင်းမီးနဲ့ ကြည့်လိုက်တော့...

'ဟာ... ငါးရံ့ကြီးမိနေတာပဲ၊ ခေါင်းကိုတွေ့တာတော အကြီးကြီးပဲ၊ နည်းတဲ့ငါးရံ့ကြီး မဟုတ်ဘူး'

တာတီး လှမ်းအကြည့်မှာ တွေ့လိုက်ရတာကတော့ ငါး ခေါင်းကြီးက ရေပေါ်ကိုပေါ်နေတယ်။ ကိုယ်ပိုင်းနဲ့ အမြီးပိုင်းက တော့ ရေထဲမှာမြုပ်နေလို့ မတွေ့ရဘူး။ ငါးခေါင်းကိုကြည့်ရတာ ကတော့ ငါးရံ့ခေါင်းဖြစ်နိုင်တယ်။ မီးရောင်ကလည်း မသဲမကွဲ ငါးကလည်း ငုပ်ချည်ပေါ်ချည်ဆိုတော့ ခေါင်းကလည်း ပျောက် လိုက်ပေါ်လိုက်နဲ့။

'ဖားရိုက်တာထက်စာရင် ငါးမိတာက ပိုပြီးဈေးကောင်း ရမယ်၊ ဟိုကောင်တွေမနိုးခင် ဒီငါးကို ခိုးလိုက်မှပဲ'

အဲဒီအတွေးကို သူ အမြန်ဆုံးအကောင်အထည်ဖော်လိုက် တယ်။ လက်ရိုက်တုတ်နဲ့ ပုလိုင်းကို ကန်ဘောင်ရိုးမှာအသာ ပြီး အင်းရေပြင်ထဲဆင်းကာ မြှုံးနားကို အသာလေးလာခဲ့တယ် မီးအုပ်ဆောင်းနဲ့ထိုးပြီး ငါးပေါ်လာမှာကို စောင့်ကြည့်နေခဲ့တယ်





သိပ်မကြာခင်မှာ...

'ဟော... ပေါ်လာပြီ'

ငါးခေါင်းဟာ ရေးရေးလေးပေါ်လာခဲ့တယ်။ နောက် တော့ ရေပေါ်ကို ငါးရဲ့ဦးခေါင်းတစ်ခုလုံး ပေါ်လာချိန်မှာတော့...

'ဗွပ်ခနဲ'

လက်နဲ့လှမ်းအနှိုက်...

'အား...'

ဆိုတဲ့ တာတီးရဲ့အော်သံကြီး ဟိန်းထွက်လာခဲ့တယ်။

ဒါနဲ့ သူဟာ ငါးဆူးတောင်နဲ့ ထိုးမိလို့လားဆိုတဲ့အတွေးနဲ့ သူ့ရဲ့လက်ကို ရေပေါ်ကိုတင်လိုက်တဲ့အခါမှာတော့...

'အမလေး... မြွေကြီး၊ မြွေကြီး'

ကြီးမားလှတဲ့ မြွေကြီးတစ်ကောင်ဟာ တာတီးရဲ့ လက် ခွကြားကို ကိုက်လျက်သားတန်းလန်း ပါလာခဲ့တယ်။

'တာတီး... တာတီး ဘာဖြစ်လို့အော်တာလဲ'

'ကောင်းသော်၊ ဖိုးထွေး လာကြပါဦး'

တာတီး အော်ခေါ်သံကြောင့် ကောင်းသော်နဲ့ ဖိုးထွေး ဟာ ဟိုဘက်ကန်ဘောင်ရိုးက ဒီဘက်ကန်ဘောင်ရိုးကို ပြေးလာ ခဲ့တယ်။

www.burmeseclassic.com



တာတီးနားကိုရောက်တော့…

'ဟာ့… တာတီးရဲ့လက်ခွကို မြွေကိုက်နေပြီ'

'ဟာ… နည်းတဲ့မြွေကြီး မဟုတ်ဘူး'

'ဟော့ကောင်တွေ… မြွေကြီးကို ရိုက်သတ်လိုက်'

'ခွပ်…'

'ခွပ်…'

'ခွပ်…'

တာတီးက လှမ်းအော်ပြောလိုက်တော့မှ ကောင်းသော်နဲ့ ဖိုးထွေးဟာ လက်ရိုက်တုတ်နဲ့ ရိုက်သတ်လိုက်ကြတယ်။ တာတီးကို ပြန်ကြည့်လိုက်တော့ ရှုံ့မဲ့ပြီး…

'အဆိပ်တွေတက်လာပြီနဲ့ တူတယ်၊ ခြေထောက်တစ်ခုလုံး အရမ်းနာကျင်နေပြီ'

'ဟော့ကောင်… ဖိုးထွေး၊ မင်း တာတီးကိုဖမ်းခဲ့၊ ငါက မီးအုပ်ဆောင်းတို့ ပုလိုင်းတို့ကိုယူပြီး လိုက်ခဲ့မယ်'

ဖိုးထွေးက တာတီးရဲ့ကိုယ်ကြီးကို မနိုင်တနိုင်နဲ့ ထမ်းပြီး ရွာထဲကို အပြေးလာခဲ့တယ်။ အချိန်ကလည်း သက်ကြီးခေါင်းချ ချိန်ဆိုတော့ ရွာသားတွေအားလုံး အိပ်နေကြပြီ။





'ဝုတ်… ဝုတ်… ဝုတ်…'

'အူး… အူး… အူး…'

လမ်းတစ်လျှောက်မှာတော့ ခွေးတွေအူနေပြီ။

တာတီးရဲ့ အိမ်သားတွေကိုနှိုးပြီး တာတီးကို အိမ်ပေါ် အရောက်ပို့ပေးခဲ့တယ်။ တာတီးအမေ ဒေါ်ဝက်မက ပျာပျာသလဲနဲ့…

'ဖိုးထွေး… တာတီး ဘာဖြစ်လာတာလဲ'

'ဖားရိုက်ရင်းနဲ့ ပိုးထိလာလို့'

'ဟောတော့… ဒုက္ခပါပဲ၊ ဒါဆို ရွာဦးထိပ်က ဆေးဆရာ ဦးဟန်မောင်ကြီးကို သွားပင့်ချေ'

'ဟုတ်ကဲ့ ကြီးတော်'

ကောင်းသော်က လူနာစောင့်ပြီး ဖိုးထွေးက ဆေးဆရာ သွားပင့်ခဲ့တယ်။ ဆေးဆရာကြီး ဦးဟန်မောင်ကိုစောင့်ရတာ အတော်ကြာခဲ့တယ်။

ဆရာကြီးရောက်လာချိန်မှာတော့ မြွေဆိပ်တွေ အရမ်း တက်နေပြီး သတိလစ်နေပြီ။

ဆရာကြီးက တာတီးရဲ့ပါးစပ်ကိုဖြဲပြီး ဆေးနဲ့ရေကို

www.burmeseclassic.com



တိုက်လိုက်တယ်။ သတိလစ်နေတဲ့သူဆိုတော့ ဆေးမသောက်နိုင်ဘူး။ ဖိတ်တစ်ဝက် စင်တစ်ဝက်ပေါ့။

ဆေးတိုက်ပြီး ဆရာကြီးက စောင့်ကြည့်နေခဲ့တယ်။ ဖိုးထွေးနဲ့ ကောင်းသော်ကတော့ အားမရဘူး။

'ဆရာကြီး… လူနာက အဆိပ်တက်နေတုန်းပဲနဲ့တူတယ်၊ အခုအထိ သတိပြန်မလည်သေးဘူး'

'အိမ်း… ငါလည်း အတတ်နိုင်ဆုံးကုပေးနေတာပဲ၊ အချိန်စောင့်ကြည့်ပါဦး'

'ဟုတ်ကဲ့ပါ ဆရာကြီး'

တာတီး အမေနဲ့ သူ့ညီမလေးတွေပါ စိတ်ပူပင်စွာနဲ့ စောင့်ကြည့်နေခဲ့တယ်။ နံနက်အရုဏ်လင်းချိန်မှာတော့ တာတီးတို့အိမ်နောက်ဖေးက ကုက္ကိုပင်ကြီးပေါ်မှာ အိပ်နေတဲ့ ကျီးကန်းတစ်သိုက်ဟာ…

'ဝေါခနဲ' ပျံသန်းသွားကြတယ်။

အဲဒီအချိန်မှာပဲ တာတီးတစ်ယောက်ဟာ ဇက်ကျိုးကျသွားခဲ့တယ်။

'အမလေး… သားလေးတာတီး ဇက်ကျိုးသွားပါပေါ့လား'





'ဆရာကြီး… လုပ်ပါဦး၊ တာတီးကို ကြည့်ပေးပါဦး'

'အေးပါဟ… ငါ သေသေချာချာစမ်းသပ်ကြည့်ပါဦး ယ်'

ဆေးဆရာကြီးဟာ ဌမ်းစကလေးကို နှာခေါင်းနားမှာ ပ်ကြည့်လိုက်ကြည့်။ မျက်လုံးဖြဲကြည့်လိုက်ကြည့်နဲ့ အတော်ကြာ ဆောင် စမ်းသပ်ပြီး…

'တာတီး အသက်မရှိတော့ဘူး'

လေးကန်စွာပြောလိုက်ရာ တာတီးရဲ့ ညီမလေးက…

'ဆရာကြီး… ဒါဆို အစ်ကိုတာတီး သေပြီပေါ့၊ ဟုတ်သား'

'အေးကွယ်… ဆရာကြီးလည်း စိတ်မကောင်းပါဘူး၊ ဆရာကြီး ရောက်လာတော့ သတိလစ်နေပြီ၊ ဆေးတိုက်တာ ဆောင် မဝင်တော့ဘူး၊ ဒါကြောင့် တာတီးရဲ့အသက်ကို မကယ် င်တော့ဘူးပေါ့ကွယ်'

'အမလေး… သားလေးရဲ့'

တာတီးရဲ့အမေက ဝမ်းနည်းကြေကွဲစွာအော်ဟစ်ရင်း သတိလစ်သွားခဲ့တယ်။

www.burmeseclassic.com



'ဆရာကြီးရယ်... လုပ်ပါဦး၊ အမေ သတိလစ်သွားပြီ'

'အိမ်း... မယ်တင်တော့ နှလုံးလေရိုက်သွားတာကွယ့်။ ဒါကတော့ ငါကုနိုင်ပါတယ်၊ ကိစ္စမရှိပါဘူး၊ နှာရှူရုံနဲ့ သတိပြန်ရစေရမယ်'

ဆရာကြီးက ပြောပြောဆိုဆို နှာဆေးထည့်ထားတဲ့ မှိုင်းရွက်ကို မီးရှို့ပြီး ဒေါ်ဝက်မရဲ့ နှာခေါင်းဝကို တေ့ပေးလိုက်တယ်။ ခဏအကြာမှာတော့...

'ဟပ်ချိုး... ဟပ်ချိုး... ဟပ်ချိုး...'

'ဟော... ကြီးတော် သတိရလာပြီ'

'အမေ... အမေ သတိထားပါ၊ တာတီးက သေသွားတဲ့အထဲမှာ အမေ တစ်ခုခုအဖြစ်မခံနိုင်ဘူး'

'ဟုတ်ပါတယ် ကြီးတော်ရယ်၊ ကြီးတော် နေကောင်းအောင်နေပါ၊ တာတီးကိစ္စအားလုံး ကျွန်တော်တို့ လုပ်ပါ့မယ်'

နံနက်မိုးစင်စင်လင်းပြီဖြစ်၍ ကောင်းသော်က ရွာသားများကို တစ်အိမ်တက်ဆင်းပြောပြီး တာတီးအိမ်မှာ ကလဖျင်းတိုးစားပွဲခုံငှားနှင့် အလုပ်ရှုပ်သွားခဲ့တယ်။





တစ်ရွာလုံးမှာတော့ တာတီးတစ်ယောက် ပိုးထိလို့ဆုံးပြီဆိုတဲ့သတင်းဟာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့တယ်။

ရွာသူရွာသားတွေက ဒီသတင်းကိုကြားတော့ အရမ်းအံ့ဩသွားခဲ့တယ်။

'တာတီးကို မနေ့ညကတောင် အရက်ဆိုင်မှာ တွေ့လိုက်သေးတယ်'

'ဟုတ်ပါ့ကွာ၊ မနေ့ညနေကတောင် ကြက်တိုက်တဲ့ဝိုင်းမှာအော်နေတာ တွေ့ခဲ့သေးတယ်'

'အေးကွာ... နေ့မြင်ညပျောက်ဆိုတာ ဒါမျိုးနေမှာပေါ့ကွာ'

ထိုသို့ ဟိုတစ်စု သည်တစ်စု ပြောနေခဲ့ကြတယ်။

တချို့ကလည်း အယူသည်းတဲ့လူတစ်စုက...

'တာတီးတို့အုပ်စုကို ဒေါ်အိုစာကြီးက မကျေနပ်လို့ ကျိန်စာတိုက်ထားသေးတယ် မဟုတ်လား'

'ဟုတ်ပါ့... ဟုတ်ပါ့၊ အခုမှသတိရတယ်၊ ဒေါ်အိုစာကြီးက သူတို့အုပ်စုကို မကြာခင် ငါ့အကြောင်းသိမယ်လို့ ကျိန်စာတိုက်ထားတာ အခုအရင်ဦးဆုံး တာတီးကို ထိသွားပြီ'

www.burmeseclassic.com



'ဟဲ့… တိုးတိုးပြောကြပါဟဲ့၊ တော်ကြာ ဖိုးထွေးတို့ ကောင်းသော်တို့ အမျိုးတွေကြားသွားလို့ ငါတို့ကို လာပြီးရန်တွေ့ နေပါဦးမယ်'

ထိုသို့ တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောဆိုနေ ဒေါ်အိုစာကြီးကလည်း ဒီသတင်းကို ဘယ်သူ့ထံက ကြားသေ သည် မသိ။ ရွာရိုးကိုးပေါက်လျှောက်ကာ ပန်းတစ်ပွင့်၏အခ ကို လက်ဖြင့်လှည့်ရင်း…

'ဇလုံ… ပန်းကန် မယုံရင်ခံ'

'ဇလုံ… ပန်းကန် မယုံရင်ခံ'

'မသိသူကျော်သွား၊ သိသူ နတ်စား'

'နတ်မတင် နင်မတတ်'

'နတ်တင်မှ နင်တတ်မယ်ပေ့'

ထိုသို့ အဓိပ္ပာယ်ရှိသလိုလို မရှိသလိုလို နတ်စကား လိုလို စကားများကို အော်ဟစ်ဆိုရင်း တာတီးတို့အိမ်ရှေ့မှ ဖြတ် လျှောက်သွားခဲ့တယ်။ သည်တွင် အသုဘအိမ်တွင် အကူရောက် နေတဲ့ ရွှေမိတို့အုပ်စုက…

'ဟော… ဟော… ဒေါ်အိုစာကြီးရဲ့ အသံပါလား နားထောင်ကြည့်စမ်း'





ရွှေမိတို့တစ်သိုက် မီးကိုရေနှင့်ငြိမ်းသကဲ့သို့ တိတ်ဆိတ် သွားပြီး ဒေါ်အိုစာကြီးရဲ့အသံကို စိတ်ဝင်တစားနဲ့ နားထောင်လိုက် တယ်။

ဒေါ်အိုစာကြီးကတော့ စောစောကအတိုင်း အသံကျယ် ကြီးနဲ့ အော်ဟစ်သွားခဲ့တယ်။

ဒီတွင် ဒေါ်ရွှေမိက…

'ဟဲ့… အေးကြည်မတို့ နားထောင်စမ်း၊ ဇလုံ ပန်းကန် ယုံရင်ခံတဲ့'

'အဲဒါ ဘာအဓိပ္ပာယ်လဲ'

'ငါ့အထင်တော့ သူ့စကားကိုမယုံလို့ ဒီလိုခံရတာလို့ ပြောတာဖြစ်မယ်'

'ဒါဆို ဇလုံ… ပန်းကန်ကရော'

'ဒါကတော့ ကာရံလိုက်အောင် ညှိတဲ့စကားပေါ့ဟယ်'

'သိပါဘူးတော်၊ ရွှေမိက အရှုံးစကားကို ဘာသာပြန် တတ်တယ်တော့'

'တော်ပြီ… တော်ပြီ၊ ဒါဆိုရင် ငါဘာမှမပြောတော့ ဘူး'

www.burmeseclassic.com



'ဒီလိုတော့ မလုပ်ပါနဲ့အေ၊ ညည်းက ငါတို့အထဲမှာ ဉာဏ်အကောင်းဆုံးပါအေ၊ ဆပ်ပြီးဘာသာပြန်ပါဦး'

'ကျုပ်ကလည်း သိပ်ပြီးသိတာမဟုတ်ဘူး၊ ရမ်းပြီး ဘာသာပြန်ရတာ'

'အေးပါ... ဆက်ပြီးဘာသာပြန်ပါဦးအေ'

'မသိသူကျော်သွား၊ သိသူနတ်စားဆိုတာကတော့ မသိတဲ့လူတွေက နတ်မတင်လို့ သူတို့လိုချင်တာ မရဘူး၊ သိတဲ့သူတွေက နတ်တင်လို့ စားဝတ်နေရေး အဆင်ပြေတယ်ပေါ့ ဒေါ်လုံးတင်ကြီးဆိုရင် ဒေါ်အိုစာ နတ်တင်မယ်ပြောတိုင်း အုန်းသီး ငှက်ပျောသီးတွေပေးလိုက်တယ်လေ၊ အဲဒါမျိုးကို ပြောတာ'

'အေး... ဆက်ပြောပါဦး'

'နတ်မတင်ရင် နင်မတတ်ဆိုတာက နတ်မတင်ရင် စီးပွားလာဘ်လာဘ မရဘူးပေါ့ဟာ'

'အဘွားကြီးက ရူးနေတယ်သာပြောတာ၊ အဓိပ္ပာယ် ပေါက်အောင်တော့ စာစပ်တတ်သားပဲ'

'ဟဲ့... အဲဒီအဘွားကြီးက အရင်တုန်းက ပညာတတ် တယ်လို့ ပြောတယ်'





'သူကြည့်ရတာ သနားပါတယ်အေ၊ အရင်တုန်းကတော့ သူဌေးလို့ပြောတာပဲ၊ အခုတော့ သချိုင်းဇရပ်မှာနေရတယ်ဆိုတော့ အနေအထိုင်ဆင်းရဲတာပေါ့'

'ဒါနဲ့ နေပါဦး၊ သူက ကျိန်စာတိုက်တာ ထိတယ်ဆိုတာ ဟုတ်လား'

'ဒါလည်း ကျုပ်တို့တော့ ဘယ်သိမလဲ၊ အခုလောလော ဆယ် သူ ကျိန်စာတိုက်ခဲ့တဲ့ တာတီးတော့ သေပြီ'

'ငါတော့ ဒေါ်အိုစာကြီးကို ကြောက်တောင် ကြောက်လာပြီ'

'ညည်းကလည်းအေ... ကြံကြောက် လှည်းအောက် ဆိုတာမျိုး ဖြစ်နေပြီ'

'သူ့ပါးစပ်က ပြောချင်တာပြောတိုင်း ဖြစ်မလား၊ တိုက်ဆိုင်တာဖြစ်မှာပေါ့အေ'

ရွှေမိတို့လူသိုက်က ကိုယ်ထင်ရာကိုယ်ပြောရင်း ဝိုင်းကူ အလုပ်လုပ်နေခဲ့တယ်။

ဖိုးထွေးတစ်ယောက်ကတော့ တာတီးသေဆုံးမှုဟာ ဒေါ်အိုစာရဲ့ ကျိန်စာကြောင့်လားဆိုပြီး စိတ်စနိုးစနောင့်ဖြစ်နေ တယ်။

www.burmeseclassic.com



'အင်း… တာတီးအလှည့်ကတော့ ပြီးသွားပြီ၊ နောက် တစ်ခါ ကောင်းသော်နဲ့ ငါ တစ်ယောက်ယောက် အလှည့်များ ဖြစ်လေမလား'

ဒီလိုအတွေးမျိုးနဲ့ စိုးရွံ့ထိတ်လန့်နေခဲ့တယ်။ တာတီးဟာ မြွေဆိုးအကိုက်ခံရပြီး ကံဆိုးခဲ့တဲ့ ဒုတိယအကြိမ်မြောက် မရဏ ခရီးသည် ဖြစ်သွားခဲ့တယ်။

❑ ❑ ❑



## အခန်း (၁၁)
## တတိယအကြိမ်မြောက် မရဏာခရီးသည်

တာတီးဆုံးပြီး မကြာမီမှာ ထပ်မံ ထူးထူးခြားခြား အကြောင်းများ ပေါ်ပေါက်ခဲ့တယ်။

မိုးဖြိုင်ဖြိုင်ရွာသွန်းတဲ့ ဝဿန္တဆိုတဲ့ မိုးရာသီဖြစ်လို့ အင်းရဲကြီးရဲ့ ရွာအနီးတစ်ဝိုက်မှာ မျှစ်စို့ပေါက်ကြီးတွေ၊ မှိုပင် ပေါက်တွေနဲ့ ဟင်းသီးဟင်းရွက်တွေ ပေါက်နေခဲ့တယ်။

ဒီရွာက ရွာသူမအတော်များများဟာ တောထဲသွားပြီး မျှစ်ချိုး၊ မှိုရှာ၊ ဟင်းရွက်ခူး စတဲ့ အလုပ်တွေကို လုပ်ကြတယ်။ ဟင်းရွက်ခဲ့တဲ့သူမတွေဟာ တစ်အုပ်စုကို ငါးယောက်၊ ခြောက် ယောက် အုပ်စုဖွဲ့ပြီး တောသွားကြတယ်။ အဲဒီအထဲမှာ ကိုရွှေ အောင်ရဲ့မိန်း စန်းတင်မတို့အုပ်စုလည်း ပါဝင်ခဲ့ကြတယ်။

www.burmeseclassic.com



စန်းတင်မတို့အုပ်စုက စုစုပေါင်း ခြောက်ယောက် ရှိတယ်။ မနက်စောစော အရုဏ်ကျင်းလို့ အလင်းရောက်ချိန်မှာ…

'စန်းတင်မရေ… ဘာလုပ်နေတာတုန်း၊ ခပ်စောစော သွားမယ်အေ'

'အေးပါအေ… ပြီးပါပြီ'

စန်းတင်မက ဗိုက်ကြီးတပြုပြုနဲ့ အိမ်ထဲက အပြေးထွက် လာခဲ့တယ်

'စန်းတင်မရေ… ဖြည်းဖြည်းလာပါအေ၊ တော်ကြာ ချော်လဲပြီး ဗိုက်ပြုတ်နေဦးမယ်'

'ချော်မလဲပါဘူးအေ၊ ကျုပ်တို့က တစ်နေ့လုပ်မှ တစ်နေ့ စားရတာဆိုတော့ ဗိုက်ရှိနေလည်း အိမ်မှာထိုင်မနေနိုင်ဘူး၊ ကိုယ် လုပ်နိုင်တာ လုပ်ရမှာပဲ'

'ဟုတ်ပါတယ်အေ၊ ညည်းတို့ ဆင်းရဲကြောင်း ဘယ်သူက ရိုက်စစ်နေလို့လဲ'

'ကဲ… ကဲ… စကားများမနေကြနဲ့၊ အချိန်လင့်နေဦး မယ်၊ တောသွားကြစို့'

'အေး… ဟုတ်တယ်'





သူတို့တစ်သိုက် ရွာရဲ့တောင်ဘက်မှာရှိတဲ့ တောကြီးထဲ သို့ သွားခဲ့ကြတယ်။ နှစ်မိုင်ခန့် သွားလိုက်တယ်ဆိုရင်ပဲ တောကြီး ရဲ့အစပ်ကို ရောက်သွားခဲ့တယ်။ တဖြည်းဖြည်း ဆက်လျှောက် သွားရင်း ဝါးရုံပင်တွေအစုအစုကို တွေ့ရှိရတယ်။ ဝါးရုံပင်တွေ ရဲ့ အောက်ခြေမှာတော့…

'ဟော… ဟိုမှာ မျှစ်စို့ပေါက်ကြီးတွေ အများကြီးပဲ'

ခင်သန်းက ဝမ်းသာအားရအော်ပြီး မျှစ်စို့ပေါက်ကြီးတွေ ရှိတဲ့နေရာကို အတင်းပြေးသွားခဲ့တယ်။ ခင်သန်းရဲ့နောက်က မိတင်က အပြေးလိုက်သွားတယ်။ နောက် စိန်သေးကလည်း ဓားကိုင်ပြီး လိုက်သွားတယ်။

အဲဒီ မျှစ်စို့ပေါက်ကြီးတွေကို သူတို့သုံးယောက်က တူးနေကြတယ်။ ကျန်တဲ့သုံးယောက်ကတော့ နောက်ထပ် မျှစ် တွေ၊ မှိုတွေချိုးဖို့ ရှေ့သို့ဆက်ပြီးထွက်လာခဲ့တယ်။

သူတို့အုပ်စုက ဘာပစ္စည်းရရ အားလုံးအတူတူပဲ။ အားလုံးရထားတဲ့ပစ္စည်းတွေကို နောက်မှ အညီအမျှခွဲဝေကြတယ်။ ဒါက သူတို့လုပ်နေကျ။ ဒါကြောင့် ကနဦးဆုံးတွေ့တဲ့ မျှစ်တွေ ကို ခင်သန်းတို့အုပ်စု တူးနေတုန်း ကျန်တဲ့သူတွေက ဆက်ပြီး မှိုရှာ မျှစ်ရှာထွက်ခဲ့တာပဲ။

www.burmeseclassic.com



စန်းတင်မအပါအဝင် ကျန်တဲ့သုံးယောက်ဟာ ခင်သန်းတို့ မျှစ်တူးနေတုန်း တောင်ပေါ်ကို ဆက်တက်ခဲ့ကြတယ်။ အတော်ဝေးဝေး သွားလိုက်တယ်ဆိုရင်ပဲ လဲကျနေတဲ့ သစ်တုံးတွေရဲ့ အောက်ဘက်နံဘေးအစပ်မှာ…

'ဟိုမှာ မှိုတွေ အများကြီးပဲ'

မှိုပွင့်ကလေးတွေဟာ တစ်အုပ်စီ တစ်အုပ်စီ အစီအရီ ပေါ်ထွက်နေတာ မှိုခင်းကြီးတစ်ခုလိုပါပဲ။

'စန်းတင်မရေ… ညည်းက ဟိုဘက်က ခူး၊ ငါတို့က ဒီဘက်က ခူးမယ်'

'အေး… အေး…'

စန်းတင်မတို့သုံးယောက်ဟာ မှိုတွေကိုနုတ်ပြီး လွယ်ထားတဲ့ပုလိုင်းထဲ ထည့်လိုက်၊ နုတ်လိုက်နဲ့ အတော့်ကို အလုပ်ရှုပ်နေတယ်။

ဒီလောက်များတဲ့ မှိုတွေကို တစ်ခါမှမရဖူးလို့ သူတို့အုပ်စု အရမ်းဝမ်းသာနေခဲ့တယ်။

'စန်းတင်မရေ… ဒီလောက်များတဲ့မှိုတွေ ရွာရောက်လို့ ရောင်းလိုက်ရင် ပိုက်ဆံတွေအများကြီးရမှာ'





'ဟုတ်တယ်၊ အဲဒီပိုက်ဆံတွေစုပြီး ဝါကျွတ်အတွက် ထဘီအင်္ကျီ ဝယ်ဝတ်ရမယ်'

အားလုံးက မှိုရတဲ့မျက်နှာနဲ့ ငွေရမယ့်ကိန်းကို တွေးပြီး ပျော်ရွှင်နေကြတယ်။ မှိုတွေကလည်း ခူးလို့ကို မကုန်နိုင်ဘူး။ စန်းတင်မကတော့ မကြာမီ မီးဖွားရမှာမို့ မီးဖွားဖို့စရိတ်ကောင်းကောင်းရပြီဆိုတဲ့အတွေးနဲ့ ဝမ်းသာနေခဲ့တယ်။

ဒါပေမဲ့ စန်းတင်မရဲ့ ဝမ်းသာပျော်ရွှင်နေတဲ့အချိန်ကလေးဟာ သိပ်ပြီးမကြာရှည်ခဲ့ဘူး။ မှိုခူးနေစဉ်…

'ဒုတ်…'

ဆိုတဲ့ အသံနဲ့အတူ သူမရဲ့ ခြေမျက်စေ့အထက်နားမှာ နာကျင်သွားခဲ့တယ်။ ကြည့်လိုက်တော့ မဲပြာပြာနဲ့ မြွေတစ်ကောင်ဟာ လျှောခနဲ မြက်တောထဲပြေးဝင်သွားတယ်။

'ဟောတော့… ငါ့ကို မြွေပွေးကိုက်သွားပြီနဲ့ တူတယ်'

စန်းတင်မက အလန့်တကြား အော်လိုက်တော့…

ကျန်နှစ်ယောက်က မြွေကိုလှမ်းကြည့်ပြီး…

'ဟုတ်တယ် မြွေပွေးပဲ၊ နင့်ကို ကိုက်မိသွားသေးလား၊ ပြစမ်း'

www.burmeseclassic.com



သူတို့ဟာ စန်းတင်မရဲ့ ခြေထောက်ကို ငုံ့ကြည့်လိုက်တော့ ညာဘက်ခြေထောက် ခြေမျက်စေ့ရဲ့ အထက်နားမှာ အစွယ်ရာနှစ်ခုကို တွေ့လိုက်ရတယ်။

ဒီတော့ ကြည်ဦးက လန့်လန့်ဖျပ်ဖျပ်နဲ့...

'စန်းတင်မကတော့ ပိုးထိသွားပြီ၊ ရွာကို အမြန်ဆုံးပြန်မှ ဖြစ်မယ်'

'စန်းတင်မ... နင် ဘယ်လိုနေသေးလဲ'

'ခြေထောက်က တဖျင်းဖျင်းနဲ့၊ အဆိပ်တွေတက်လာသလိုပဲ'

'ဒါဆို ဒီတောထဲက အမြန်ထွက်မှ'

သူတို့နှစ်ယောက်ဟာ စန်းတင်မကိုတွဲပြီး တောထဲက ထွက်လာခဲ့ကြတယ်။ သူတို့အပြန်မှာ စောစောက မျှစ်တူးနေတဲ့ အုပ်စုက သူတွေက...

'ဟဲ့... စန်းတင်မ ဘာဖြစ်လို့ တွဲလာတာတုန်း'

'စန်းတင်မ ပိုးထိလို့ဟေ့'

'ဟာ... ဒုက္ခပါပဲ၊ ဒါဆို မြန်မြန်သွားဟေ့၊ ငါတို့လည်း မျှစ်ချိုးပြီးရင် လိုက်ခဲ့မယ်'





စန်းတင်မတို့အုပ်စုဟာ ရွာထဲကို အမြန်ဆုံးပြန်လာခဲ့ကြတယ်။ ရွာရောက်တော့ စန်းတင်မရဲ့ယောကျ်ားက ဆေးဆရာသွားခေါ်ပြီး ပြခဲ့တယ်။ ထူးဆန်းတာကတော့ စန်းတင်မဟာ မြွေပွေးအကိုက်ခံရတယ်သာ ဆိုတယ်။ ဘာမှမဖြစ်ဘူး အကောင်းပကတိပဲ။

ဒါကြောင့် ဆေးဆရာကြီးကတောင်...

'မြွေပွေးကိုက်တာ သေချာရဲ့လား စန်းတင်မ'

'သေချာပါတယ် ဆရာကြီး၊ ကျွန်မကိုယ်တိုင် သေသေချာချာတွေ့လိုက်တယ်၊ ကြည်ဦးတို့လည်း တွေ့လိုက်တယ်'

ထိုစဉ် ကြည်ဦးကပါ...

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်မတို့ကိုယ်တိုင် မြွေပွေးကို တွေ့လိုက်ပါတယ် ဆရာကြီး'

'မြွေပွေးကိုက်တယ်ဆိုရင် အဆိပ်တွေပြန့်ပြီး အခုအချိန်မှာ အဆိပ်တက်နေလောက်ပြီ၊ မြွေပွေးကိုက်တာမဟုတ်လို့နေမှာ'

'ဟုတ်ပါတယ် ဆရာကြီး'

'လူနာကတော့ ကောင်းနေတာပဲ၊ ဒီတော့ ဘာဆေးမှ

www.burmeseclassic.com



တိုက်စရာမလိုဘူး၊ တစ်ခုခုဖြစ်ရင်သာ အမြန်လာခေါ်၊ အခုတော့ ဆရာကြီး ပြန်လိုက်ဦးမယ်'

'ဟုတ်ကဲ့ ဆရာကြီး'

ဆေးဆရာကြီးက ဤသို့ပြောပြီး ပြန်သွားခဲ့သည်။

အားလုံးက စန်းတင်မ၏ ထူးခြားသော အဖြစ်အပျက်ကြောင့် အံ့သြဘနန်းဖြစ်နေခဲ့သည်။ စန်းတင်မကား မွေးပွေးကိုက်သော်လည်း ဘာမျှမဖြစ်။ ပကတိလူကောင်းသဖွယ် ဖြစ်နေသည်။

စန်းတင်မ၏ ထူးဆန်းသော အဖြစ်အပျက်ကြောင့် တချို့ရွာသူများက...

'စန်းတင်မကို မြွေပွေးကိုက်တာတောင် ဘာမှမဖြစ်ဘူးတဲ့တော့'

'ဟုတ်ပါ့တော်... ကျုပ်တို့ကလည်း ဖြစ်စေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ စန်းတင်မက ဘာသားနဲ့ထုထားလို့ မြွေပွေးကိုက်တာတောင် ဘာမှမဖြစ်တာလဲ'

'ဒါဆိုရင် မြွေပွေးကိုက်တာမဟုတ်လို့ နေမှာပေါ့'

'ဟုတ်ချင် ဟုတ်မှာပေါ့၊ အပမှီတယ်ဆိုတာ အကြာကြီး နေလို့ မရဘူး၊ တစ်လလောက်ဆိုရင် အကြောင်းပြတော့တာပဲ'





'ဒါဆို စောင့်ကြည့်ကြတာပေါ့'

ထိုသို့ဖြင့် စန်းတင်မရဲ့ အဖြစ်ဆန်းကြောင့် အားလုံးက တအံ့တသြဖြစ်နေကြတယ်။ စန်းတင်မကတော့ အသွားမပျက်။ အစားမပျက်ခဲ့ပေ။

နောက်တစ်လခန့်အကြာ အရုဏ်မလင်းတလင်းအချိန်တွင်...

'ကိုရွှေမောင်... ထစမ်းပါဦးတော်'

'ဘာဖြစ်လို့လဲ စန်းတင်မရဲ့'

'ကျုပ် ဗိုက်အရမ်းနာနေပြီ၊ လက်သည်ဒေါ်ဖွားကြီးကို သွားခေါ်ပေးစမ်းပါ'

'အေး... အေး... ငါသွားခေါ်လိုက်ဦးမယ်'

ကိုရွှေမောင်ဟာ သိပ်မကြာမီ လက်သည်ဒေါ်ဖွားကြီးနဲ့အတူ ပြန်ရောက်လာခဲ့တယ်။

လက်သည်ဒေါ်ဖွားကြီးက စန်းတင်မရဲ့ အခြေအနေကို စမ်းသပ်ကြည့်ပြီး...

'ရွှေမောင်ရေ... မွေးကာနီးပြီ၊ ရေနွေးအဆင်သင့်လုပ်ပေး'

www.burmeseclassic.com



'ခေတ်ဘူးထဲမှာ ထည့်ထားတယ်'

'အေး... အေး... မင်း အပြင်မှာစောင့်နေ၊ အကြောင်းရှိရင် ခေါ်လိုက်မယ်'

'ဟုတ်ကဲ့'

ကိုရွှေမောင်က အခန်းအပြင်ဘက်မှာ စောင့်နေခဲ့ကြတယ်။

စန်းတင်မ ဗိုက်နာနေပြီဆိုလို့ အမ်ိနီးနားချင်းတွေ ရောက်လာပြီး သူမကို ဗိုက်စောင့်ပေးခဲ့ကြတယ်။ အဲဒီအထဲမှာ ရွှေမိတို့အုပ်စုက အကဲဆုံး။

သူတို့အုပ်စုထဲမှာ တချို့က စန်းတင်မကို အပမှီနေတယ်လို့ ထင်ထားခဲ့ကြတယ်။ တချို့ကလည်း မယုံဘူး။ ဒါကြောင့် ဗိုက်စောင့်ရင်း စန်းတင်မရဲ့ အခြေအနေကို စောင့်ကြည့်နေခဲ့ကြတယ်။

သိပ်မကြာခင်မှာ...

'ဝါး...'

'ဝါး...'

'ဝါး...'





'စန်းတင်မ မွေးပြီတော့'

'ဘာလေးမွေးလဲ'

'ယောကျ်ားလေးဟေ့'

'ယောကျ်ားလေးတဲ့တော့'

ကိုရွှေမောင်က ယောကျ်ားလေးမွေးလို့ အရမ်းဝမ်းသာသွားတယ်။ လက်သည်ဒေါ်ဖွားကြီးက ကလေးကို ပြုစုမှုလုပ်ပေးပြီး အနီးနဲ့ထွေးပေးပြီး စန်းတင်မရဲ့ နံဘေးမှာ ကလေးကိုချပြီး...

'ဟဲ့... စန်းတင်မ၊ နင့်ကလေးလေးက တော်တော်ဖွံ့တယ်၊ ကြည့်လိုက်စမ်း'

'ဟဲ့... စန်းတင်မ၊ စန်းတင်မ၊ ခေါ်လို့လည်း မရတော့ပါလား'

'အကျိုးတော့ နည်းပါပြီတော်၊ သွေးတက်ပြီး သတိလစ်နေပြီ'

လက်သည်ဒေါ်ဖွားကြီးကလည်း သတိလစ်နေတဲ့ စန်းတင်မကို ကြည့်ပြီး ပျာယာခတ်သွားခဲ့တယ်။ နောက်တော့ အခန်းအပြင်ကိုထွက်လာပြီး ကိုရွှေမောင်ကို တိုးတိုးပြောလိုက်တယ်။

www.burmeseclassic.com



'ရွှေမောင်... နင့်မိန်းမတော့ သွေးတက်ပြီး သတိလစ်
နေတယ်၊ ငါတစ်ယောက်တည်း မနိုင်ဘူး၊ ဆေးဆရာကြီး သွား
ပင့်ချေ'

'ဟုတ်... ဟုတ်ကဲ့'

ကိုရွှေမောင်လည်း ဆေးဆရာကြီးကို အပြေးကလေး
သွားပင့်ခဲ့တယ်။

ဆေးဆရာကြီး ရောက်လာပြီး စန်းတင်မကို ကြည့်
လိုက်တော့ ခြေထောက်တွေက မည်းပြာနေတယ်။ လက်တွေ
လည်း ညိုစပြုနေပြီ။

'ဒါဟာ အဆိပ်မိတဲ့လက္ခဏာပဲ၊ အင်း... ဟိုတင်း
မြွေကိုက်ခံရဖူးတယ်၊ ကိုယ်ဝန်နဲ့ဆိုတော့ အဆိပ်က မပြန့်
နေလိမ့်မယ်၊ မွေးပြီးမှ မြွေဆိပ်ပြန့်သွားတာဖြစ်မယ်၊ ဒီတော့
မြွေဆိပ်ဖြေဆေးတိုက်မှ ဖြစ်မယ်'

ဆရာကြီးက စန်းတင်မကို မြွေဆိပ်ဖြေဆေးတွေ တိုက်
ခဲ့တယ်။ အချိန်ကုန်အောင် စောင့်ကြည့်ပေးခဲ့တယ်။ မနက်အေး
စောကကတည်းက သွေးတက်နေတာ ညနေစောင်းအချိန်အထိ
သတိပြန်မလည်ခဲ့ဘူး။ အားလုံးက စိုးရိမ်တကြီးနဲ့ စောင့်ကြည့်
နေခဲ့ကြတယ်။





ရွှေမိတို့အုပ်စုက လက်တို့ပြီး...

'ငါပြောတယ် မဟုတ်လား၊ အပမှီတာပါလို့၊ အခုတော့
အစွမ်းပြပြီပေါ့'

'မဟုတ်ပါဘူးအေ၊ ဆရာကြီးက ပြောတော့ အခုမှ
မြွေဆိပ်တက်တာတဲ့'

'ကြား ကြားဖူးပေါင်အေ၊ မြွေကိုက်တာ တစ်လကျော်
မှ အဆိပ်တက်ရတယ်လို့၊ ခေတ်ကာလကြီးကိုက ဆန်းပါတော်'

'ဆန်းတာတွေ မဆန်းတာတွေ လုပ်မနေနဲ့၊ စန်းတင်မ
က သေမလား ရှင်မလား မသိဘူး'

အားလုံး ထိုင်စောင့်နေခဲ့ကြတယ်။

သန်းခေါင်ယံအချိန်လောက်မှာတော့ စန်းတင်မရဲ့ ခန္ဓာ
ကိုယ်ဟာ လှုးလိမ့်နေပြီး တစ်ခဏအကြာမှာ ငြိမ်သက်သွားခဲ့
တယ်။

'ဟော... စန်းတင်မရဲ့ ခန္ဓာကိုယ်ကြီး ငြိမ်ကျသွားပြီ၊
ဆရာကြီးရယ်... ကြည့်လုပ်ပါဦး'

'အေး... ငါ စမ်းသပ်ကြည့်လိုက်ဦးမယ်'

ဆရာကြီးက စန်းတင်မကို စမ်းသပ်ပြီးနောက်...

www.burmeseclassic.com



'ပြောရမှာ စိတ်မကောင်းပါဘူး၊ စန်းတင်မတော့ သေပြီ'

'ဟောတော့'

'ဟော်ဗျာ'

ဆရာကြီးရဲ့စကားကြောင့် အားလုံး အံ့အားသင့်သွားခဲ့သည်။

ရွှေမိတို့အုပ်စုထဲက တစ်ယောက်က…

'ဒါကြောင့် ငါပြောတယ်မဟုတ်လား၊ အပမှီတာပါလို့ အခု အပက ထွက်သွားတော့ သေသွားပြီပေါ့'

'အေးဟယ်… ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး'

'သနားပါတယ်၊ စန်းတင်မ သေသွားပြီဆိုတော့ ကိုရွှေမောင်တော့ ကလေးတစ်ယောက်နဲ့ ဒုက္ခပါပဲ'

'ဟုတ်ပါ့အေ… ဟုတ်ပါ့'

ကိုရွှေမောင်တစ်ယောက်တော့ စန်းတင်မရဲ့မျက်နှာလေးကို ကြည့်ပြီး တရှုပ်ရှုပ်နဲ့ ငိုနေလေရဲ့။ မြင်ရတဲ့သူအပေါင်း စိတ်ထိခိုက်စရာပဲ။

ရွာမှာ လူသေပြီဆိုတော့ ထုံးစံအတိုင်း သုံးရက်ထားပြီး





မှ သုသာန်ကိုပို့ခဲ့ကြတယ်။ ကိုရွှေမောင်ကလည်း တစ်နေ့လုပ်တစ်နေ့စားဆိုတော့ ငွေရေးကြေးရေး ချို့တဲ့တယ်။ စန်းတင်မအတွက် အခေါင်းလုပ်ဖို့ ပျဉ်ဖိုးတောင်မရှိဘူး။

'ကဲ… ပျဉ်ဖိုးမတတ်နိုင်လည်း သဘော့ဖျာပတ်ပြီးသာ ချပေတော့'

စန်းတင်မရဲ့ အသုဘကို သဘော့ဖျာပတ်ပြီး ချခဲ့ရတယ်။ ဒါကတော့ ဆင်းရဲသားတွေရဲ့ မလှပတဲ့ အသုဘမြင်ကွင်း တစ်ခုပေါ့။

'နောင်…'

'ဒူ… ဝေ… ဝေ…'

'နောင်…'

ကြေးစည်ထုသံနဲ့အတူ စန်းတင်မရဲ့ အလောင်းကို သဘော့ဖျာနဲ့ပတ်ပြီး သုသာန်ဆီသို့ တရွေ့ရွေ့ထမ်းသွားခဲ့ကြတယ်။ ရွာလမ်းတစ်လျှောက်မှာ ခွေးတွေက တအူအူနဲ့…

'အူး… အူး… အူး…'

ရွာသူရွာသားတွေက သဘောကောင်းတဲ့ စန်းတင်မနဲ့ ကိုရွှေမောင်ကို သနားကြတယ်။ ဒါပေမဲ့ မလွန်ဆန်နိုင်တဲ့ သင်္ခါရ သဘောတရားကို ဘယ်သူတားဆီးလို့ရမှာလဲ။

www.burmeseclassic.com



မကြာခင်မှာ စန်းတင်မရဲ့အလောင်းဟာ သုသာန်ဇရပ်ပေါ်ရောက်လာပြီး ဆရာတော်က သရဏဂုံတင်ပေးလိုက်တယ်။ အားလုံးပြီးတော့ အသင့်တူးထားတဲ့ တွင်းထဲထည့်ပြီး မြေဖို့ခဲ့ကြတယ်။

သုသာန်မှာရှိနေတဲ့ ဒေါ်အိုစာကြီးက စန်းတင်မအလောင်း မြေဖို့တာကိုကြည့်ပြီး…

'စန်း တင်မရယ်… နင်သေတာ ငါလည်း စိတ်မကောင်းပါဘူးဟယ်၊ နင်က မျှစ်တွေ မှိုတွေပေးတယ်၊ သဘောလည်း ကောင်းတယ်၊ ပြီးတော့ နင့်မှာ ကလေးတစ်ယောက်လည်း ကျန်ခဲ့တယ်၊ နင်သေမယ့်အစား ငါသေဖို့ပဲ ကောင်းတယ်၊ ငါ့မှာ တစ်နေ့တစ်နေ စားဖို့ရှာနေရတယ်။ ငါ့ကို ဘယ်သူမှ မကျွေး မပေးချင်ဘူး၊ ငါကိုယ်က ကံဆိုးပါတယ်'

ဒေါ်အိုစာကြီးကလည်း သူ့ခံစားချက်နဲ့သူ။

ငိုယိုပြီး စန်းတင်မအတွက် ဝမ်းနည်းခဲ့တယ်။

'စန်းတင်မရေ… နင်ကတော့ မှိုနတ် မျှစ်ချိုးတဲ့ဘဝက လွတ်မြောက်သွားပြီပေါ့၊ ငါ့မှာသာ ဟိုတောင်း ဒီတောင်းနဲ့ သေကလည်း မသေနိုင်၊ ရှင်နေပြန်တော့လည်း တန်ဖိုးမရှိတဲ့ဘဝနဲ့ ဘယ်လောက်များနေရဦးမယ် မသိဘူး၊ ငါ သေချင်ပါတယ်'





အမယ်အိုတစ်ယောက်ရဲ့ ခံစားချက်နဲ့ မျက်ရည်ကို ဘယ်သူမှ မသိခဲ့ကြပေ။

ဒါပေမဲ့ မြွေအလွန်ပေါတဲ့ အင်းရဲရွာကြီးမှာ တတိယအကြိမ်မြောက် မရဏခရီးကို သွားခဲ့သူဟာ ရွှေမောင်ရဲ့မိန်းမ။

'စန်းတင်မ'ပဲပေါ့။

❑ ❑ ❑

www.burmeseclassic.com

## အခန်း (၁၂)
## သေရွာက ပြန်ခဲ့တယ်

တဖြည်းဖြည်းနှင့် တစ်နေ့တာ ကုန်ဆုံးခဲ့ပြီ။

ညနေခင်းမှ အမှောင်သို့ ပြောင်းလဲလာခဲ့တယ်။ သုသာ
မှာ ဒေါ်အိုစာက လွဲလို့ ဘယ်သူမှမရှိကြဘူး။ ဒေါ်အိုစာက
သူတောင်းနေကျ စန်းတင်မတစ်ယောက် ဆုံးသွားလို့ တောင်း
မယ့်လူတစ်ဦး လျော့သွားတာရယ်၊ သဘောကောင်းတဲ့ စန်းတင်
အတွက် စိတ်မကောင်းတာရယ်ကြောင့် စောစောမအိပ်နိုင်ဘဲ
သုသာန်ဇရပ်ထောင့်မှာ ဟိုတွေး သည်တွေးနဲ့ ထိုင်နေခဲ့တယ်။

ဇရပ်ထောင့်က ထိုင်ကြည့်ရင် အသစ်စက်စက် မြေ
ဖြစ်တဲ့ စန်းတင်မရဲ့ မြေပုံကလေးကို လှမ်းမြင်နေရတယ်။

'အင်း… သင်္ချိုင်းရှင်၊ သင်္ချိုင်းရှင်၊ ပစ္စည်းသင်္ချိုင်းရှင်၊ လူသင်္ချိုင်း





မနေ့ကပဲ ကလေးမွေးလိုက်သေးတယ်၊ အဲဒီညပဲ သေပြီတဲ့၊ ဖြစ်မှဖြစ်ရလေ စန်းတင်မရယ်၊ နင်သေတော့ ငါ့ကို ဘယ်သူက မုန့်တွေ မုန့်တွေပေးမှာလဲ'

ရောက်တတ်ရာရာစဉ်းစားရင်း စန်းတင်မရဲ့ မြေပုံကို လှမ်းကြည့်နေမိတယ်။ အဲဒီအချိန်မှာ စန်းတင်မဟာ မြေဆိပ်ကြောင့် မေ့မြောနေရာက တဖြည်းဖြည်း ပြန်ပြီးသတိရလာတယ်။

'အင်း… အင်း… ဟင်း… ဟင်း…'

သူမရဲ့ ခန္ဓာကိုယ်ဟာ လှုပ်လှုပ်ပြီး ညည်းတွားလိုက်တယ်။

နောက်တော့ သူမရဲ့မျက်လုံးဟာ တဖြည်းဖြည်း ပွင့်လာခဲ့တယ်။

'ဟင်… ပိန်းပိတ်အောင် မှောင်နေပါလား၊ ငါ ဘယ်ရောက်နေပါလိမ့်'

'ငါ့ရဲ့အပေါ်မှာ ဘာဖုံးနေပါလိမ့်'

'သဘော့ဖျာနဲ့ တူတယ်'

သူမရဲ့အသိမှာ သဘော့ဖျာဟူသောအာရုံကို 'ဒိုင်းခနဲ' ပေါ်လာခဲ့တယ်။

www.burmeseclassic.com



'သဘောဖျာဆိုတော့ ဧကန္တ ငါ့ကို သေပြီထင်ပြီး သဘောဖျာနဲ့ပတ်ပြီး ချထားလား မသိဘူး'

ထိုသို့ အတွေးနဲ့…

'ကယ်တော်မူကြပါဦး… ကယ်တော်ကြပါဦး'

သူမဟာ ကြောက်လန့်တကြား အသံကုန်ဟစ်အော်လိုက်တယ်။

ဒါပေမဲ့ မည်သည့်တုံ့ပြန်မှုမျှ မရခဲ့ပေ။

အကြိမ်ကြိမ်အော်ဟစ်နေတဲ့အတွက် အသံပင်မထွက်တော့ဘဲ ချွေးသီးချွေးပေါက်များကျကာ အသက်ရှူပင် မမှန်တော့ပေ။

'ငါ့ကို မြေမြှုပ်လိုက်ကြပြီနဲ့တူတယ်၊ သင်္ချိုင်းမှာလည်း ဘယ်သူမှရှိမှာ မဟုတ်ဘူး၊ ငါအော်နေလို့လည်း အလကားပဲ'

'ဒီတော့ ငါ ဘာဆက်လုပ်ရမလဲ'

'ဒီသဘောဖျာထဲက ရုန်းထွက်ပြီး မြေကြီးတွေကို ယက်ရမယ်'

စန်းတင်မသည် ဤသို့အတွေးဖြင့် သဘောဖျာထဲမှ အတင်းရုန်းထွက်ခဲ့တယ်။ ပထမဦးစွာ ကြိုးစားပြီး ရုန်းကြည့်





သည်။ မရပေ။ သူမဟာ သေအောင်နှင့် ကြုံတွေ့နေသည့်အတွက် တစ်ကြိမ်မရလျှင် နှစ်ကြိမ်၊ သုံးကြိမ် ရုန်းကြည့်သည်။ ခြောက်ကြိမ်မြောက် ရုန်းကန်ပြီးနောက် သဘောဖျာမှ ရုန်းထွက်နိုင်ခဲ့တယ်။

သဘောဖျာမှ ရုန်းထွက်လိုက်သည်နှင့်တစ်ပြိုင်နက် မြေစိုင်မြေခဲများဟာ သူမရဲ့မျက်နှာပေါ်ကို ပန်းနဲ့ပေါက်သလို တစ်ခုပြီးတစ်ခု လာရောက်ထိမှန်ခဲ့တယ်။

မြေကြီးတွေ ဖုံးအုပ်ထားတဲ့အတွက် အသက်ရှူတွေ ဆောင် မှားလာတယ်။ မြေကြီးတွေအများကြီး လာရောက်ထိမှန်တဲ့အတွက်…

'ငါဟာ ဒီမြေကြီးထဲက ရုန်းထွက်မှဖြစ်မယ်၊ နို့မို့ရင် ငါ သေသွားလိမ့်မယ်၊ ငါသေလို့တော့ မဖြစ်သေးဘူး၊ ကိုရွှေ အောင်နဲ့ ငါ့သားလေး ဒုက္ခရောက်တော့မယ်'

အဲဒီအတွေးနဲ့ စန်းတင်မဟာ မြေစိုင်မြေခဲတွေကို အားစိုက်ပြီး ယက်ထုတ်လိုက်တယ်။ အဲဒီတော့ စန်းတင်မရဲ့ မြေပုံကြီးက မြေစိုင်မြေခဲတွေ နေရာရွှေ့ပြီး နိမ့်လိုက်မြင့်လိုက် ဖြစ်နေတယ်။

www.burmeseclassic.com



အဲဒီအချိန်မှာ ဒေါ်အိုစာကြီးကလည်း စန်းတင်မရဲ့ မြေပုံကို ကြည့်နေပြီး စိတ်မကောင်းဖြစ်နေတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံနေတယ်။ ဒေါ်အိုစာကြီးက မြေပုံကိုလှမ်းကြည့်လိုက်တော့ ပွစိပွစိနဲ့ မြင့်လိုက် နိမ့်လိုက်ဖြစ်နေတာ မြင်လိုက်ရတော့…

'စန်းတင်မရဲ့ မြေပုံက လှုပ်နေသလိုပဲ'

'ဟယ်… မဟုတ်သေးပါဘူး၊ စန်းတင်မက သေပြီပဲ၊ သူ့ရဲ့မြေပုံက ဘာကြောင့်လှုပ်ရမှာလဲ။ ငါပဲ မျက်စိမကောင်းလို့များလား'

သူမကလည်း အသက်ငါးဆယ်ကျော်ပြီဆိုတော့ မျက်စိရဲ့အမြင်ဟာ မှုန်ဝါးနေပြီ။ ဒါပေမဲ့ လပြည့်ညဖြစ်လေတော့ လမင်းကြီးက ထိန်ထိန်သာနေလို့ လှုပ်ရှားမှုကို သူမ မြင်နေရတယ်။

သူမအဖို့ ဒီအဖြစ်အပျက်ကို မယုံကြည်နိုင်ပါ။

'ငါ ဒီသုသာန်မှာ နေလာတာ ဆယ်နှစ်ကျော်ပြီ၊ တစ်ခါမှ မြေပုံလှုပ်တာ မတွေ့ဖူးဘူး၊ ဒီတော့ မြေပုံလှုပ်တာ ဟုတ်မဟုတ် သိရအောင် မြေပုံနားကို သွားကြည့်ဦးမှပဲ'

ဒေါ်အိုစာကြီးဟာ အဝတ်မည်း တဘက်မည်းကြီးကို





ခြုံပြီး တုတ်ကောက်ကြီးကိုကိုင်ကာ ဇရပ်ပေါ်က ဖြည်းညှင်းစွာ ဆင်းလိုက်တယ်။ အသက်ကြီးလို့ ဒူးတွေကလည်း မကောင်းတော့ဘူး။ ဒါကြောင့် ခပ်လေးလေးပဲ တုတ်ကောက်ကြီးကို အားပြုပြီး စန်းတင်မရဲ့ မြေပုံဆီကို တရွေ့ရွေ့သွားခဲ့တယ်။

မကြာမီမှာ သူမဟာ စန်းတင်မရဲ့ မြေပုံအနီးကိုရောက်သွားခဲ့တယ်။

'ကဲ… ငါ အမြင်မှန်၊ မမှန်သိရအောင် စန်းတင်မရေ လှုပ်ပြစမ်း၊ ငါ ကြည့်လိုက်ဦးမယ်'

သူမက တုတ်ကောက်ကြီးကို တဒေါက်ဒေါက်ခေါက်ပြီး ဟန်နဲ့ပန်နဲ့ ပြောလိုက်တယ်။

ဒီလိုပြောပြီး သူမ ကြည့်နေတုန်း တစ်ခဏအကြာမှာ မြေပုံကြီးက ပွတက်ပြီး လှုပ်လာတယ်။ ဒါကို သူ သေသေချာချာမြင်လိုက်တော့…

'ဟဲ့… သောက်ပလုတ်တုတ်၊ မြေကြီးက ပွစိ ပွစိနဲ့၊ တကယ်လှုပ်လာတာပဲ'

'မြေပုံက လူသေမြှုပ်ထားတာ၊ ဘာကြောင့်လှုပ်ရမှာလဲ၊ ကေန္တတော့ စန်းတင်မ ငါ့ကို ခြောက်တာနဲ့တူတယ်'

www.burmeseclassic.com



အဲဒီလိုတွေးမိပြီး ကြက်သီးတဖျန်းဖျန်းထလာတယ်။

'စန်းတင်မရယ်... ငါက နင့်ကို သနားလို့ ငိုတာပါ ဟယ်၊ ငါ့ကို မခြောက်ပါနဲ့'

ထိုသို့ပြောလိုက်ပြီး မြေပုံကိုလည်းမကြည့်ဘဲ မနေနိုင်။

ဟော... ဟော... မြေပုံက လှုပ်နေပြန်ပြီ။

'စန်းတင်မရယ်... ငါ့ကို မခြောက်ပါနဲ့ တောင်းပန်ပါတယ်၊ ငါ့ကိုယ်ငါ နတ်ဆရာမလို့ ပြောပေမယ့် ငါ အစိမ်းသရဲ တစ္ဆေကိုတော့ ငါကြောက်တယ်'

'နောက်ပြီး ငါ့မှာ သူများတွေလို နေစရာမရှိလို့ ဒီဇရပ်မှာ လာနေရတာပါ၊ ငါ့ကိုကြောက်လန့်အောင် မလုပ်ပါနဲ့ တောင်းပန်ပါတယ်'

ဒေါ်အိုစာဟာ မြေပုံနံဘေးမှာ ထိုင်ချပြီး စန်းတင်မသရဲကို မခြောက်အောင် တောင်းပန်ခဲ့တယ်။

အခုမှ အရှူးနဲ့ သရဲ ထိပ်တိုက်တိုးခဲ့ပြီပေါ့။

ထိုစဉ် မြေပုံမှ မြေစိုင်မြေခဲတွေဟာ လှုပ်ရှားကြွတက်လာပြီး...

'အဟီး... ဟီး... လုပ်ကြပါဦး'





ဆိုတဲ့ အသံကြီးကိုပါ ကြားလိုက်ရတော့ ဒေါ်အိုစာကြီးဟာ ကြောက်ဒူးတုန်ပြီး...

'စန်းတင်မရယ်... ငါကြောက်ပါတယ်ဆိုမှ အသံနဲ့ ခြောက်လှန့်နေသေးတယ်၊ အမျှလိုချင်လို့ ခြောက်တာလား၊ ဒါဆို ငါ အမျှပေးမယ်၊ ပြုပြုသမျှ ကုသိုလ်ဒါနအတွက် စန်းတင်မကို အမျှအတန်းပေးဝေချင်ပါတယ်၊ အမျှ... အမျှ... အမျှ...'

ဒေါ်အိုစာကြီးဟာ ကြောက်လွန်းလို့ မထနိုင်တော့ပေ။ ဘယ်တုန်းအခါကမှ မပြုခဲ့ဖူးတဲ့ ကောင်းမှုကို ကြားဖူးနားဝနဲ့ စန်းတင်မအတွက် အမျှပေးနေတယ်။

အဲဒီအချိန်မှာ မြေစိုင်ခဲကြီးအကြီးဆုံးဟာ အပေါ်ကို မြောက်တက်အလာ ဒေါ်အိုစာကြီးကလည်း စိတ်ဝင်တစားနဲ့ ကြည့်လိုက်စဉ်မှာ...

'အား...'

'အမလေး... လုပ်ကြပါဦး'

ဒေါ်အိုစာကြီးဟာ အသံနက်ကြီးနဲ့ အော်လိုက်တယ်။

ဘာကြောင့်လဲဆိုတော့...

မြေကြီးထဲက ဆံပင်ဖွားလျားနဲ့ စန်းတင်မရဲ့ ဦးခေါင်းကြီးဟာ 'ဘွားခနဲ' ပေါ်လာလို့ပါပဲ။

www.burmeseclassic.com



'စန်းတင်မ… စန်းတင်မ… ငါကြောက်တတ်ပါတယ် ဆိုမှ၊ ဘာဖြစ်လို့ သရဲမျက်နှာကြီးနဲ့ ခြောက်လှန့်ရတာလဲ၊ ငါ ကြောက်လွန်းလို့ သေတော့မယ်'

ဒေါ်အိုစာကြီးက လွန်စွာကြောက်ရွံ့တုန်လှုပ်ပြီး တုန်ယင်တဲ့အသံနဲ့ ပြောလိုက်တယ်။ သူမဟာ အဲဒီနားက အဝေးဆုံးကို ထပြေးချင်လောက်အောင် စိတ်မှာရှိပေမယ့် ကြောက်ရွံ့ထိတ်လန့်တာကတစ်မျိုး၊ ဒူးနာနေတာကတစ်မျိုး အမျိုးမျိုးသောအကြောင်းကြောင့် ယခုလို ညဥ့်နက်သန်းခေါင်အချိန်မှာ သရဲမနဲ့ ရင်ဆိုင်နေခဲ့ရတယ်။

သူမဟာ ကြောက်လိုက်တာမှ နတ်ပူးသလို တဆတ်ဆတ်တုန်နေတယ်။

'စန်းတင်မရယ်… နင် ငါ့ကို မခြောက်ပါနဲ့၊ ရှိခိုးပါတယ်'

သူမဟာ ဒီစကားကို အားယူပြောပြီး တုန်တုန်ချည့်ချည့်ဖြစ်နေတယ်။

'ဒေါ်အိုစာကြီး'

စန်းတင်မဆီမှ လျှာလေးကြီးနဲ့ ခေါ်လိုက်တဲ့အသံ ထွက်ပေးလာခဲ့တယ်။





'ငါ့နာမည် မခေါ်ပါနဲ့အေ၊ ခြောက်ရင် ရိုးရိုးခြောက်ပါအေ၊ ညည်းအသံကြီးကို ကြားရတာ နားကြောစိမ့်လွန်းလို့ သေတော့မယ်'

ဒေါ်အိုစာကြီးရဲ့အဖြစ်က သရဲမကိုလည်း မကြည့်ရဲ။ ထလည်း မပြေးနိုင်။ ဒီတော့ မျက်နှာလွှဲပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ ပြန်ပြောလိုက်တယ်။

'ဒေါ်အိုစာကြီး'

သရဲမ စန်းတင်မက ခေါ်လိုက်ပြန်တယ်။

'ငါ့နာမည်ကို မခေါ်နဲ့လို့ ပြောနေတာ မကြားဘူးလား၊ သရဲက နာမည်ခေါ်ရင် အခေါ်ခံရတဲ့သူ သေတတ်တယ်တဲ့'

သူမဟာ ကြောက်ပေမယ့် သေမှာစိုးလို့ ကြောက်ကြောက်နဲ့ ပြောလိုက်တယ်။

'ဒေါ်အိုစာကြီး မသေနိုင်ပါဘူးရှင်'

'မသေနိုင်ဘူးဆိုရင် နင်က ဘာကြောင့် ငါ့ကို ခြောက်လှန့်ရတာလဲ'

'မခြောက်ပါဘူးရှင်'

'မခြောက်ဘူးသာဆိုတယ်၊ သရဲမျက်နှာနဲ့ ဘာကြောင့်

www.burmeseclassic.com



'စကားပြောနေရတာလဲ၊ အမျှလည်း ပေးပြီးပြီ၊ နင် ငါ့ကို မခြောက်ပါနဲ့တော့'

'ဒေါ်အိုစာကြီး မကြောက်ပါနဲ့၊ ကျွန်မ သရဲမဟုတ်ပါဘူးရှင်'

'ဟင်… နင်က သရဲမဟုတ်ဘူးလား'

'မဟုတ်ပါဘူး'

'ဒါဆို နင်က ဘာလဲ'

'စန်းတင်မပါ'

'အခုညဦးအချိန်မှာ မြေကြီးထဲက ဆံပင်ဖားလျားနဲ့ ထွက်လာတာ သရဲမ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ အဖြစ်ကတော့ ကျွန်မကို မသေဘဲ မြေမြှုပ်လိုက်တာပါ'

'ဟင်… ငါဖြင့် သရဲခြောက်တယ်ထင်ပြီး လန့်လိုက်တာ၊ လိပ်ပြာတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ ဒါနဲ့ ညည်းက ဘယ်လိုဖြစ်တာလဲ၊ ပြောစမ်း'

စန်းတင်မက သရဲမဟုတ်ဟု ပြောသောအခါ ဒေါ်အိုစာ အသံကျယ်လာခဲ့တယ်။





ကျွန်မ ကလေးမွေးပြီး သတိလစ်သွားတာကို သေတယ် ထင်ပြီး ဒီသုသာန်မှာ လာမြှုပ်ခဲ့ကြတယ်။ ကျွန်မ သတိရလာတော့ မြေကြီးထဲရောက်နေပြီ။

ကျွန်မလည်း ကြောက်ကြောက်နဲ့ အတင်းရုန်းကန်ပြီး ထွက်ခဲ့တာ။ သဘော့ဖျာကိုဖျက်ပြီး ထွက်နိုင်ခဲ့တယ်။ နောက်ပြီး မြေကြီးတွေကိုယက်ပြီး ထွက်ခဲ့တာ'

'ဪ… ဒီလိုလား'

'ကျွန်မ မြေကြီးတွေကိုယက်ပြီး ထွက်ခဲ့တာ၊ အခု အတော်မောနေပြီ၊ ဆက်ပြီး မယက်နိုင်တော့ဘူး၊ အဲဒါ ဒေါ်အိုစာကြီး ကူယက်ပေးပါ'

'ဟော…'

'ကျွန်မ တောပြန်လိုက်ရင် မျှစ်တွေ မှိုတွေ ပေးပါဦးမယ်'

'အမလေး… တော်ပါတော့အေ၊ ညည်း တောလိုက်တောင်းလို့ မသာမဖြစ်တယ်၊ နေကောင်းမှတော့ တောလည်း လိုက်ပါနဲ့၊ အေး… ညည်းဘာသာ ဘာပဲပေးပေး မပေးပေး ချုပ် အားရှိသလောက် မြေကြီးကို ယက်ပေးပါ့မယ်၊ အသက် တစ်ချောင်း ကယ်ကောင်းပါတယ်အေ'

www.burmeseclassic.com



သူမဟာ စန်းတင်မရဲ့ သရဲမဟုတ်မှန်း သိသွားတဲ့အခါ မှာ လွန်စွာဝမ်းသာသွားပြီး တုတ်ကောက်ကြီးကို ဘေးချကာ မြေကြီးခဲများကို ကောက်ယူလွှင့်ပစ်ခဲ့တယ်။

အတန်ကြာတော့ မြေကြီးခဲတွေ နည်းသွားပြီး စန်းတင်မ ရဲ့ ကိုယ်တစ်ပိုင်းလောက် ပေါ်လာခဲ့တယ်။

'ကဲ… စန်းတင်မရေ၊ ညည်းကိုယ်ညည်း အားကိုးပြီး အပေါ်ကိုရုန်းတက်လိုက်စမ်း'

'ဟုတ်ကဲ့ ဒေါ်အိုစာကြီး'

စန်းတင်မဟာ သူမရဲ့ ခန္ဓာကိုယ်ကို ရုန်းပြီးထွက်လိုက် ရာ…

'ဟာ… ကျွန်မ တွင်းထဲကထွက်လို့ရပြီ'

'အေး… ဒါဆို ဒီနားမှာထိုင်ပြီး ခဏနားလိုက်၊ ငါ ရေသွားခပ်လိုက်ဦးမယ်'

သူမဟာ တုတ်ကောက်ကြီးကို ထောက်ပြီး ဇရပ်ထောင့် က ရေအိုးဆီကို အမြန်ဆုံးလာပြီး ရေခပ်ကာ စန်းတင်မကို တိုက်လိုက်တယ်။

'စန်းတင်မ… ရေသောက်လိုက်ဦး'





'ဟုတ်ကဲ့ ဒေါ်အိုစာကြီး'

သူမဟာ မောမောပန်းပန်းနဲ့ ရေကို အငမ်းမရသောက် လိုက်တယ်။ ခဏကြာတော့ သူမဟာ အားတွေပြည့်လာခဲ့တယ်။

'ဒေါ်အိုစာကြီးရဲ့ ရေတစ်ခွက်သောက်လိုက်တာ ကျွန်မ အားရှိသွားတယ်၊ ဒါကြောင့် ဒေါ်အိုစာကြီးကို အရမ်းကျေးဇူး တင်ပါတယ်'

'အေး… ကျေးဇူးတင်တာလည်း တင်ပေါ့အေ၊ အခုလို ညည်း သေရွာပြန် ပြန်ရှင်လာတဲ့အကြောင်း ညည်းလင် ရွှေမောင်သိရင် ဘယ်လောက်ဝမ်းသာမလဲ'

'ဟုတ်ပါတယ် ဒေါ်အိုစာကြီးရယ်'

'ညည်း လမ်းလျှောက်နိုင်ပြီလား'

'မလျှောက်နိုင်သေးပါဘူး ဒေါ်အိုစာကြီးရယ်'

'ဒါဆို ညည်းလင် ရွှေမောင်ဆီ ငါသွားပြောပေးမယ်'

'ကျေးဇူးပါပဲ ဒေါ်အိုစာကြီးရယ်'

ဒေါ်အိုစာကြီးက သူ့ရဲ့တုတ်ကောက်ကြီးကို တဒေါက် ဒေါက်ထောက်ပြီး ရွာထဲကိုသွားခဲ့တယ်။ အချိန်ကား ညဉ့် သန်းခေါင်ကျော်အချိန်ဖြစ်လို့ တစ်ရွာလုံး တိတ်ဆိတ်နေလေရဲ့။

www.burmeseclassic.com



သူမ ရွာထဲဝင်လာတယ်ဆိုရင်ပဲ ရွာထဲက ခွေးတွေက ဆူညံနေအောင် ဟောင်ခဲ့တယ်။

'ဝုတ်…'

'ဝုတ်…'

'ဂုတ်…'

'ဟဲ့… ခွေး'

ဟဲ့… ခွေး'

ခွေးတွေကိုမောင်းရင်း ရွှေမောင်ရဲ့ အိမ်အနီးသို့ ရောက် လာခဲ့တယ်။ ကိုရွှေမောင်မှာလည်း မယားကသေ၊ ကလေးက သေးကစို ဖြစ်နေတဲ့အတွက် ညဘက်ရောက်တဲ့တိုင်အောင် အိ မပျော်နိုင်သေးပေ။

'ခွေးတွေကလည်း ဟောင်လိုက်တာ… စန်းတင် မကျွတ်မလွတ်လို့ ငါတို့ဆီပြန်လာတာလား မသိဘူး'

သူကလည်း သူ့အတွေးနဲ့သူ။

ထိုစဉ်…

'ရွှေမောင်ရေ… ရွှေမောင်'

ခေါ်အိုစာကြီးက ကိုရွှေမောင်ကို အော်ခေါ်လိုက်တယ်





ကိုရွှေမောင်က စန်းတင်မအကြောင်းကိုသာ သတိရနေ လို့။

'ဘယ်သူလဲ၊ စန်းတင်မလား'

ဒီတွင် ရက်မလည်သေးလို့ ကိုရွှေမောင်ရဲ့အိမ်မှာ ဖဲရိုက် နေတဲ့အုပ်စုက…

'စန်းတင်မ ရွှေမောင်ကို လာခေါ်နေတယ်၊ ဟုတ်လား'

ထိုသို့ပြောပြီး လန့်လန့်ဖျပ်ဖျပ်။

ဖဲဝိုင်းက အုပ်စုက အိမ်အပြင်ဘက်သို့ လှမ်းကြည့်လိုက် တော့ အဝတ်မည်းကြီးခြုံထားတဲ့ မည်းမည်းသဏ္ဍာန်ကိုတွေ့ပြီး…

ကိုရွှေမောင်က 'စန်းတင်မလား' ဟူသော မေးသံကို ကြားလုက်ရတဲ့အခါ…

'ဟာ… စန်းတင်မ၊ အစိမ်းသေ ကိုယ်ရောင်လာပြပြီ နဲ့တူတယ်'

ဖဲသမားတစ်ယောက်က သူ့အတွေးကို လှမ်းအပြော၊

ကျန်ဖဲသမားများက…

'အမလေး… သရဲမ လိုက်လာပြီ'

ထိုသို့အော်ပြီး အိမ်ပေါ်က ခုန်ချထွက်ပြေးသွားခဲ့ကြ တယ်။

www.burmeseclassic.com



'ဟဲ့… ရွှေမောင်၊ ရွှေမောင်'

ဒေါ်အိုစာကြီးက ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ အခြေအနေကို ဆက်မစောင့်နိုင်လို့ ရွှေမောင်ကို လှမ်းခေါ်လိုက်တယ်။

ရွှေမောင်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့…

'ခင်ဗျာ၊ ကျွန်တော့်ကိုခေါ်တာ ဘယ်သူပါလဲ ခင်ဗျာ'

'ငါဟဲ့ … ငါ ဒေါ်အိုစာကြီး'

'အမလေး… ဒေါ်အိုစာကြီးတဲ့၊ သုသာန်မှာနေတဲ့ ဒေါ်အိုစာကြီး ဘာလာလုပ်တာပါလိမ့်၊ အခုအချိန်မှာလာတာ နိမိတ်မကောင်းဘူး'

ရွှေမောင်က ဤသို့သောအတွေးဖြင့် ဆက်မထူးတော့ဘဲ ငြိမ်နေလိုက်တယ်။

'ရွှေမောင်ရေ… ရွှေမောင်… နှင့်မိန်းမ မသေဘူးဟဲ့'

'ဟဲ့… ရွှေမောင်ရေ၊ ထွက်ခဲ့ပါဦး၊ နှင့်မိန်းမ မသေဘူးဟဲ့'

ဒေါ်အိုစာကြီးရဲ့ အော်ဟစ်ပြောဆိုတဲ့အသံကို ကြားလိုက်တော့ အရမ်းအံ့ဩသွားပြီး…

'ငါ့မိန်းမ မသေသေးဘူးဆိုပါလား၊ ငါ့မိန်းမ မသေသေးတာ ဒီအဘွားကြီးက ဘယ်လိုလုပ်သိပါလိမ့်'





ဤသို့တွေးနေတုန်း ဒေါ်အိုစာကြီးက…

'ရွှေမောင်ရေ… နှင့်မိန်းမကို မြေကြီးထဲက ယက်ထုတ်…ဘာတောင် ဒီလောက်မမောဘူး၊ နှင့်ကိုအော်ပြောရတာ မော…ဟန်းလို့သေတော့မယ်၊ နှင်ထွက်မလာလည်း နေခဲ့၊ ငါတော့ သွားပြီ'

'ဒေါက်…'

'ဒေါက်…'

'ဒေါက်…'

သူမက စိတ်တိုတိုနဲ့ တုတ်ကောက်ကြီးကို တဒေါက်ခေါက်ခေါက်ပြီး ထွက်ခွာသွားခဲ့တယ်။

သည်တော့မှ ရွှေမောင်ဟာ သူ့မိန်းမ မသေဘူးဆိုတဲ့ အကြောင်းကို ကျန်ရှိနေတဲ့အုပ်စုအား…

'ဖိုးနီတို့… ဖိုးဝီတို့ရေ၊ ဒေါ်အိုစာကြီးက ငါတို့လည်း ကြားတယ်၊ ဟုတ်မဟုတ်သိရအောင် သွားကြည့်ကြစို့'

'ညဘက်ကြီးသွားမှာဆိုတော့ မီးတုတ်တွေယူခဲ့ကြဟေ့'

သို့ဖြင့် ရွှေမောင်တို့အုပ်စုမှာ မီးတုတ်များထွန်းညှိပြီး သုသာန်ဆီသို့ သွားခဲ့ကြတယ်။ သုသာန်ဇရပ်များကိုရောက်တော့

www.burmeseclassic.com



ဇရပ်ပေါ်မှာ ထိုင်နေတဲ့ အမျိုးသမီးနှစ်ယောက်ရဲ့ သဏ္ဍာန်ကို လှမ်းမြင်လိုက်ရတယ်။

'ဟော… ဟိုမှာထိုင်နေတာ ဒေါ်အိုစာကြီးနဲ့ စန်းတင်မ ထင်တယ်'

ဖိုးနီက ထိုသို့ပြောလိုက်ရာ ရွှေမောင်က ငိုသံပါကြီး နဲ့…

'စန်းတင်မရေ… စန်းတင်မရဲ့ အစ်ကိုလာပြီ'

ထိုသို့အော်ကာ ဇရပ်ပေါ်ကို ပြေးတက်သွားခဲ့တယ်။

စန်းတင်မကလည်း ထိုင်ရာကထပြီး…

'အမလေး… အစ်ကိုရဲ့၊ မသေလို့ ပြန်တွေ့ရတာ'

ပြောပြောဆိုဆို ဖက်ငိုလိုက်တာများ ကြည့်ရတဲ့သူတွေ တောင် မျက်ရည်စို့တယ်။ အတန်ကြာအောင်ငိုပြီးနောက် ဒေါ်အို စာကြီးက…

'ကဲ… စန်းတင်မ ဘာကြောင့်ပြန်ရှင်လာသလဲဆိုတာ သိချင်လား'

'ဟုတ်ကဲ့ သိချင်ပါတယ် ဒေါ်အိုစာကြီး'

'သိချင်ရင် ငါပြောပြမယ်၊ စန်းတင်မဟာ ငါ့ကို အစ





တမ်းလိုလို တောကပြန်လာတိုင်း မျှစ်တို့ မှိုတို့ပေးတယ်၊ ငါက လည်း မစားမီ စားဦးစားဖျား တင်မြှောက်ခဲ့တယ်၊ သူသေတယ် ဆိုတော့ ငါလည်း တော်တော်စိတ်မကောင်းဖြစ်ပြီး ပြန်ရှင်ပါစေ လို့ ဆုတောင်းတာပေါ့၊ ဒါနဲ့ သူဟာ ပြန်ရှင်လာပြီး မြေကြီးတွေ ကိုယက်တာ သူ့မြေပုံက မြေကြီးတွေဟာ တဖွားဖွားနဲ့ မြင့်လိုက် နိမ့်လိုက်နဲ့'

'သြော်… ဟုတ်လား'

'ငါက ထိုင်ကြည့်နေတော့ မြင်တာပေါ့၊ တကယ်လို့ ငါသာ ကြောက်ပြီးထွက်ပြေးရင် စန်းတင်မ အသက်ရှင်မှာ မဟုတ်ဘူး'

'ဒါဆိုရင် စန်းတင်မရဲ့ အသက်ကို ဒေါ်အိုစာကြီးက ကယ်လိုက်တာပေါ့'

'ဟုတ်ပါ့တော်… ဟုတ်ပါ့'

'ဒါနဲ့ ဆက်ပြောပါဦး'

'မင်းတို့ ပိုက်ဆံမရှိတာ ခပ်ကောင်းကောင်းပဲ'

စကားအဆက်အစပ်မရှိ ပြောလိုက်တဲ့အတွက် ရွှေမောင် က…

www.burmeseclassic.com



'ကျွန်တော်တို့ ပိုက်ဆံမရှိတာနဲ့ စန်းတင်မ အသက်ပြန်ရှင်လာတာနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်ပြီလားတော်၊ ဆိုင်တဲ့အကြောင်း ပြောရဦးမယ်၊ မင်းတို့မှာ ပိုက်ဆံမရှိတော့ ခေါင်းမဝယ်နိုင်ဘဲ သဘော့ဖျာနဲ့ ပတ်ပြီး မြေမြှုပ်ခဲ့တယ်မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'သူက သတိလည်းရလာရော သဘော့ဖျာကြီးပတ်ထားတာတွေ့လို့ အဲဒီဖျာကြီးထဲက မနည်းဖြဲပြီး ထွက်ခဲ့ရတာလို့ ငါ့ကို သူ ပြန်ပြောပြတယ်၊ တကယ်လို့သာ အခေါင်းကို သံနဲ့ ရိုက်ပြီးပိတ်ထားရင် သူ ဘယ်လိုထွက်မလဲ၊ ပြန်ရှင်ပေမယ့် သေသွားမှာပဲ'

'ဩော်... ဒီလိုလား'

'ဟုတ်တယ်၊ ငါရှိနေလို့ မင်းရဲ့မိန်းမ အသက်ပြန်ရှင်လာတာ'

'ဟုတ်ပါတယ်၊ ဒေါ်အိုစာကြီးက စန်းတင်မရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ ကဲ... ကဲ... စန်းတင်မရေ၊ မင်းရဲ့ အသက်သခင်ကျေးဇူးရှင်ကို ကန်တော့လိုက်'





'ဟုတ်ကဲ့'

စန်းတင်မက သူမကို ကန်တော့လိုက်တယ်။

ဒီနောက်တော့ အရမ်းအားကုန်နေတဲ့ စန်းတင်မကို ရွှေမောင်က တမ်းပြီး သူ့အိမ်ဆီသို့ ပြန်ခေါ်သွားခဲ့တယ်။

နောက်တစ်နေ့မနက်မှာတော့...

စန်းတင်မတစ်ယောက် သေရွာကပြန်ရှင်လာအောင် ဒေါ်အိုစာကြီးက အကူအညီပေးခဲ့တယ်ဆိုတဲ့သတင်းတွေဟာ အင်းရဲကြီးရွာတစ်ရွာလုံး တောမီးပမာ ပျံ့နှံ့သွားခဲ့တယ်။

အမြဲတမ်း ကျိန်စာတိုက်နေလို့ လူထုချဉ်ဖတ်ဖြစ်နေတဲ့ ဒေါ်အိုစာကြီးကို လူတွေက စန်းတင်မအကြောင်း မေးကြ မြန်းကြ ရှိခိုးကြ၊ ထမင်းဟင်းတွေပေးကြနဲ့ဆိုတော့ သူမအတွက် ဝမ်းအဝ ဆုံးနေလို့တောင် ပြောရမလားပဲ။

ဒီဖြစ်ရပ်နဲ့ ဆက်နွှယ်ပြီး ဒေါ်အိုစာကြီးဟာ ကံဇာတာ တက်လာတယ်လို့ ဆိုရမှာပဲ။

❑ ❑ ❑

အိုယွန်းယဉ်စာပေ

www.burmeseclassic.com

# အခန်း (၁၃)
## ငါးခိုးစားတဲ့ အကောင်မည်းကြီး

အင်းရဲကြီးရွာဟာ တစ်ခုမဟုတ် တစ်ခုနဲ့ စိုးရိမ်ထိတ်လန့်နေခဲ့တယ်။ ဒီအဖြစ်အပျက် ဖြစ်ပျက်ပြီးတဲ့နောက်ပိုင်းမှာ…

အင်းသူကြီး ဦးရိုးကွန့်ရဲ့အင်းမှာ ကြောက်လန့်ဖွယ်အဖြစ်များနဲ့ ကြုံတွေ့ခဲ့ကြတယ်။

ဖြစ်ပုံရဲ့ အစကနဦးကတော့…

အင်းထဲမှာ ငါးတွေ အရေနည်းလာတဲ့ကိစ္စပဲ။

ဦးရိုးကွန့်က သူ့ရဲ့လူယုံတော်တွေကို…

'အခုတလော အင်းထဲမှာ ငါးတွေနည်းလာတယ်၊ အရင်ကဆိုရင် တစ်ခါဖမ်းလိုက်တာနဲ့ ဆယ်ပိဿာ နှစ်ဆယ်က အနည်းလေးပဲ၊ အခု အင်းတစ်အင်းဖော်တာတောင် ဆယ်ပိဿာ အနိုင်





နိုင်ပဲ၊ တစ်ယောက်ယောက်က ငါးလာခိုးနေပြီနဲ့တူတယ်၊ ဒီတော့ ဖော်ရသေးတဲ့ အင်းတွေကို ညတိုင်းစောင့်ကြည့်ကြ'

'ဟုတ်ကဲ့'

အင်းသူကြီးရဲ့ လူယုံအုပ်စုဟာ မဖော်ရသေးတဲ့ အင်းတွေကို နေ့ခင်းဘက်မှာ လိုက်ကြည့်ပြီး ငါးအကောင်ရေရယ်၊ ဆယ့်နှစ်ပိဿာလောက် ရှိနိုင်မယ်ဆိုတာနဲ့ မှန်းထားခဲ့တယ်။

ဒီနေ့ညကစပြီး အမှောင်ရိပ်ထဲက အင်းတွေရဲ့ အခြေအနေကို စောင့်ကြည့်နေခဲ့ကြတယ်။ အင်းစောင့်ကြတဲ့သူတွေက ညိုကြီးရယ်၊ ဖိုးကာရယ်၊ ဝင်းကြည်ရယ်၊ အားလုံး စုစုပေါင်း သုံးယောက်ပေါ့။

ည (၈)နာရီလောက်ကစပြီး အမှောင်ရိပ်မှာ စောင့်နေခဲ့ကြတယ်။ ည (၁၀)နာရီထိုးတဲ့တိုင်အောင် ဘာမှထူးခြားမှုမရှိဘူး။

ဖိုးကာက တဝါးဝါးသန်းရင်း…

'ညိုကြီးရာ… အင်းစောင့်ရတာ ပျင်းတောင်ပျင်းလာပြီ၊ အိပ်ချင်လိုက်တာလည်း လွန်ရောပဲ'

'အိပ်ချင်တာတော့ အိပ်ချင်တာပေါ့ကွာ၊ ဒါပေမဲ့ ငါတို့

www.burmeseclassic.com



ကို ဦးရိုးကွန့်ကြီးက ပိုက်ဆံပေးပြီး အင်းစောင့်ခိုင်းထားတာ တော့ တာဝန်ရှိတာပေါ့၊ တစ်ခုတော့ရှိတယ်၊ တို့သုံးယောက်ဗျ တစ်ယောက်အရင်အိပ်၊ နှစ်ယောက်က အလှည့်ကျစောင့်ကြ

'အေး··· ကောင်းတယ်၊ ဒါဆို ငါ အရင်အိပ်မယ်'

'ဖိုးကာ'က အရင်အိပ်လိုက်တယ်။

တဖြည်းဖြည်း ညဥ့်သန်းခေါင်ယံအချိန်သို့ ရောက်လာ ခဲ့တယ်။ ရှစ်ရက်လရဲ့ မလင်းတလင်း အလင်းရောင်ဟာ အင်း ရေပြင်ပေါ်သို့ ဖြန့်ကြက်အလင်းရောင်ပေးထားခဲ့တယ်။

'အူး··· အူး··· အူး···'

'အူး··· အူး··· အူး···'

သုသာန်ဘက်ဆီက ခွေးတစ်အုပ်ရဲ့ ဆွဲဆွဲငင်ငင်အူသံ ကို ကြားလိုက်ရရင်ပဲ အင်းစောင့်နေတဲ့ ညီကြီးတို့နှစ်ယောက်ဟာ ကြက်သီးတဖျန်းဖျန်းထသွားတယ်။ ဒီတော့ ညီကြီးက···

'ဝင်းကြည်ရေ··· ခွေးတွေကလည်း အူလိုက်တာ အရမ်း ပဲ'

'အေးကွာ··· ခွေးတွေအူတော့ ငါလည်း ခပ်ကြောက် ကြောက်ပဲ'

အိုယွန်းယှဉ်စာပေ



'ဟုတ်ပါ့ကွာ··· အခုတစ်လော ငါတို့ရွာမှာ ဘာတွေ ဖြစ်နေမှန်း မသိပါဘူးကွာ၊ သေတဲ့လူကလည်း ပြန်ရှင်လိုရှင်၊ ရှင်တဲ့လူကလည်း သေလိုသေနဲ့'

'ဟုတ်တယ်ကွာ၊ ဒီကိစ္စတွေထဲမှာ ဒေါ်အိုစာကြီးက အားလုံးပါနေတယ်၊ သူ့ကျိန်စာကြောင့်ပဲ လူတွေ သေရသလိုလို သူချစ်တဲ့သူကို သူက ဆုတောင်းပေးလို့ သေတဲ့လူက ပြန်ရှင် သလိုလိုနဲ့၊ ရှုပ်နေတာပဲ'

'အေးကွာ··· ဘာတွေမှန်းတောင် မသိဘူး'

'ဒါနဲ့ ငါတို့အင်းထဲက ငါးတွေက ဘာကြောင့်ပျောက် တာလဲဆိုတာ စဉ်းစားလို့တောင် မရဘူး'

'ဒါလည်း ဒေါ်အိုစာကြီးရဲ့ လက်ချက်နဲ့ပဲ တူပါတယ် ကွာ'

'အေးကွာ··· အဲဒီအဘွားကြီးကြောင့် တစ်မှောင့်ပဲ'

သူတို့နှစ်ဦးဟာ အင်းစောင့်ရင်း ရောက်တတ်ရာရာစကား တွေ ပြောနေခဲ့ကြတယ်။

သိပ်မကြာခင်အချိန်မှာ···

ဟိုးအဝေးက အင်းဘက်ဆီမှာ မည်းမည်းအရိပ်သဏ္ဌာန်

အိုယွန်းယှဉ်စာပေ

www.burmeseclassic.com



ကြီးတစ်ခု ပေါ်လာတယ်။ ညိုကြီးက အဲဒီအရိပ်သဏ္ဌာန်မည်းမည်းကြီးကို အရင်ဆုံး စတင်တွေ့လိုက်တော့ အံ့အားသင့်စွာနဲ့…

'ဝင်းကြည်… ဝင်းကြည်… ဟောဟိုမှာ အရိပ်မည်းကြီး၊ တွေ့လား'

'မှန်း… ဘယ်နားမှာလဲ'

'ဟိုးအဝေးက အင်းစပ်နားမှာ'

အိပ်ချင်မူးတူးနဲ့ ညိုကြီး ပြလိုက်တဲ့နေရာကို လှမ်းအကြည့်မှာ…

'ဟုတ်… ဟုတ်တယ်ကွ၊ အရိပ်မည်းကြီးပဲ'

'အကောင်ကတော့ အကြီးကြီးပဲ၊ အဲဒီနား သွားကြည့်ကြမလား'

'တာဂန်ပေးထားတော့ ကြည့်တာတော့ ကြည့်ရမယ်ဒါပေမဲ့ သိပ်ပြီးအနီးကပ်ပြီး မကြည့်ဝံ့ဘူး၊ ဟောဟိုက ကုက္ကိုပင်ကြီးနားက ချောင်းကြည့်ရင် မကောင်းဘူးလား'

'အေး… ကောင်းတယ်၊ ဒါဆိုရင် ဖိုးကာကိုနှိုးပြီး သွားကြစို့'





ညိုကြီးတို့သုံးဦးဟာ ကုန်းကုန်းကွကွနဲ့ ကုက္ကိုပင်ကြီးရှိရာကို သွားခဲ့ကြတယ်။ ကုက္ကိုပင်ကြီးအကွယ်က ချောင်းမြောင်းကြည့်နေခဲ့တယ်။

မည်းမည်းအရိပ်သဏ္ဌာန်ကြီးကို လရောင်ရဲ့အလင်းနဲ့ တွေ့လိုက်ရပါပြီ။ သူ့ရဲ့ပုံသဏ္ဌာန်က ခန္ဓာကိုယ်ဟာ သာမန်လူတွေထက်ကြီးမားပြီး တစ်ကိုယ်လုံးမှာ အမွေးအမှင်တွေနဲ့…

နောက်တော့ ရေထဲကို စွပ်ခနဲဆင်းသွားပြီး ငါးတွေကို လိုက်ဖမ်းနေတယ်။

'ဟော… ငါးတွေကို လိုက်ဖမ်းနေတယ်'

'ငါးတွေကို ကုပ်ချိုးသတ်နေပြီဟေ့'

'ရှူး… အသံမထွက်နဲ့၊ ငါးတွေတောင် ကုပ်ချိုးပြီးသတ်နေတာ၊ လူတွေ့ရင်လည်း အရှင်ထားမှာမဟုတ်ဘူး၊ ကုပ်ချိုးပြီးသတ်ပစ်နေဦးမယ်'

သူတို့ဟာ တိတ်ဆိတ်စွာနဲ့ ကြည့်နေခဲ့ကြတယ်။

'အဲဒီအကောင်ကြီးက ငါးတွေကို သယ်သွားပြီ'

'ငါတို့ အဲဒီအကောင်ကြီးကို လိုက်ဖမ်းကြရင် မကောင်းဘူးလား'

www.burmeseclassic.com



'မလိုက်ရဲပါဘူးကွာ… ငါတို့ကို ကုပ်ချိုးသတ်ရင် ဘယ်လိုလုပ်မလဲ'

'အေးကွ'

'ဒါနဲ့ အရင်က ဒီလို သရဲတစ္ဆေမျိုး မလာဖူးပါဘူးကွာ ဟိုကောင် တာတီး သေပြီးမှ ဒီသရဲကိုတွေ့တာ'

'ဒါဆိုရင် တာတီးက မြွေကိုက်ပြီးသေတယ်ဆိုတော့ အစိမ်းသေကွ၊ ဒီအင်းနားမှာ သေတယ်မဟုတ်လား၊ အင်းကိုစွဲပြီး သေလို့ တစ္ဆေသရဲဖြစ်ပြီး အင်းထဲက ငါးတွေကို လာစားလား မသိတာ'

'ဟုတ်တယ် ညိုကြီး၊ မင်းတွေးတာ ဖြစ်နိုင်တယ် ငါလည်း တာတီးသရဲဖြစ်ပြီး အင်းထဲက ငါးတွေကို လာစား တယ်ထင်တာပဲ'

'ကဲ… ပြောနေကြာပါတယ်ကွာ၊ မနက်ကျရင် အင်း သူကြီးကို ပြောပြမယ်'

အင်းစောင့် ညိုကြီးတို့အဖွဲ့သည် နံနက်လင်းသော် ညက တွေ့ကြုံရတဲ့အဖြစ်အပျက်များကို အင်းသူကြီး ဦးရိုးကွန့်ကို ပြော ပြလိုက်တယ်။





'ဘာ… အစိမ်းသေ တာတီးက ငါ့ရဲ့အင်းထဲက ငါးတွေ ကို လာခိုးစားတယ် ဟုတ်လား'

'ဟုတ်တယ်၊ သရဲတာတီးက အမွေးအမှင်တွေ အားကြီး ပဲ'

'မင်းတို့မှ အပြောကောင်း၊ သရဲက အမွေးအမှင်နဲ့လို့ ဘယ်သူကပြောလဲ'

'ဟော့ကောင်တွေ… မဟုတ်တာ လျှောက်မပြောနဲ့၊ သရဲ ကြီးမှ သဘက်ဖြစ်တာလို့ ငါ့အဘွားက ပြောတာကြားဖူးတာပဲ၊ နေ့တစ်နေ့ကမှ သေတဲ့မသာဟာ ချက်ချင်းသဘက်ဖြစ်မလား'

'သရဲလား သဘက်လားဆိုတာတော့ အမိပ္ပာယ်မခွဲခြား နိုင်ဘူး၊ ညက လာတဲ့အကောင်ကြီးကတော့ အမွေးအမှင်တွေနဲ့ လုံးဝကြီးလိုပဲ'

'သောက်တလွဲအကောင်တွေ… သရဲမှန်း သူခိုးမှန်းမသိ တဲ့ အကောင်တွေ၊ မင်းတို့နဲ့တော့ မဖြစ်ပါဘူး၊ ငါးပျောက်တဲ့ကိစ္စ သူကြီးသွားတိုင်မှပဲ'

သည်ညနေခင်းမှာ…

အင်းသူကြီး ဦးရိုးကွန့်နဲ့ ညိုကြီးအပါအဝင် တပည့်သုံးဦး ဟာ အင်းရဲကြီးရွာသူကြီး ဦးသာမောင်ဆီကို ချီတက်လာခဲ့တယ်။

www.burmeseclassic.com



သူကြီးရဲ့အိမ်ကိုရောက်တော့ သူကြီးရဲ့အိမ်မှာ တိုင်တဲ့လူတွေနဲ့ စည်ကားနေတာတွေ့ရလို့ သူတို့အုပ်စုဟာ ခပ်ကုပ်ကုပ်ကလေးငြိမ်ပြီး နားထောင်နေခဲ့တယ်။

အဲဒီမှာ တွေ့တဲ့သူတွေကတော့ ကျောင်းဆရာကိုသက်နိုင်နဲ့ သူ့ရဲ့ လက်ထောက်ဆရာ ကိုဦးလည်း ပါတယ်။ နောက်ပြီး ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့ ကုက္ကိုပင်ရွာက ကိုတင်ဝင်းရဲ့ အမေလည်း ပါတယ်။

ဟော… ဟိုနားက ထိုင်နေတာ ကာတီးရဲ့ အမေနဲ့ ညီမပဲ။

'ဟင်… လူတွေစုံစုံညီညီနဲ့ သူတို့ ဘာတွေဖြစ်လို့ စုရုံးရောက်လာပါလိမ့်၊ နားထောင်ကြည့်ဦးမှပဲ'

အင်းသူကြီးတို့အဖွဲ့က အသာလေးဝင်နားထောင်ခဲ့တယ်။ ဖြစ်ပုံက ဒီလိုပါ။

ကျောင်းဆရာလေး ကိုသက်နိုင်နဲ့ ဝတ်မှုံတို့က ချစ်သူတွေပါ။

အခုဝါကျွတ်ရင် လက်ထပ်ကြမယ်လို့ သဘောတူထားခဲ့ကြတယ်။ မိဘနှစ်ပါးမရှိတော့တဲ့ ကျောင်းဆရာလေးကိုသက်





နိုင်က သူကြီးဦးသာမောင်တို့ လင်မယားကို မိဘအနေနဲ့ မင်္ဂလာဆောင်မှာ ဦးစီးဦးဆောင်လုပ်ပေးဖို့ ပြောခဲ့တယ်။

အဲဒါကို တစ်ဖက်ရွာက ဆိုင်ကယ်မှောက်ပြီး သေသွားတဲ့ ကိုတင်ဝင်းရဲ့ အမေက ဒီအကြောင်းကိုကြားပြီး သူကြီးကို လာပြောတာ ဖြစ်တယ်။

'သူကြီးရယ်… သူကြီးပဲ စဉ်းစားကြည့်ပါဦး၊ ကျွန်မရဲ့ သားလေးက ဝတ်မှုံကိုကြိုက်လို့ ရေလာလောင်းတယ်၊ သူတို့က မကြိုက်လို့ ဆိုင်ကယ်မောင်းပြေးရင်းနဲ့ ဒေါ်အိုစာကြီးကို တိုက်မိခဲ့တယ်၊ သူ့ကို တိုက်လို့ဆိုပြီး ကျိန်ဆဲခဲ့တယ်၊ သားလေးဟာ ဆိုင်ကယ်မှောက်ပြီး သေခဲ့ရတယ်၊ ဒါတောင် အဲဒီနားက ကုက္ကိုပင်မှာ သရဲဖြစ်နေတယ်လို့ ဒေါ်အိုစာကြီးက လျှောက်ပြောနေတယ်၊ သူတို့နှစ်ဦးကတော့ ယူကြတော့မယ်၊ ကျွန်မရဲ့သားကလေးက အချောင်သေရပြီး သရဲတောင်ဖြစ်သွားသတဲ့၊ ဒါကြောင့် ဒေါ်အိုစာကြီးကို ကျွန်မ မကျေနပ်ဘူး၊ အဲဒါ သူကြီး ဘာလုပ်ပေးမလဲ'

'မကျေနပ်ဘူးဆိုတော့လည်း ဒေါ်အိုစာကြီးကိုခေါ်ပြီး ဆုံးမပေးပါ့မယ်၊ သူက အသက်ကြီးပြီ၊ စိတ်ကလည်း သိပ်မမှန်

www.burmeseclassic.com



တော့ ခွင့်လွှတ်ပါလို့ သူမကိုယ်စား ကျွန်တော်တို့က တောင်းပန်ပါတယ်'

'သူကြီးက တောင်းပန်လို့သာ၊ ကျွန်မကတော့ ဒေါ်အိုစာကြီးကိုလည်း မကျေနပ်ဘူး၊ ဒီဆရာစုံတွဲကိုလည်း မကျေနပ်ဘူး'

ထိုသို့ပြောဆိုပြီး ဒေါ်ခင်မြင့်က ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားခဲ့တယ်။

နောက်တစ်ယောက်ကတော့ တာတီးရဲ့အမေ။

'အမလေး… သူကြီးရဲ့၊ ကြားလို့ကောင်းသေးရဲ့လား'

'ဟဲ့… မယ်တင်၊ ဘာဖြစ်လာလို့လဲ'

'ကျွန်မလည်း ဒေါ်အိုစာကြီးကို မကျေနပ်ဘူး'

'ဟဲ့… ဘာဖြစ်လို့လဲ'

'ကျွန်မရဲ့သားလေးက ကျွန်မတို့မိသားစုကို လုပ်ကျွေးနေတဲ့သူပါ၊ ဟိုတစ်လောက ဖားရိုက်ကအပြန် ဒေါ်အိုစာကြီးနဲ့တွေ့တော့ သူက ဖားကိုတောင်းသတဲ့၊ ဖားက ဈေးဦးမပေါက်သေးဘူးလို့ ပြောလိုက်တာကို သူက အငြိုးထားပြီး ကျိန်ဆဲလိုက်လို့ အခု ကျွန်မသားတာတီး သေပြီ၊ သူ့ကို ကျွန်မ လုံးဝမကျေနပ်ဘူး၊ ဒီတော့ သူကြီးက သူ့ကိုခေါ်ပြီး ဆုံးမပေးပါ၊ ဒီမိန်းမကြီး





က ကျွန်မသားလေးကို ကျိန်ဆဲသလို အခြားလူတွေကို ကျိန်ဆဲလို့ ဆိုင်ကယ်မှောက်ပြီး သေတဲ့လူလည်း သေပြီ၊ အဲဒါ ကျွန်မ လုံးဝမကျေနပ်ဘူး၊ အဲဒါ ဒေါ်အိုစာကြီးကို ဆုံးမပေးပါ'

'ကောင်းပါပြီ မယ်တင်ရယ်၊ နောက်ကို ဒီလိုမကျိန်ဆဲအောင် ပြောပေးပါ့မယ်'

ထိုသို့ပြောပြီးနောက် ဒေါ်မယ်တင်နှင့် သမီးတစ်အုပ်လည်း သူကြီးအိမ်မှ မကျေမနပ်နှင့် ပြန်သွားခဲ့ကြတယ်။

ဒီတော့မှ အင်းသူကြီး ဦးရိုးကွန့်တို့အဖွဲ့ကလည်း ညက အဖြစ်အပျက်ကို တင်ပြခဲ့ကြတယ်။

'ကျွန်တော်တို့လည်း သူကြီးကို တိုင်ချင်လို့ပါ'

'ကဲ… တိုင်ကြ၊ တိုင်ကြ၊ ဆရာလေး ကိုသက်နိုင်လည်း ရှိတုန်းဆိုတော့ သက်သေအဖြစ်နဲ့ စဉ်းစားလို့ရတာပေါ့'

'အဖြစ်ကတော့ ဒီလိုပါ၊ ဒေါ်အိုစာကြီးဟာ ကျွန်တော်တို့ဆီက ငါးတွေအများကြီး လာတောင်းတယ်၊ ကျွန်တော်က တစ်ကောင်လောက်ပဲပေးတော့ မယူဘဲ ကျိန်ဆဲသွားတယ်'

'အဲဒီတော့ အခု ဘာဖြစ်လဲ'

'သူကျိန်ဆဲလိုက်တော့ ဘယ်သူသေမလဲလို့ ကြောက်

www.burmeseclassic.com



တာပေါ့၊ အခု ဘယ်သူမှတော့ မသေဘူး၊ ဒါပေမဲ့ ညညမှာ အမွေးစုတ်ဖွားနဲ့ သရဲလား သဘက်လား မသိတဲ့ အကောင်ကြီး တစ်ကောင် ရောက်လာပြီး ငါးတွေကိုယူသွားတယ် သူကြီးရယ်'

'သရဲက ငါးတွေယူသွားတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် သူကြီး၊ ဒေါ်အိုစာကြီးရဲ့ ကျိန်စာကြောင့် ငါးတွေပျောက်ပြီ၊ စိတ်ဒုက္ခရောက်ရပါတယ် သူကြီးရယ်'

'ကောင်းပါပြီ၊ နောက်မဖြစ်အောင် ဒေါ်အိုစာကြီးကို ခေါ်ပြောပြီး ဆုံးမပါ့မယ်'

သို့ဖြင့် အင်းသူကြီးအုပ်စုလည်း ပြန်သွားခဲ့တယ်။

သူကြီးအိမ်မှာ ကျန်ခဲ့သူတွေကတော့ ဆရာလေးကိုသက်နိုင်နဲ့ သူ့ရဲ့လက်ထောက် ကိုသက်ဦးတို့ပဲ ဖြစ်တယ်။

ထိုစဉ် သူကြီးက…

'ဆရာလေး ကြားတဲ့အတိုင်းပဲ၊ ဒေါ်အိုစာကြီးကို လူတွေက တော်တော်မုန်းပြီး ရွံကြောက်ကြီးဖြစ်နေတယ်'

'ဒေါ်အိုစာကြီးကလည်း အပြောဆိုးတာကိုး သူကြီးရဲ့'

'ဒါနဲ့ ဆရာလေးရယ်၊ အခုခေတ်မှာ ကျိန်စာတွေ ဘာတွေဆိုတာ ရှိသေးလား၊ ဆရာလေးက ခေတ်ပညာတတ်မို့ မေးကြည့်တာပါ'





သူကြီးက ဆရာလေးကို မေးလိုက်တယ်။

'ကျွန်တော် သိသလောက်ပြောရရင်တော့ ပုဂံဘုရားက ကျောက်စာတွေမှာ ဘုရားကို ဖျက်ဆီးတဲ့သူဟာ ဒုက္ခအမျိုးမျိုး ရောက်ပါစေလို့ ကျိန်ထားတာ ဖတ်ဖူးပါတယ်၊ ကျိန်စာစူးတာ မစူးတာတော့ မသိဘူး၊ နောက်ပြီး သူတို့ဟာ ကောင်းမှုရှင်ဆိုတော့ သီလ သမာဓိရှိလိမ့်မယ်၊ အခု ဒေါ်အိုစာကြီးက တရားအလုပ်လည်း ဘာမှမလုပ်ဘဲ လျှောက်ပြောချင်တာကို ပြောနေတာလို့ ကျွန်တော် ထင်တယ်'

'ကျုပ်လည်း ဒီလိုပဲထင်တာပဲ၊ သူလိုချင်တာမရတိုင်း လျှောက်ကျိန်နေတာနေမှာပေါ့'

'ဖြစ်နိုင်ပါတယ် သူကြီး'

'ဒါပေမဲ့ သူကျိန်ပြီးနောက်ပိုင်းမှာ အဲဒီလူတွေဟာ ဒုက္ခတစ်ခုခုနဲ့ ရင်ဆိုင်တွေ့တာတော့ အမှန်ပဲ၊ အဲဒါကလည်း စဉ်းစားစရာပဲ'

'သူကြီးပြောတာလည်း မှန်ပါတယ်'

'ဒါဆိုရင် ကျုပ်တို့ ဘာလုပ်ရင်ကောင်းမလဲ'

'ဒါကတော့ ကျွန်တော်တို့ဟာ ဒေါ်အိုစာကြီးရဲ့ လုပ်ရပ်

www.burmeseclassic.com



တွေကို လျှို့ဝှက်စွာစောင့်ကြည့်ပြီး အမှန်တရားကိုဖော်ထုတ်ဖို့ တော့ လိုပြီ'

'ဟာ… ဒီအကြံ ကောင်းလိုက်လေဗျာ၊ ဆရာလေးကို လိုအပ်တဲ့လူအင်အား ထည့်ပေးမယ်၊ ဆရာလေးက ဒေါ်အိုစာကြီး ရဲ့အကြောင်းကို လျှို့ဝှက်စွာစုံစမ်းပေးပါ'

'ဟုတ်ကဲ့ပါ သူကြီး၊ ကျွန်တော်ကလည်း စုံစမ်းတာ ဝါသနာပါတယ်ဆိုတော့ ဒေါ်အိုစာကြီးရဲ့ကိစ္စကို မှန်မှန် စုံစမ်း ပေးပါမယ်'

'ကျေးဇူးပါပဲ ဆရာလေးရယ်'

ဤသို့ဖြင့် တစ်ရွာလုံးနှင့် တစ်ယောက်ဖြစ်နေသော ဒေါ်အိုစာကြီး၏ ပြဿနာမှာ အလိုလို ကိုသက်နိုင်၏ခေါင်းပေါ် သို့ ရောက်ခဲ့တယ်။

❑ ❑ ❑



## အခန်း (၁၄)
## ပဟေဠိကို အဖြေညှိကြသူများ

'ဆရာကိုသက်နိုင်ရယ်၊ ဆရာကိုဦးရယ် ဒေါ်အိုစာကြီး ရဲ့ကိစ္စကို ကူညီပါ'

'ဟုတ်ကဲ့ပါ သူကြီး'

'ဒီအဖွဲ့မှာ ရာအိမ်မှူးကိုကျော်ရယ်၊ ဆယ်အိမ်မှူး နှစ်ယောက်ဖြစ်တဲ့ ကိုလှရွှေနဲ့ ကိုဝင်းတင်တို့အားလုံး စုစုပေါင်း ငါးဦး တာဝန်ယူပါ'

'ဟုတ်ကဲ့ပါ'

'ဆရာကိုသက်နိုင်က ဒီအဖွဲ့ရဲ့ ခေါင်းဆောင်လုပ်ပြီး စုံစမ်းစစ်ဆေးပေးစေလိုပါတယ်'

'လုပ်ပေးပါ့မယ် သူကြီးရယ်၊ ကျွန်တော် အကူအညီ

www.burmeseclassic.com



လိုတော့လည်း သူကြီးကိုပဲ အပူကပ်ရတာပဲ၊ သူကြီးမှာ အကူလအညီလိုပြန်တော့လည်း သူကြီးကိစ္စ ကျွန်တော့်ရဲ့ကိစ္စပေါ့'

'ဒီအဖွဲ့ဖွဲ့ပြီး ဒေါ်အိုစာကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်ပါ၊ နောက်ပြီး ဒီကိစ္စကို ဘယ်သူမှ ပေါက်ကြားလို့မဖြစ်ဘူး၊ အဲဒါ သတိထားပါ'

'ဟုတ်ကဲ့ပါ သူကြီး'

သူကြီးရဲ့စကားကို သူတို့ငါးယောက်စလုံး လက်ခံလိုက်တယ်။

ကဲ... အဲဒီအစီအစဉ်ကို မနက်ဖြန်ကစပြီး စတင်ဆောင်ရွက်မယ်။

ဆရာကိုသက်နိုင်က အရင်ဦးဆုံး ပြောလိုက်တယ်။

သည်တွင် ရာအိမ်မှူးကိုလှရွှေက...

'ဆရာကိုသက်နိုင်၊ ကျွန်တော် ကြားထားတာတစ်ခုရှိတယ်'

'ပြောပါဦး'

'သံချိုင်းကုန်းနှစ်ခုကြားမှာ မည်းမည်းသဏ္ဌာန်ကြီးပေါ်လာတယ်ဆိုပြီး လူပြောများနေတယ်၊ အဲဒီကိစ္စကို အရင်ရှင်းကြရအောင်'





'ဟုတ်တယ်၊ ဒီရွာက သံချိုင်းရယ်၊ ဟိုဘက်ရွာက သံချိုင်းနှစ်ခုကြားမှာ ပဒိုင်းပင်တောကြီးရှိတယ် မဟုတ်လား၊ အဲဒီနှစ်ခုကြားမှာ ခဏခဏသရဲခြောက်တယ်ဆိုတဲ့ကိစ္စ စောင့်ကြည့်ကြမယ်'

'ကောင်းပါပြီ'

သူတို့နှင့် သဘောတူညီမှုရရှိပြီးနောက် ဝတ်မှုံဆီသို့သွားကာ...

'ဝတ်မှုံ... ဒီတစ်လအတောအတွင်း အစ်ကို့ဆီကို မလာခဲ့နဲ့ဦး'

'ဘာဖြစ်လို့လဲ အစ်ကို'

'အစ်ကို့မှာ အရေးကြီးတဲ့ကိစ္စရှိလို့ အစ်ကို အိမ်မှာရှိချင်မှရှိမယ်'

'ကောင်းပါပြီ အစ်ကို၊ ဝါကျွတ်ရင်သာ လူကြီးစုံရာနဲ့ လာတောင်းပါနော်'

'စိတ်ချပါ ဝတ်မှုံ၊ ဝါကျွတ်တာနဲ့ လူကြီးစုံရာနဲ့ လာတောင်းမယ်နော်'

'ဟုတ်ကဲ့ပါ အစ်ကို'

www.burmeseclassic.com



ချစ်သူဝတ်မှုံကို ချော့မော့ပြောပြီး အိမ်သို့ပြန်လာခဲ့တယ်။

သည်နောက်မှာ ညတိုင်း သင်္ချိုင်းမှာ သွားစောင့်ခဲ့တယ်။ တစ်ပတ်ကြာတဲ့တိုင်အောင် အကြောင်းမထူးဘူး။ ရှစ်ရက်မြောက် ညမှာတော့…

သူတို့ငါးဦးအဖွဲ့ဟာ သင်္ချိုင်းနှစ်ခုအကြားမှာ စောင့်ဆိုင်းနေခဲ့တယ်။

ညဉ့် ၁၀ နာရီကျော်ခန့်အချိန်မှာ…

လေတဟူးဟူးတိုက်ပြီး သစ်ပင်တွေ ယိမ်းနွဲ့နေတာဟာ တစ္ဆေတွေ ကနေတဲ့အလား ထင်ယောင်ထင်မှားခဲ့ရတယ်။

သတ္တိရှိပါတယ်ဆိုတဲ့ ယောကျ်ားကြီးတွေတောင် ပုရစ်အော်သံ၊ ခွေးအူသံတွေနဲ့ တိတ်ဆိတ်တဲ့ညမှာ တုန်လှုပ်ချောက်ချားစရာဖြစ်နေခဲ့တယ်။

သူတို့အထဲမှာ ဆရာကိုဦးက နည်းနည်းကြောက်တတ်တယ်။

ဟော… ဟော… စောင့်ကြည့်နေရင်း…

အရိပ်မည်းမည်းသဏ္ဌာန်တစ်ခုဟာ သင်္ချိုင်းဆီသို့ တရွေ့ရွေ့လာနေခဲ့တယ်။





'ဟော… ဟိုမှာ အရိပ်မည်းကြီးလာနေပြီ'

ဆရာကိုဦးက အရင်ဆုံးမြင်ပြီး အရင်ဆုံးလှမ်းပြောလိုက်တယ်။

'ရှူး… တိုးတိုး'

ဆရာကိုသက်နိုင်က သည်လိုပြောလိုက်မှ ပါးစပ်ပိတ်သွားခဲ့တယ်။

တဖြည်းဖြည်း အရိပ်မည်းကြီးနဲ့ နီးလာပြီ။

လူလား၊ တစ္ဆေလား၊ သရဲလားဆိုတာ မှောင်နေတဲ့ ညဉ့်အချိန်မို့ ခွဲခြားလို့မရသေးဘူး။

အရိပ်မည်းကြီးဟာ တစ်လှမ်းချင်းလှမ်းရင်း ပဒိုင်းတောထဲကို ဝင်လာခဲ့ပြီး သူတို့ငါးယောက်စလုံး ရင်က တထိတ်ထိတ်နဲ့ စောင့်ကြည့်နေခဲ့ကြတယ်။

အဲဒီအရိပ်မည်းကြီးဟာ ပဒိုင်းပင်နားလည်းရောက်ရော…

'ဟင်… ပဒိုင်းသီးတွေ ခူးနေသလိုပဲ'

'ဟုတ်တယ်၊ ပဒိုင်းသီးတွေကို ခူးနေတဲ့ပုံမျိုး တွေ့ရတယ်'

www.burmeseclassic.com



'သရဲက ပဒိုင်းသီးစားလို့လား'

'စားတာ မစားတာတော့ မသိဘူး၊ အနီးကပ်ကြည့်ရ ဖြစ်မယ်'

သူတို့ငါးဦးဟာ အမှောင်ရိပ်ကို အကာအကွယ်ပြုပြီး ပဒိုင်းပင်နားကို ခြေသံလုံလုံနဲ့ လာခဲ့ကြတယ်။

ပဒိုင်းပင်နားကိုရောက်တော့ အရိပ်မည်းကြီးကို သဲသဲကွဲကွဲမြင်လိုက်ရတယ်။

'ဟင်… ဒေါ်အိုစာကြီးက အဝတ်မည်းကြီးခြုံပြီး ပဒိုင်းသီးတွေ ခူးနေတာကိုး'

ဒေါ်အိုစာကြီးဟာ သရဲခြောက်တယ်လို့ သတင်းလွှင့်ပြီး ပဒိုင်းသီးတွေခူးနေတာ တွေ့လိုက်ရတယ်။ ဒီတော့ ရာအိမ်မှူးကိုလှရွှေက…

'ဆရာ… အဘွားကြီးကို ဘယ်လိုလုပ်မလဲ'

'သူမကိုဖမ်းပြီး စစ်ဆေးရမယ်'

'အိုကေ… ဒါဆို ဝမ်း၊ တူး၊ သရီး'

ပြောပြောဆိုဆို ဒေါ်အိုစာကြီးကို ဝိုင်းဖမ်းလိုက်ကြတယ်။

'ဟဲ့… ဟဲ့… ဘာကောင်တွေတုန်း'





'ငါ့ကို မဖမ်းကြနဲ့၊ လွှတ်… လွှတ်… လွှတ်…'

'ဒီမှာ ဒေါ်အိုစာကြီး၊ ကျုပ်တို့ သူကြီးအမိန့်နဲ့ လာဖမ်းတာ၊ အော်မနေနဲ့'

'သူကြီးက ဘာဖြစ်လို့ ဖမ်းတာတုန်း'

'ခင်ဗျားဟာ ဒီသင်္ချိုင်းမှာ အရိပ်မည်းကောင် သရဲရှိတယ် သတင်းလွှင့်ပြီး အနားလာတဲ့သူတွေကို ခြောက်လှန့်နေတာ၊ အခုတော့ ခင်ဗျားလုပ်မှန်း လက်တွေ့သိပြီ၊ ကဲ… ဘာငြင်းချင်သေးလဲ'

'မငြင်းတော့ပါဘူး'

'ဒီ့အပြင် အခြားအမှုတွေလည်း ရှိသေးတယ်၊ ခင်ဗျားကို သူကြီးဆီပို့ပြီး စစ်ဆေးရမယ်၊ လိုက်ခဲ့ပေတော့'

'ကောင်းပါပြီ'

သူတို့အုပ်စုဟာ ဒေါ်အိုစာကြီးကို သူကြီးဆီကို ခေါ်လာခဲ့တယ်။ သူကြီးက သူမကို လျှို့ဝှက်စွာပဲ စစ်ဆေးခဲ့တယ်။ ဒေါ်အိုစာကြီးက ခေါင်းမာစွာနဲ့ ငြင်းနေဆဲ။ ဒေါ်အိုစာကြီးကို ဖမ်းချုပ်ထားတဲ့ညမှာပဲ အင်းသူကြီးရဲ့ အင်းထဲမှာ အမွေးစုတ်ဖွားနဲ့ အကောင်ကြီးကို တွေ့တယ်လို့ သတင်းပို့သွားတယ်။

www.burmeseclassic.com



အားလုံးက ဒေါ်အိုစာကြီးရဲ့ လက်ချက်လို့ ထင်ထားပေမယ့် ဒေါ်အိုစာကြီးကို ဖမ်းချုပ်ထားတဲ့ညမှာတောင် အမွေးစုတ်ဖွားနဲ့ အကောင်ကြီးကို တွေ့ရတယ်ဆိုလို့ ဆရာကိုသက်နိုင်တို့အုပ်စု ခေါင်းခြောက်သွားခဲ့တယ်။

'ဆရာရေ… အဲဒီကိစ္စ ဘယ်လိုလုပ်မလဲ'

'အကြောင်းရှိရင် အကျိုးရှိရမယ်၊ အမွေးစုတ်ဖွားအကောင်ကြီးက ငါးတွေခိုးစားနေတယ်ဆိုတာ ရှားတော့ရှားတယ်'

'ကျွန်တော်တို့ ဒီညမှာ စောင့်ဖမ်းရင် မကောင်းဘူးလား'

'ကောင်းပါတယ် ဆရာ'

အဖွဲ့ဝင်ငါးဦးဟာ ဒီညမှာ အမွေးစုတ်ဖွားအကောင်ကြီးကို စောင့်ဖမ်းဖို့ သဘောတူခဲ့ကြတယ်။

ထုံးစံအတိုင်း သည်ညတော့ ငါးဦးအဖွဲ့သားတွေဟာ ဦးရိုးကွန့်ရဲ့ အင်းနားမှာ စောင့်ဆိုင်းနေခဲ့ကြတယ်။

ညဥ့် ၁၂ နာရီကျော်ခန့်အချိန်ထိ ပျင်းရိစွာ စောင့်စားနေခဲ့ကြတယ်။ ဆယ့်နှစ်နာရီ သံချောင်းခေါက်သံကြားပြီး ကွမ်းတစ်ရာညက်ခန့်အကြာမှာ…





ရွာစွန်ဘက်က အင်းနားမှာ အရိပ်ကြီးတစ်ခု ပေါ်လာခဲ့တယ်။

'ဟော… ဟိုမှာ ဟိုကောင်ကြီး လာနေပြီ'

'ကျွန်တော်တို့နဲ့ တော်တော်လှမ်းနေတယ်၊ အနီးအနားသွားကြည့်မှ'

'ကောင်းပြီ'

သူတို့အုပ်စုဟာ ခြေသံမကြားအောင် ဖြည်းဖြည်းသွားခဲ့ကြတယ်။

သူတို့အုပ်စုဟာ မကြာခင် ထန်းပုညီနောင်ပင်နားကို ရောက်သွားခဲ့တယ်။ ထန်းပုညီနောင်ဆိုတာ လူတစ်ရပ်လောက်မြင့်တဲ့ ထန်းပင်နှစ်ပင်ကပ်ပြီး ပေါက်နေတဲ့ နေရာပဲ။ အရိပ်ကလည်း အတော်ကောင်းတော့ သူတို့ငါးယောက်ကို အသာကလေးအကာအကွယ်ပေးနိုင်တယ်။

ထန်းပုညီနောင်နဲ့ အရိပ်မည်းကြီးတွေ့တဲ့နေရာဟာ သိပ်မဝေးဘူး။ သူတို့ သေသေချာချာကြည့်လိုက်တော့…

'ဟုတ်ပါ့ကွာ… မည်းမည်းကောင်ကြီးက အမွေးအမှင်တွေနဲ့ပါလား'

www.burmeseclassic.com



'ဟိုမှာ ငါးတွေကိုဖမ်းပြီး ကုပ်ချိုးနေတာ ဂျုတ်ဂျုတ်ဆိုတဲ့အသံတောင် ဒီကကြားရတယ်'

ထိုစဉ် ဆရာကိုဦးက…

'ဆရာရေ… ဟိုတစ်ခါက အရိပ်မည်းကြီးဟာ ခေါ်ဒီစာကြီးဖြစ်ပေမယ့် ဒီအရိပ်မည်းကြီးကတော့ အမွှေးတွေအမှင်တွေနဲ့ဆိုတော့ သရဲသဘက်ကြီးဖြစ်မယ်နဲ့တူတယ်'

ကြောက်ကြောက်လန့်လန့်နဲ့ ခပ်တိုးတိုးပြောလိုက်တယ်။

ဒီတော့ ကျွန်သုံးဦးက…

'ဆရာ… ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ'

'အဲဒီအကောင်ကြီးကို ဝင်လုံးပြီးဖမ်းရမယ်'

'အမလေးဗျာ… သဘက်ကြီးကို ဝင်လုံးရင် ကျွန်တော်တို့ကို ကိုက်စားရင် ဘယ်လိုလုပ်မလဲ'

'ခင်ဗျားတို့ကလည်း သူ့ရဲဘောကြောင်ရန်ကောသဘက်ဖြစ်ဖြစ် သရဲဖြစ်ဖြစ် လူဖြစ်ဖြစ် ဝင်ဖမ်းရမှာပဲ'

'ဆရာ လူတော့ မဖြစ်နိုင်ဘူးထင်တယ်နော်၊ အကောင်က အကြီးကြီးပဲ'

'ဘာဖြစ်ဖြစ် ဖမ်းမယ်ဗျာ၊ ကျွန်တော်က အရင်ဒိုင်ဗင်ထိုးပြီး ချုပ်ထားမယ်၊ ခင်ဗျားတို့က ခြေထောက်ကိုချုပ်ထား'





ဆရာကိုသက်နိုင်က သည့်လိုအစီအစဉ်ဆွဲတော့ ကျွန်လူများက…

'ဆရာရယ်… ကြည့်ပြောပါဦး၊ တစ္ဆေသရဲဆိုတာ ဖမ်းတာနဲ့ ပျောက်သွားမှာပေါ့၊ တွေ့တဲ့အတိုင်း သူကြီးကို ပြန်ပြောကြတာပေါ့'

'ဒီမှာ ကျုပ်က ခင်ဗျားတို့ရဲ့ ခေါင်းဆောင်မဟုတ်လား၊ ဒီတော့ ကျွန်တော် ပြောတဲ့အတိုင်းသာလုပ်ပါ'

'ကောင်းပါပြီဗျာ'

ကျွန်လေးဦးမှာ မတတ်သာ၍သာ ကိုသက်နိုင်၏ စကားကို နားထောင်ရသော်လည်း တစ္ဆေ သရဲဆိုသည်မှာ အကောင်အထည်ကို အချိန်မရွေး ကိုယ်ဖျောက်နိုင်တဲ့အတွက် မည်သို့မျှ လက်ရမဖမ်းနိုင်။ ကိုယ်ပျောက်သွားမှာပဲလို့ ယုံကြည်ခဲ့ကြတယ်။

သို့ပေမဲ့ သူကြီးဦးသာမောင်က အဖွဲ့ခေါင်းဆောင်အဖြစ် ကိုသက်နိုင်ကို တင်ထားတဲ့အတွက် ကိုသက်နိုင် ပြောသမျှကို ကြောက်ပေမယ့် နားထောင်ရပေမယ်။

အမွှေးစုတ်ဖွားနဲ့ အကောင်ကြီးကား ငါးများကို အေးအေးဆေးဆေးဖမ်းနေစဉ် ကိုသက်နိုင်က ၎င်း၏နောက်မှ အသာခြေဖွနင်းသွားပြီး…

www.burmeseclassic.com



'ဝုန်း…'

ဟူသောအသံနှင့်အတူ နောက်မှသိုင်းဖက်လိုက်ရာ သူတို့နှစ်ဦးစလုံး အင်းရေပြင်ထဲသို့ ကျသွား၏။ အင်းရေမှာ ခါးစောင်းလောက်သာရှိတဲ့အတွက် ကျန်လူများကပါ အင်းရေထဲသို့ ဒိုင်ဗင်ထိုးချပြီး အမွေးအမှင်နဲ့ အကောင်ကြီးကို ဝိုင်းဖမ်းခဲ့ကြတယ်။

ထို့နောက် ထိုအကောင်ကြီးကို ကုန်းပေါ်သို့ဆွဲတင်လိုက်တယ်။ အမွေးအမှင်တွေက ရေစိုပြီး ကပ်ကုန်တယ်။ သေသေချာချာကြည့်လိုက်တော့ အောက်ခြေမှာ လူခြေထောက်ကြီးကို တွေ့လိုက်ရတယ်။

'ဟာ… ဒီကောင် လူပဲ၊ ဝက်ဝံရုပ်က အပေါ်ရုံကို ဝတ်ထားတာပဲ'

'ဒါဆိုရင် ဘယ်သူလဲသိရအောင် ဝက်ဝံအပေါ်ရုံကို ချွတ်ကြည့်စမ်း'

ပြောပြောဆိုဆို ဝက်ဝံအရေခွံကို ချွတ်လိုက်တဲ့အခါမှာ…

'ဟာ… ဖိုးထွေးပါလား'

'ဘယ်လိုဖြစ်ရပါလိမ့်'

တာတီးတို့နဲ့ ဖားရိုက်ဖော် ဖိုးထွေးဖြစ်နေတာကို တအံ့တသြတွေ့လိုက်ရတယ်။





'ဘယ်လိုဖြစ်ရတာလဲ ကိုထွေးရယ်'

'တာတီး သေပြီးကတည်းက ဖားရိုက်မထွက်ရတော့ဘူး၊ မြွေတွေကလည်း ပေါလို့ မြွေကိုက်မှာစိုးလို့၊ ဒါပေမဲ့ စားဖို့အတွက် အခက်အခဲဖြစ်လာတယ်၊ ဒါနဲ့ ပေါက်တဲ့နဖူး မထူးတော့ပါဘူးလို့ဆိုပြီး ရွာဦးကျောင်းမှာ ဝါကျွတ်ရင် ဝက်ဝံက ကတဲ့ ဝတ်ရုံကြီးကိုခိုးပြီး တာတီးသရဲဖြစ်သွားပြီလို့ သတင်းလွှင့်ခဲ့တယ်၊ အဲဒီဝတ်ရုံကြီးကိုဝတ်ပြီး သရဲတဘက်ဟန်ဆောင်ပြီး ငါးတွေခိုးခဲ့တယ်၊ ညီကြီးတို့အဖွဲ့က သရဲဆိုရင် အလွန်ကြောက်မှန်းသိလို့ ဒီလိုလုပ်လိုက်ရတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ'

'ခွင့်လွှတ်တာ မလွှတ်တာက သူကြီးကိစ္စပဲ၊ မင်းကို သူကြီးဆီကို ပို့ရမယ်၊ အဲဒီကျတော့မှ ဆက်ပြောပေတော့'

ဆရာတို့ငါးဦးအဖွဲ့သားများဟာ ဖိုးထွေးကို သူကြီးဆီကို ခေါ်သွားခဲ့ကြတယ်၊ ဖိုးထွေးကလည်း သူ့ရဲ့အမှားကို ဝန်ခံခဲ့တယ်။

ဖိုးထွေး ဝန်ခံမှန်းသိတဲ့အခါကျမှ ဒေါ်အိုစာကြီးကလည်း သူကြီး မေးသမျှ အားလုံးဖြေခဲ့တယ်။

www.burmeseclassic.com



'ကဲ… ဒေါ်အိုစာကြီး ပဒိုင်းသီးတွေကို ဘာလုပ်ဖို့ရူးတာလဲ'

'ပဒိုင်းသီးကို အခြောက်လှန်းပြီး ထောင်းလိုက်တော့ အမှုန့်ရတယ်၊ အဲဒီအမှုန့်ကို စားလိုက်ရင် လူဆိုရင် မူးဝေသွားစေတယ်၊ ကြက်တွေ ဘဲတွေသောက်တဲ့ ရေထဲမှာထည့်တိုက်ရင် ကြက်တွေ ဘဲတွေ သေကုန်တယ်'

'ကြက်တွေ ဘဲတွေ သေတာနဲ့ ခင်ဗျား ဘယ်လိုသက်ဆိုင်သလဲ'

'ကျုပ်ကို ဘယ်သူကမှ မကျွေးကြတော့ ကျုပ်ကလည်း လိုက်ပြီး တောင်းရတာပေါ့၊ ဒါပေမဲ့ လူတွေဟာ ရိုးရိုးတောင်းရင် မပေးချင်ဘူး၊ ခြောက်လှန့်တောင်းမှ ပေးကြတယ်၊ ဒီတော့ ကျုပ်ကိုယ်ကျုပ် စုန်းမကြီးလိုလို နတ်စားမကြီးလိုလို ဟန်ဆောင်ပြီး ကြက်တွေ ဘဲတွေ တောင်းခဲ့တယ်၊ မပေးတဲ့အိမ်ကို ငါ့အကြောင်းသိမယ်ဆိုပြီး သောက်တဲ့ရေထဲမှာ အဲဒီအမှုန့်ကို ဖြူးပေးလိုက်တယ်၊ အဲဒီရေသောက်ပြီး ကြက်ဘဲတွေ သေကုန်ရော၊ ဒီတော့ ကျုပ်ရဲ့ ကျိန်စာမှန်တယ်လို့ ဖြစ်ကုန်ရော'

'ဒါနဲ့ ပုိဘက်ရွာက ဆိုင်ကယ်သမားနှစ်ယောက်ကို ကျိန်တာကရော ဘယ်လိုလဲ'





'ဒါကတော့ ကျုပ်ကိုတိုက်ပြီး မတောင်းပန်ဘဲ အရမ်းမောင်းပြေးသွားကြတယ်၊ ကျုပ်ကလည်း စိတ်ဆိုးဆိုးနဲ့ နောက်ကလိုက်တော့ သူတို့ကားလမ်းမပေါ်တက်ပြေးပြီး ကားတိုက်ခံရတာပဲ၊ အဲဒါတော့ ကျုပ် သူတို့ကို ဘာမှမလုပ်ဘူး၊ သူတို့ဘာသာသူတို့ ဖြစ်တာ၊ ကျုပ်နဲ့ မဆိုင်ဘူး'

'သူ့အမေကတော့ ခင်ဗျား ကျိန်စာတိုက်လို့ သူ့သားသေတာဆိုပြီး မကျေမနပ်ဖြစ်နေတယ်'

'အလိုတော်… ကျုပ် ကျိန်စာတိုက်တာ ခြောက်လှန့်တာပါတော်၊ ကျုပ်ပြောတိုင်းသာ ဖြစ်မယ်ဆိုရင် ကျုပ်ကိုယ်ကျုပ် သူဋ္ဌေးမကြီးဖြစ်ပါစေလို့ ပြောမှာပေါ့တော်'

ဒေါ်အိုစာကြီးကလည်း အပြစ်အားလုံး သူမဆီကို စုပုံကျရောက်မလာအောင် အတတ်နိုင်ဆုံး ပြောပြခဲ့တယ်။

'ဒါဆိုရင် တာတီးကို ကျိန်တဲ့ကိစ္စကလည်း တိုက်ဆိုင်မှုတစ်ခုဖြစ်သွားတာပါ သူကြီးရယ်'

ဆရာကိုသက်နိုင်က ဤသို့ ထပ်ဆင့်ရှင်းပြလိုက်တယ်။

'အင်းသူကြီး ဦးရိုးကွန့်ရဲ့ကိစ္စမှာလည်း ဒေါ်အိုစာကြီးကျိန်စာကို အကြောင်းပြုပြီး ကျိန်စာကြောင့်ဖြစ်သလိုပုံစံမျိုးဖြစ်အောင် ဖိုးတွေးက ကြံစည်ခဲ့တာပဲ'

www.burmeseclassic.com



'အင်း… ဆရာကိုသက်နိုင်က အတော့်ကို ဉာဏ်ထက်မြက်တဲ့ပုဂ္ဂိုလ်ပဲ၊ နို့မို့ရင် ဒေါ်အိုစာကြီးတော့ စုန်းလို့စွပ်စွဲပြီး မြို့ပြင်ထားကြတော့မှာပဲ'

ထိုသို့ပြောနေစဉ်…

ဒေါ်အိုစာကြီးက…

'သူကြီးရယ်… အားလုံးရှင်းသွားပေမယ့် ကျွန်မ ပြောစရာကျန်ပါသေးတယ်'

'ဘာပြောစရာရှိလဲ၊ ပြောပါ'

'ကျွန်မကိုယ်ကျွန်မ စုန်းလိုလို နတ်စားမလိုလို လုပ်နေရတာ အစားရချောင်ပါတယ်၊ ဟိုလူက ကြောက်ပြီးပေးလိုက်၊ ဒီလူက ကြောက်ပြီးပေးလိုက်နဲ့၊ အခုလို ဘာမှမဟုတ်ဘူးဆိုတာ သိရင် ကျွန်မကို ဘယ်သူက ပေးတော့မှာလဲ၊ ကျွန်မမှာ သားထောက်သမီးခံလည်း မရှိ၊ စားစရာလည်းမရှိဆိုတော့ ကျွန်မကိုယ်ကျွန်မ သတ်ပြီးသေရမှာလား၊ အဟီး… အဟီး…'

ဘယ်တုန်းအခါကမှ မျက်ရည်မကျ။ သူတစ်ပါးကို အော်ဟစ်ကြိမ်းဆဲနေတဲ့ ဒေါ်အိုစာကြီးတစ်ယောက် အခုမှ မျက်ရည်ပေါက်ပေါက်ကျပြီး အော်ဟစ်ငိုကြွေးနေလေရဲ့။





'ကဲ… သူကြီး၊ အဲဒီကိစ္စ ဘယ်လိုလုပ်မလဲ'

'အိမ်း… ဒေါ်အိုစာကြီး ပြောတာလည်း ဟုတ်တာပဲ၊ သူက သူ့ရဲ့ဝမ်းရေးအတွက် ခြောက်လှန့်ပြီး စားသောက်နေရတာပဲ'

'ဒီတော့ ဘယ်လိုလုပ်ကြမလဲ'

'ဒေါ်အိုစာကြီးဟာ စုန်းမကြီးအဖြစ်နဲ့ သူလုပ်ချင်လို့ လုပ်နေတာ မဟုတ်ဘူး၊ စားဝတ်နေရေးကြောင့်ပဲ၊ ဒီတော့ ဒီအဒေါ်ကြီးရဲ့ စားဝတ်နေရေးကို တစ်ရွာလုံးက တာဝန်ယူကြရင် ကောင်းမယ်'

ဆရာကိုသက်နိုင်က အချက်ကျကျစဉ်းစားပေးလိုက်ရာ သူကြီးက…

'ဆရာပြောတာ မှန်ပါတယ်၊ သက်ကြီးရွယ်အိုတစ်ယောက်ဟာ ဘယ်လောက်စားနိုင်မှာလဲ၊ ကျုပ်တစ်ခုစဉ်းစားမိတယ်၊ ဒေါ်အိုစာကြီးကို အကြောင်းပြုပြီး အသက်ကြီးတဲ့ ဘိုးဘွားတွေကို စောင့်ရှောက်ဖို့ ဘိုးဘွားရိပ်သာလေးတစ်ခု ထူထောင်ကြရင် မကောင်းဘူးလား'

'ဟာ… သူကြီးရဲ့အကြံက သိပ်ကောင်းပါတယ်'

www.burmeseclassic.com



ဒီအကြံကို အားလုံးက လက်ခုပ်တီးပြီး ထောက်ခံခဲ့ကြတယ်။ အမှန်တကယ်တော့ စားဝတ်နေရေးကြောင့် ခြောက်လှန့်စားသောက်ခဲ့ရတဲ့ ဒေါ်အိုစာကြီးရဲ့ ဘဝကို နားလည်ပြီး ဝိုင်းဝန်းစဥ်းစားပေးခဲ့ကြတယ်။

များမကြာမီမှာ…

သူကြီးရဲ့ အိမ်ခေါင်းရင်းနားက ကွက်လပ်ကြီးနားမှာ အိမ်တစ်လုံးဆောက်ပြီး ‘ဘိုးဘွားရိပ်သာ’ဆိုတဲ့ ဆိုင်းဘုတ်တပ်လိုက်တယ်။

ဘိုးဘွားရိပ်သာဖွင့်ပွဲ အခမ်းအနားမှာ…

သူကြီးဦးသာမောင်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆရာဦးသက်နိုင်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့တယ်။

ဘိုးဘွားတွေကတော့ ဒေါ်အိုစာကြီးအပါအဝင် ဒီရွာကဆင်းရဲတဲ့ ဘိုးဘွားဆယ်ဦးခန့် ရှိပါတယ်။

အခမ်းအနားမှာ…

‘ဒေါ်အိုစာကြီးကို အကြောင်းပြုပြီး အခုလို ဘိုးဘွားရိပ်သာကလေး ဖြစ်မြောက်သွားတဲ့အတွက် အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်၊ ဒီလို ရိပ်သာကလေးဖြစ်အောင် ငွေအား





လူအားနဲ့ ကူညီခဲ့တဲ့ ရွာသူရွာသားများကိုလည်း အထူးကျေးဇူးတင်ပါတယ်’

‘ဖြောင်း… ဖြောင်း… ဖြောင်း…’

သူကြီးဦးသာမောင်ရဲ့ စကားကို ရွာသူရွာသားတွေက လက်ခုပ်သြဘာပေးပြီး ထောက်ခံကြိုဆိုလိုက်ကြတယ်။

ဒီနောက်မှာတော့ ဒေါ်အိုစာကြီးက လက်နှစ်ဖက်ဖြင့် လက်စုံမိုး ရှိခိုးလျက်…

‘ကျွန်မဟာ စားဝတ်နေရေးအတွက် ရွာသူရွာသားတွေကို ခြောက်လှန့်ပြီး စုန်းမကြီးလိုလို နတ်စားမလိုလို ဟန်ဆောင်ခဲ့ပါတယ်၊ ဒီလို ဟန်ဆောင်ခဲ့လို့ ကျွန်မအပေါ်မှာ ရွာသူရွာသားများဟာ စုန်းမကြီးလို့ထင်ပြီး ရွံမုန်းကြီးဖြစ်ခဲ့ပါတယ်၊ အဲဒီလို ဟန်ဆောင်ခဲ့ရတဲ့အတွက် ရွာသူရွာသား ထမင်းရှင်များကို ရှိခိုးပြီး တောင်းပန်ပါတယ်၊ ကျွန်မ ဘယ်သူ့ကိုမှ ကျိန်စာမတိုက်တော့ပါဘူး၊ အားလုံး ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့ပါတယ်’

ဒေါ်အိုစာကြီးဟာ အမြင်မှန်ရပြီး ရင်တွင်းစကားကို မျက်ရည်များနဲ့ ပြောလိုက်ပါတယ်။

www.burmeseclassic.com



'ဖြောင်း… ဖြောင်း… ဖြောင်း…'

ဒေါ်အိုစာကြီးရဲ့စကားကို ရွာသူရွာသားများက နားလည်ခွင့်လွှတ်စွာနဲ့ လက်ခုပ်ဩဘာပေးခဲ့ကြတယ်။

အခုအချိန်ကစပြီး ရှုပ်ထွေးသမျှ ပြဿနာအားလုံး ရှင်းလင်းခဲ့ပြီ။ မငြိမ်းချမ်းခဲ့သော အင်းရဲကြီးရွာလည်း ယခုအခါအေးချမ်းခဲ့လေပြီ။ ဆရာလေးကိုသက်နိုင်နဲ့ ချစ်သူဝတ်မှုံတို့နှစ်ဦးရဲ့ ချစ်ခရီးလမ်းမှာလည်း နှစ်ကိုယ်တူချစ်သမျှ လုစ်ဟာဆိုမယ်ဆိုတဲ့ စကားအတိုင်းပဲ။ သာယာအေးချမ်းသော ပန်းတွေခင်းတဲ့လမ်းမှာ လက်တွဲမဖြုတ်စတမ်း လျှောက်လှမ်းရင်း လက်တွဲဖော်များအဖြစ် ထာဝရမြတ်နိုးနေကြမည်သာ ဖြစ်ပါတော့သတည်း။

သိုက်ဖွား